www.burmeseclassic.com

# သူရဲကောင်း

BURMESE CLASSIC

ဒဂုကျော်ရွာ

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ⸻ ၅၁၀၉၆၀၀၇၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ⸻ ၅၀၀၈၉၉၀၇၀၉

ပုံနှိပ်ခြင်း ⸻ ပထမအကြိမ်

ထုတ်ဝေသူ

ဦးစန်းမွန်အောင်
(ငါတို့စာပေ)
၇၅() ၊ ဖိုးစိန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

အဖုံးနှင့်အတွင်း ပုံနှိပ်သူ

ဒေါ်မေသက်ခိုင်(ပြည့်စုံပုံနှိပ်တိုက်)

အုပ်ရေ

၅၀၀

တန်ဖိုး ⸻ ၁၄၀၀ ကျပ်

BURMESE CLASSIC



ပထမဆုံး ကျောင်းစတက်သောနေ့မှာပင် ပြဿနာ စခဲ့ရခြင်းဖြစ်၏။

သူတို့ကျောင်းပရဝဏ်အား မြင့်စွင့်လှစွာသော တောင်ကမ်းပါးရံကြီးတစ်ခုက အုပ်မိုး၍ နေသည်။

သူရသည် အမြင့်ဆုံးနေရာကို မျှော်ကြည့်တတ်သောညဥ့်အတိုင်း တောင်ကမ်းပါးရံဆီမော့ ကြည့်လိုက်မိလေ၏။

ထိုစဉ်မှာပင် အလှမ်းကွာဝေးစွာ အလွန်မြင့်မားလှသော ကမ်းပါးရံတစ်နေရာ၌ ထွင်းထုထားသော စာတစ်ကြောင်းက သူ့မြင်ကွင်းထဲသို့ ရုံးရှုစွာဝင်ရောက်လာလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



'အင်းဝသူရဲကောင်း' ဆိုပါလား။

အတော်လေးမြင့်စွင့်လှသော နေရာတွင်ရှိနေခြင်းဖြစ်သော်လည်း ကျောက်သားစိုင်အား ထွင်းဖောက်ထားသည့် စာကြောင်းက အထင်းသား။

ချက်ခြင်းပင် သူ့ရင်ထဲ ဒေါသစိတ်များ လှိုင်းထန်လာရလေ၏။ ထိုဒေါသစိတ်ကြောင့်ပင် သူ့နှလုံးသွေးများ ပွက်ပွက်ဆူလာသည်ဟု ထင်ရသည်။ ယနေ့မှ ကျောင်းသို့ စရောက်သည့် ကျောင်းသားသစ် ဖြစ်သော်လည်း အင်းဝနှင့် ပတ်သက်သည့်အကြောင်းရပ်ကင့်လျှိုးနေသော ဒေါသကို နှိုးဆွလာသောကြောင့်လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်မိ၏။

"တောက်"

ပြင်းထန်သော တောက်ခေါက်သံကြောင့် ကျောင်းသားအချို့က လှည့်ကြည့်သည်။ မီးဝင်းဝင်းတောက်သော မျက်လုံးများဖြင့် နေရောင်ထိုးကျနေသော စာတန်းကို စိုက်ကြည့်ရင်း မေးကြောများ ထောင်နေအောင် အံကို ကြိတ်ထားမိသည်။ စိတ်ထဲမှလည်း



'အင်းဝက ဘယ်ကျွန်မသား လက်ကမြင်းပြီး ရေးထားသလဲ' ဟု ဆဲရေးလိုက်သည်။

'ငါလည်း ဟံသာဝတီသား၊ ဒါမျိုး မရကောင်းလော' ဟု တစ်ကိုယ်တည်း ရေရွတ်ကာ ခါးတောင်းကို မြှောက်အောင်ကျိုက်၍ မတ်စောက်နေသော တောင်ပေါ်သို့ တွယ်တက်လိုက်လေသည်။ ရုတ်တရက် တောင်ခါးပန်းပေါ် ပြေးတက်သွားသော သူ့ကို ကျောင်းသားများ ကြောင်ကြည့်နေကြပြီး အင်းဝသားများမှ စ၍...

"ဟော့ ဟံသာဝတီသား၊ ဘာအရူးထတာလဲ၊ သေချင်လို့လားကွ"

ဟု ထအော်ကြလေသည်။ သူ ပြန်ငုံ့မကြည့်။ တောင်ကမ်းပါးရံတစ်လျှောက် ကျားကုတ်ကျားခဲ တွယ်တက် သွားသည်။ ထို့နောက်တွင်မှ ...

"သူရ ပြန်ဆင်းခဲ့ ... ဘာလုပ်မလို့လဲ"

ဟူသော သူငယ်ချင်းဖြစ်သူ ဒီပတို့လှစု၏ အသံကို ကြားလိုက်ရသည်။ သူ ဘာတစ်ခုမှ မတုံ့ပြန်ဘဲ မတ်စောက်လှသော တောင်နံရံသို့သာ အတင်းတွယ်

www.burmeseclassic.com

www.burmeseclassic.com



တက်လေတော့၏။ တောင်မှာ မတ်စောက်ပြောင်ချော နေသောကြောင့် သေးငယ်လှသော တောင်နံရံမှ အချိုင့် အခွက်များကို နင်းကာ လက်လှမ်းမီသမျှ ကျောက်စွယ် များကို အားပြုခိုတက်လာခဲ့သည်။ သူ့မျက်နှာပေါ်သို့ နေရောင်က အရှိန်ပြင်းစွာ ဖြာကျနေသည်။ နဖူးဆံစပ်မှ စီးကျလာသော ချွေးများမှာ မျက်တောင်ဖျားတွင် ဟီးလေးခိုနေကြသည်။ သူ ခေါင်းကို ဆတ်ခနဲ ခါပစ် လိုက်သည်။ စာတန်းရှိရာသို့သာ စိတ်စောနေသော ကြောင့် တောင်အောက်မှ အော်သံ၊ ဟစ်သံများကို သတိမပြုမိ။

သူ ပခုံးစွန်းမှ ကျော်ကာ တောင်အောက်သို့ ပြန်လှည့်ကြည့်လိုက်သည်။ သူ တက်လာခဲ့သည်မှာ အတော် ခရီးပေါက်နေပြီဖြစ်သည်။ ပူပန်စိုးရိမ်နေသော ဟံသာဝတီသားများ၏ မျက်နှာများနှင့် တစ်ဖက် တောင် ခြေမှ သူ့ကို အကဲခတ်နေသော အင်းဝသားများကိုတွေ့ လိုက်ရ၏။ သူ၏ လက်မောင်းနှစ်ဖက်မှာ ပြုတ်ထွက် မတတ် နာကျင်နေကြပြီး ကုတ်တွယ်ထားရသော ခြေ



ဖျားများမှာ ကျိန်းစပ်နေပြီ ဖြစ်၏။ သို့သော် သူ ဆက် တက်ခဲ့သည်။

ဒေါသနှင့် မောပန်းမှုတို့ကြောင့် သူ့ရင်မှာ ဖားဖို ပမာ မို့မောက်လှိုင်းထန်နေသည်။ အသက်ကို ပြင်းစွာ ရှူရင်း ခါးမှာ ချိတ်လာသော ဓားမြှောင်ကို လက် တစ်ဖက်ဖြင့် စမ်းကြည့်လိုက်သည်။

ထို့နောက် လက်တစ်ပြန်အကွာမှာ ရှိသော ကျောက်စွန်းကို လှမ်း၍ဆွဲလိုက်စဉ် မော့နေသော သူ့ မျက်နှာပေါ်သို့ သဲမှုန်များမှာ ဖွာခနဲ လွင့်စင်ကျလာတော့ သည်။ သူ မျက်စိကို ဖျတ်ခနဲ ပိတ်ပစ်လိုက်ပေမယ့် များစွာ နောက်ကျသွားပြီဖြစ်သည်။ မျက်စိထဲ ခိုးလိုးခုလု ဝင်နေသော သဲများကို လက်ခုံနှင့် ပွတ်ပစ်လိုက်သည်။

"ဟော့ … ဟံသာဝတီသားသေသူရဲဘောကြောင် လှချည်လား"

"ဘာလုပ်နေလဲ၊ ဆက်တက်ပါတော့လား"

ဟူသော အင်းဝသားတို့၏ မခံချင်အောင် အော် ပြောနေသံများက တောင်နံရံတွင် ပဲ့တင်ထပ်လို့ခမန်း

www.burmeseclassic.com

www.burmeseclassic.com



ရိုက်ခတ်မြည်ဟီးလာသည်။ အံကို တင်းတင်းကြိတ်ရင်း တောင်နံရံကို ဖက်တွယ်တက်လိုက်သည်။ သူ လှမ်းဆွဲသော ကျောက်စွန်းသည် အလွန့်ချော်နေသောကြောင့် ဆွဲမရဘဲ ရှိနေသည်။

သူ မော့မကြည့်ဘဲ ကျောက်အထစ်ကို လက်ဖြင့် စမ်း၍ ရှာလိုက်သည်။ အထစ်ကြီးကြီးတစ်ခုကို သွားစမ်းမိသည်တွင် အချိန်မဆိုင်းဘဲကုတ်တက်ခဲ့သည်။ တောင်နံရံ၏ အလယ်တည့်တည့်သို့ ရောက်ချေပြီ။ မျက်နှာကို မော့လိုက်သည်နှင့် စူးရှသော နေရောင်က အညှာအတာမဲ့စွာ ထိုးကျလာသည်။ မျက်လုံးတို့ ပြာဝေသွားရ၏။

သူ့လက်ချောင်းတွေ အဆမတန် နာကျင်နေသော်လည်း နောက်တစ်ထစ်ကို လှမ်းဆွဲရန် အသင့်ဖြစ်နေသည်။ သူ မော့ကြည့်လိုက်ရာ စာတန်းထိုးထားရာ နေရာနှင့် လက်တစ်ကမ်းသာ ကွာတော့သည်ကို မြင်လိုက်ရသည်။ သူ ကျောက်စွန်းကို လှမ်းဆွဲပြီး ကုတ်တွယ်ထားသော ခြေတို့ကို နေရာရွှေ့လိုက်၏။



ထိုစဉ်မှာပင် ...

သူ့ခြေတို့သည် တောင်နံရံမှ ချိုင့်ကို မနင်းမိဘဲ လေထဲသို့ လွတ်သွားပြီး ခြေဖဝါးဆီမှ ကျင်ခနဲဖြစ်သွားသည်ကို ခံစားလိုက်ရသည်။ လွတ်နေသောခြေတို့ကို တောင်နံရံနှင့် ကပ်အောင် ကြိုးစားလိုက်၏။ သို့သော် သူ၏ ကြိုးစားမှုသည် အချည်းနှီးသာ။ အံသေနေပြီဖြစ်သော ညာလက်သည် ကျောက်စွန်းကိုမြဲအောင် ခိုတွယ်ဆုပ်ကိုင်ထားခြင်းငှာ မစွမ်းတော့။

သူ အံကိုတင်းတင်းကြိတ်ကာ မျက်စိကိုယောင်ယမ်း မှိတ်လိုက်မိသည်။ ရုတ်ချည်းပင် ရင်ထဲ အေးခနဲဖြစ်သွားပြီး တောင်အောက်မှ စိုးရိမ်ဘကြီး အော်ဟာစ်သံများကို ကြားလိုက်ရ၏။

နောက်ဆုံး ...

သူ့ခန္ဓာကိုယ် မြေပြင်နှင့် အရှိန်ပြင်းစွာ ဆောင့်မိသောကြောင့် 'ဝုန်း' ခနဲ မြည်ဟီးသွားကာ သူ့သိစိတ်သည် အမှောင်ထုတွင်းသို့ တိုးဝင်သွားတော့၏။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



သူ သတိရလာစဉ်မှာ ပထမဦးဆုံး တွေ့လိုက်ရသူက မုတ်ဆိတ်ဖြူကြီးနှင့် ဆရာရသေ့ကြီး ဖြစ်၏။ တစ်ကိုယ်လုံး နာကျင်နေသော ဝေဒနာကြောင့် လှုပ်မရဘဲ ရှိနေသော်လည်း သူ့မျက်လုံးများကတော့ ရူးရဲတောက်ပဆဲ။ ဆရာကြီး၏ ကရုဏာဒေါသဟန် လွှမ်းသော အကြည့်ကြောင့် သူ့မျက်လုံးကို တစ်ဖက်သို့ ခပ် စွေစွေလွှဲကာ မျက်လွှာချထားလိုက်သည်။

ဆရာရသေ့သည် သူ့မျက်နှာကို အေးစက်စွာ စိုက်ကြည့်ရင်းမှ အပြစ်တင်စကားကို ဖြည်းလေးစွာ တစ်ခွန်းချင်း ဆိုချေပြီ။ ဆရာရသေ့၏ ဆိုဆုံးမသော စကားများထဲတွင် …



“မိုက်မဲလှချည်လား”

ဟူသော စကားကို ထပ်ကာထပ်ကာ သုံး၏။ ဟံသာဝတီသားတို့သည် မိုက်ရူးရဲသူများမဟုတ်။ သတ္တိ သွေး နီစွေးကြသူများသာ ဖြစ်ကြသည်ကို ဆရာရသေ့ မသိလေဟု စိတ်တွင်းမှ တီးတိုးချေပမိသည်။ ဆရာ ရသေ့ကြီးသည် …

“အဌာရသ တစ်ဆယ့်ရှစ်ရပ်ကို သင်ယူမယ် ကြံကာရှိသေးတဲ့လူက ဒီလိုစွန့်စားတာ မှန် တယ်လို့ ထင်နေကြသလား၊ ဒီမယ် ငါ့ဆီမှာ ပညာလာသင်ကြတဲ့ တပည့်တွေအားလုံး ငါ့ ကျောင်းကိုရောက်ရင် အင်းဝသား၊ ဟံသာဝတီ သား မရှိဘူး၊ တစ်ကျောင်းတည်းနေ၊ တစ် ဆရာတည်း တပည့်တွေချည်းပဲ”

ဟု ကျယ်လောင်စွာ အော်ပြောလိုက်၏။ ဆရာ ကြီး၏ စကားအဆုံးတွင် အင်းဝသားများသည် သူ့ကို လှမ်း၍ ကြည့်ကြလေသည်။ မရယ်မပြုံး တည်ငြိမ် အေးစက်သော မျက်လုံးများက သူ့ထံသို့ စုပြုံရောက်ရှိ

www.burmeseclassic.com

www.burmeseclassic.com



လာသည်။ ဒဏ်ရာဒဏ်ချက်ပေါင်းများစွာနှင့် လဲလျောင်း နေရသော်လည်း သူ့ရဲ့ဒေါသ အမျက်ချောင်းချောင်းထွက်သော အကြည့်က အဆိပ်လူး မြားတစ်စင်း သဖွယ် ပစ်လွှတ်လိုက်သည်နှင့် အင်းဝသားများသည် အလိုလို မျက်နှာများ လွှဲသွားကြတော့၏။ သူ့ဒဏ်ရာများကို ဆေးထည့်ပေးပြီးသည့်အခါ ဆရာရသေ့မှာ ဘုရားခန်းထဲသို့ ဝင်သွားသည်။ ဆရာရသေ့ ထွက်သွားသည်နှင့် သူ့သူငယ်ချင်းများ သောနားသို့ တိုးဝှေ့ရောက်ရှိလာကြသည်။ သက္ကဆိုသူက သူ့အား စိုးရိမ်တကြီး လေသံနှင့် ...

"ကံကြီးပေလို့ပေါ့ သူရရယ်၊ ငါတို့က မင်းကို သေပြီထင်တာ"

ဟု ပြောလိုက်လေသည်။ တီတိဆိတ်နေသော ကျောင်းဆောင်အတွင်းဝယ် သူ့သူငယ်ချင်းများ၏ တစ်ယောက်တစ်ပေါက် သတင်းမေးသံများက ပွံ့လွှင့်နေသည်။ ထိုစဉ် အင်းဝသားများဘက်မှ ...

"ကံကောင်းလို့ မသေတာ ကိုရင်တို့ရေ၊ တော်ကြာ ပဲခူးသား လူမိုက်ကြီး၊ အဲလေ ... သူ့ရဲ့ ကောင်းကြီးအလောင်းကို သင်္ဂြိုဟ်ရဦးမှာ"



ဟူသော အသံထွက်လာသည်။ သူ ဆတ်ခနဲ ခေါင်းထောင်ကြည့်လိုက်၏။ ဒေါသဖြစ်ခြင်း၊ ရှက်ခြင်းတို့ကြောင့် သူ့မျက်နှာမှာ ရဲရဲနီနေသည်။ သူ့သူငယ်ချင်းများမှာလည်း အင်းဝသားများကို စားတော့ဝါးတော့မည့်ကဲ့သို့ စိမ်းစိမ်းစိုက်ကြည့်နေကြသည်။ ထို့အတူ အင်းဝသားများသည်လည်း သူတို့လူစုအား လှောင်ပြောင်ရိပ်စွန်းသော မျက်ဝန်းများဖြင့် မခိုးမခန့် ပြန်၍ကြည့်လေ၏။

"ခုနစကား ဘယ်သူပြောလိုက်တာလဲ"

သူ ကျယ်လောင်စွာ အော်မေးလိုက်သည်။ တစ်ယောက်မှ အသံထွက်မလာ။

"ဟော့ ... အင်းဝသားတွေ၊ မေးနေတယ်၊ မကြားဘူးလား"

"သတ္တိရှိရင် အခုထွက်ခဲ့၊ ဟံသာဝတီသား အကြောင်း ပြရသေးတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



သူရ၏ သူငယ်ချင်းများ၏ စိန်ခေါ်သံများ ထွက်လာသည်။ အင်းဝသားများဘက်မှ တစ်ယောက် မတ်တပ် ထရပ်သည်။ ထိုသူက …

"ဟေ့ကောင်တွေ၊ ဘာလုပ်ချင်သလဲ၊ ငါပြော တာကွ"

ဟုဆိုကာ ရှေ့သို့တိုးလာသည်။ သူရ သူငယ်ချင်း ဒီပသည် သူရကို ပွေ့ထားရင်းမှ အသာချကာ …

"ဟေ့ … အင်းဝသား၊ သတ္တိရှိတဲ့ ယောကျ်ား ဆို လက်ရုံးချင်း ယှဉ်မယ်၊ ဝံ့ရင် ထွက်ခဲ့"

ဟု ဆို၏။ ထိုအခါ အင်းဝသားများသည် ခွက်ထိုးခွက်လန် ရယ်မောကြပြီး …

"လူမိုက်တွေ၊ အခုထိ မိုက်ချင်တုန်းပဲ၊ တောင်နံရံပေါ် တက်တဲ့ကောင်တောင် မသေလို့ ကျန် တယ်၊ ဟား … ဟား"

အင်းဝသားများ၏ လှောင်ရယ်သံမှာ တစ်ခန်းလုံး ဟိန်းသွားသည်။

"ဒီမှာ … မှတ်ထား၊ အင်းဝသား ဝဏ္ဏဆိုတာ



တစ်ခေတ်မှာ တစ်ယောက်ပဲရှိတယ်၊ မင်းတို့လူ နောက်တစ်ခါ အဲဒီတောင်ပေါ်တက်ရင် အသက်နဲ့ကိုယ် အိုးစားကွဲလိမ့်မယ်"

"ဟုတ်တယ် … ဖားကုလို့ ခရုခုန်ရင် အိုင်ပျက်ရုံပဲ ရှိမယ်"

အင်းဝသားများ၏ စကားက သူတို့၏ ဒေါသကို ဆွနေသယောင်။ သူ ဘေးနားမှ ဒေါသထွက်နေသော သူငယ်ချင်းများကို ဆွဲထားလိုက်သည်။ ဆရာရသေ့၏ ရန်မဖြစ်ရဟူသော စည်းကမ်းကြောင့် အားလုံး ကိုယ့်ဒေါသ ကိုယ်ထိန်းပြီး နေလိုက်ပေမယ့် 'တောက်' တစ်ခေါက်ခေါက်နှင့် ဒေါသဖြစ်မဆုံး။ ယင်းအထဲတွင် အဆိုးဆုံးက သူရ။ 'အင်းဝသား ဝဏ္ဏဆိုတာ တစ်ခေတ်မှာ တစ်ယောက်ပဲရှိတယ်' ဟူသော စကားက သူ့နှလုံးသားကို စူးဖြင့်ထိုးသည့်နှယ်။ ထိုနေ့မှစ၍ သူ့ရင်ထဲမှာ ဝဏ္ဏဟူသော အမည်ကို မှတ်ထားလိုက်ပြီး တောင်နံရံမှ 'အင်းဝသူရဲကောင်း' ဟူသော စာကို မြင်ရတိုင်း သူ့အပေါ် အကြွေးတစ်ခုတင်နေသည်ဟု ခံစားလိုက်ရ

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ့အတွက်တော့ ရာဇဝင်ကြွေးတစ်ခုပင်တည်း။ ထို ရာဇဝင်ကြွေးကို တစ်နေ့သူပြန်ဆပ်မည်ဟု ဆုံးဖြတ်လိုက်သည်။

မခိုးမခန့် မျက်နှာပေးများဖြင့် ကြည့်ကာ အသံတိတ် လှောင်ပြောင်နေသော အင်းဝသားများ၏ ရုပ်သွင်ကို မြင်ရတိုင်း သူ့ရင်ထဲမှ ဒေါသသည် ထိပ်ပုတ်ခံရသော မြွေဟောက်ပမာ ခေါင်းထောင်လာမြဲဖြစ်၏။

အင်းဝသားများသည် သူ့ရှေ့သို့ ရောက်လျှင် အင်းဝသားဝဏ္ဏအကြောင်းကို ဒဏ္ဍာရီသူရဲကောင်း တစ်ဦးသဖွယ် အမွှမ်းတင်၍ ပြောတတ်သည်။ သူ့ရ၏ စိတ်တွင် 'သင်းတို့ အင်းဝသား ဘယ်လောက်စွမ်းသလဲ တွေ့ချင်စမ်းပါဘိ' ဟု ကြုံးဝါးနေမိသည်။

ဝဏ္ဏသည် သူတို့ထက် တစ်နှစ်ဦးစွာ ဤကျောင်းမှာ ပညာသင်သွားသူဖြစ်ကြောင်း၊ ဆရာရသေ့၏ နှုတ်မှ ဥပမာပေး စံပြထားရသူ ကျောင်းသားတစ်ယောက်ဖြစ်ကြောင်း တစ်စွန်းတစ်စ သိခဲ့ရသည်။

ဆရာရသေ့သည် တိုက်ရေးခိုက်ရေးပညာများ



ကြားသောအခါ သူ့ရ၏ လျှင်မြန်ဖျတ်လတ်ပုံ၊ ဓား လှံရေး ထက်မြက်ပုံကို မြင်လျှင် ဝဏ္ဏလိုဝါပဲလား ကြာခဏ ချီးမွမ်းသလို ရေရွတ်တတ်သည့်အခါ သည်းတွင် ဆတ်ဆတ်ခါ နာကျင်မိသည်။ သူ့စိတ် တွင် ဝဏ္ဏနှင့် အနိုင်းခံရခြင်းကို အင်မတန် ခံပြင်း ယ့် ဆရာရသေ့အား ပြန်မပြောသာ။

ဝဏ္ဏဆိုတာ အင်းဝသား၊ သူက ဟံသာဝတီ သား။ စစ်မက်ဖြစ်နေတဲ့ နှစ်နိုင်ငံကြားမှာ သင်းနှင့်ငါ ချင်းယှဉ်ခုတ်ဖြစ်ခဲ့ရင်ဟု တွေးကာ စိတ်ရှုပ်ရှားခဲ့မိ သည်။ ဝဏ္ဏသည် ယခုအချိန်တွင် ဘုရင့်တပ်တော်၌ အမှုထမ်းနေလောက်ပြီ။ သူလည်း ပညာစုံလျှင် ဟံသာ ဝတီ ရွှေနန်းရှင်ထံ၌ အမှုထမ်းမည်ဟု ရည်ရွယ်ပြီးသား ဖြစ်၏။

'တွေ့ကြသေးတာပေါ့ ဝဏ္ဏရယ်'

ဟု စိတ်ထဲမှ ကြုံးဝါးလိုက်မိသည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



တစ်ခန်းလုံး အပ်ကျသံပင် ကြားနိုင်လောက်အောင် တိတ်ဆိတ်မှုက ကြီးစိုးနေသည်။ မြောက်မြားစွာသော တပည့်တို့သည် ဆရာရသေ့၏ ရှေ့တွင် ပုဆစ်တုတ်လျက် ငြိမ်သက်နေကြ၏။ ဆရာရသေ့ကြီး၏ တည်ငြိမ် ခန့်ညားသော အသံကသာ တစ်ခန်းလုံးကို လွှမ်းခြုံ ဖြန့်ကျက်ထား၏။

ယနေ့သည် ဆရာရသေ့၏နှစ်ပြည်ထောင်ကြားကျောင်းသခ်န်းလေးကို ခွဲခွာရတော့မည့်နေ့ ဖြစ်သည်။ ဆရာကြီး၏ ဆုံးမဩဝါဒစကားများကို ပျပ်ဝပ်ရိုကျိုးစွာ နာခံနေသည့် တပည့်များ။ တစ်ယောက်မှ တုတ်တုတ်မလှုပ်။ သူရ၏ရင်ထဲတွင်သာ တဒိတ်ဒိတ် ခုန်နေသည်။



ဘယ်ဘက်ရင်အုံဆီသို့ပင် ယောင်ယမ်းကာ ဖိလိုက်မိ၏။ တလှပ်လှပ်ခုန်နေသော ရင်တွင်း၌ ရာဇဝင်ကြွေးဆပ်ရမည်ဟူသော ကြုံးဝါးသံက လှိုင်းထန်နေသည်။

အားလုံး ဆရာကြီးကို ရှိသေစွာ ကန်တော့ကြပြီး မိမိတိုင်းပြည်သို့ ပြန်ကြရန် အားလုံးပြင်ဆင်နေပြီဖြစ်၏။

အမှတ်မထင် ဘယ်သူမှ မတားမြစ်လိုက်နိုင်သော အချိန်မှာပင် …

သူ ကျောင်းရှေ့ရှိ ကျောက်တောင်ကြီးဆီသို့ ပြေးထွက်ခဲ့သည်။ ကျောက်တောင်နံရံမှ အင်းဝသူရဲကောင်းဟူသော စာကြောင်းကြီးက သူ့ကို ဆီးကြိုနေသည်။ ကျောက်တောင်ပေါ်သို့ သူ့အရှိန်ဖြင့် ပြေးတက်၏။ ယခင်တက်သလို စမ်းတဝါးဝါး တရွေ့ရွေ့ မဟုတ်တော့။ နံရံမှာ တောက်ဖဲ့တစ်ကောင်လို မြဲမြံစွာ ကုပ်တွယ်ရင်း ကြောင်တစ်ကောင်၏ ပေါ့ပါးခြင်းမျိုးဖြင့်သူ တက်လာခဲ့သည်။

သူ လမ်းခုလပ်အရောက်မှာ တောင်အောက်သို့ ငုံ့ကြည့်လိုက်သည်။ အင်းဝသားတို့၏ လှောင်ပြောင်ရယ်

www.burmeseclassic.com

www.burmeseclassic.com



မောသံများ၊ ဟံသာဝတီသားတို့၏ မျက်နှာမှာတော့ စိုးရိမ်ပူပန်မှုများကြောင့်သွေးဆုတ်ဖြူလျော်နေကြသည်။ ထိုအုပ်စုနှစ်စု၏ အလယ်တွင် ဆရာရသေ့ကြီးကို တွေ့လိုက်ရသည်။ သူ အံ့သြသွား၏။ ဆရာကြီးသည် သစ်ကနက်သား တောင်ဝှေးကြီးကို ကိုင်ရင်း သူ့အား တည်ငြိမ်စွာ၊ ပြီးတော့ အံ့သြစွာ စိုက်ကြည့်နေချေ၏။

သူ အသက်ကို ဝအောင်ရှူရင်း ဆက်တက်ခဲ့သည်။ ကျောက်ခွန်း၊ ကျောက်စွယ်များကိုလည်း လက်ဖြင့် အမိအရ ဆုပ်ကိုင်ကုပ်တွယ်ရင်း တက်ခဲ့သည်မှာ အတော်မြင့်သော နေရာသို့ ရောက်လာပြီဖြစ်၏။ တောင်အောက်မှ စိုးရိမ်ပူပန်စွာ အော်ဟစ်သံများ၊ လှောင်ပြောင်ရယ်မောသံများ တစ်စတစ်စ တိုးသွားသည်။ အေးမြသော လေပြေက သူ့မျက်နှာကို လာရောက်ရိုက်ခတ်ဂသည်။

မောပန်းနေသည့်ကြားမှ အပေါ်သို့ အားယူမော့ကြည့်မိလေလျှင် သူ အလွန်ရှုမှန်းစက်ဆုပ်သော အင်းဝသူရဲကောင်းဟူသည့် စာတန်းကို သူ့နဖူးကျော်ကျော်နေရာလောက်မှာ မြင်လိုက်ရသည်။ သူ့ အားတက်သွား



ပြီး အတင်းကုပ်တွယ်တက်ရင်းပင် အင်းဝသူရဲကောင်းဟူသော စာတန်းထိုး ကျောက်ချိုင့်များအတွင်းသို့ သူ့ခြေထောက် နင်းမိပြီးသား ဖြစ်သွားသည်။

တောင်အောက်မှ - ဟံသာဝတီသားများ၏ 'ဟေး' ခနဲ အော်လိုက်သံကို ကြားလိုက်ရသည်။ သို့သော် သူ ထိုနေရာမှ ဆက်တက်ခဲ့သည်။

"သူရတဲ့ဟေ့"

"ဟံသာဝတီသား သူရကွ"

ဟူသော ညာသံများက သူ့ရင်ထဲသို့ စိမ့်ဝင်ပျံ့နှံ့သွားသည်။ အင်းဝသားများမှ တိတ်ဆိတ်ငြိမ်သက်စွာ ရှိနေချေ၏။ ယခင်စာကြောင်းထက် ဝါးတစ်ပြန်ကျော်အောင် တက်ပြီးသည်နှင့် ခါးကြားမှ ဓားမြှောင်ကို ဆွဲထုတ်လိုက်သည်။ နေရောင်တွင် ဓားသွားသည် လက်ခနဲ ဖြာသွားသည်။

ကျောက်သားစိုင်ကလေးများ တစ်ဖွဲ့စီ တစ်ပိုင်းစီ ပွဲကျသွားကြလေ၏။ သူ၏ အချိန်များစွာ အောင်းသိုထားခဲ့သောဒေါသစိတ်များအားတစ်ချက်ချင်းဖွဲ့ချွေပေးသည့်နှယ်။

www.burmeseclassic.com

www.burmeseclassic.com



တောင်နံ့ရံထက်၌ စာလုံးကလေးများ တစ်လုံး ပြီးတစ်လုံး ပေါ်ပေါက်လာကြလေ၏။ စာတစ်လုံးထွင်း ပြီးလေတိုင်း သူ့မာန်မာနကို တစ်ဆင့်ဆီမြှင့်တင်ပေး သွားသလိုခံစားရ၏။

အချိန်ခဏငယ်အတွင်းမှာပင် …

"ဟံသာဝတီ သူရဲကောင်း"

ဟူသော စာတမ်းအား ကျောက်သားနံရံပေါ် သူထွင်းနိုင်ခဲ့လေပြီ။ လေးနက် ခိုင်ကျည်စွာ။

"ဟေး …"

ဟူသော ဟံသာဝတီသားများ၏ အသံများမှာ စာတမ်းအပြည့်အစုံ ထွင်းအပြီးမှာပင် တောင်နံရံသို့ အရှိန်ပြင်းစွာ လာရောက် ရိုက်ခတ်လေသည်။

"ဟံသာဝတီ သူရဲကောင်းတဲ့ဟေ့"

ဟူသော အသံများ တစ်ခဲနက် ထွက်ပေါ်လာ ပြီး မရှေးမနှောင်းမှာပင် သူ့ရှေ့ တောင်အောက်သို့ ပြန် ရောက်လာသည်။ အောက်သို့ ရောက်သည်နှင့် ဆရာ ရသေ့၏ ခြေအစုံသို့ နဖူးဖြင့် တိုက်၍ ရှိခိုးလိုက်သည်။



ဆံရာရသေ့သည် သူ့ခေါင်းအား ညင်သာစွာ ပုတ်၍ ကျောင်းသခ်မ်းထဲသို့ ဝင်ရောက်ပျောက်ကွယ် သွား၏။ သူ ထိုင်နေရာမှ ဆတ်ခနဲထကာ အင်းဝသား များဘက်သို့ လှည့်ကြည့်လိုက်သည်။ စူးရှတောက်ပြောင် သော မျက်ဝန်းများက မီးအလျှံများ တရှိန်ရှိန် ထွက်နေ သည့်အလား …။

ပါးလျားသော နှုတ်ခမ်းနှစ်လွှာကို တင်းတင်း စေ့ရင်း ရှည်မျောသော မျက်ဝန်းအိမ်ကို တမင်မှေးစင်း ကာ မေးကိုပင့်ချိုပြီး ကြည့်ပစ်လိုက်သည်။ သူ၏ တုတ် ခိုင်သန်မာပြီး အကြောပြိုင်းပြိုင်းထနေသော လက်များ ကိုလည်း ခက်ထန်စွာ ခါးပေါ်တွင် ထောက်တင် ထား သေး၏။

သူ့ရှေ့၏အသွင်က ဟံသာဝတီသားသူရဲကောင်း ဆိုတာ ဘယ်လိုလဲ မှတ်ကြပေရော့ဟု အင်းဝသားတို့ အား အမျက်စောင်မာန်ကြီးစွာ ပြသလိုက်သည့်နှယ်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



ဝဏ္ဏာတစ်ယောက် မျက်မှောင်ကျုံ့ပြီး အိန္ဒြေပြောသမျှ စကားများကို တိတ်ဆိတ်စွာ နားထောင်နေသည်။ တစ်ခွန်းမှ ဝင်မေးခြင်း၊ စကားထောက်ခြင်း မရှိ။ သို့သော် နားထောင်နေရင်းပင် သူ့ မျက်နှာက တဖြည်းဖြည်း ဏင်းမာခက်ထန်လာကာ အံကို တင်းတင်းကြိတ်လိုက်သည်အား အိန္ဒြေ တွေ့လိုက်ရ၏။

"ငအိန္ဒြေ"

ဝဏ္ဏာ၏ ခေါ်လိုက်သံကြောင့် အိန္ဒြေ ခန္ဓာကိုယ်မှာ ဆတ်ခနဲ တုန်သွားသည်။ ပြီးမှ ကြောက်ရွံ့တုန်လှုပ်စွာ မော့ကြည့်လိုက်၏။ ဝဏ္ဏာသည် အင်းဝဘုရင်၏



ကိုယ်ရံတော်တပ်တွင် အိန္ဒြေလို ရဲမက်လေးဘဝမှ နေ့ချင်းညချင်း သွေးသောက်ကြီးဖြစ်လာရသူ။ ဝဏ္ဏာ၏ ရဲစွမ်းသတ္တိမှာ မခေ။ သတ္တိကောင်းသလို ဓားရေးထက်သည်ကို တစ်နန်းတော်လုံး အသိ။

ဝဏ္ဏာသည် သူ့အား ခေါ်၍ အချိန်အတန်ကြာ စကားမဆိုဘဲ ခါးထောက်ရင်းမှပင် ရှေ့မှ ငှက်ပျောပင်ကို စူးစိုက်ကြည့်နေသည်။ အိန္ဒြေ အသက်ပင် မရှူဝံ့။ သူ စကားမှားသွားပြီလားဟု ပြန်စဉ်းစားလိုက်သည်။ အိန္ဒြေသည် အလွန်စပ်စပ်စုစုနိုင်သော ရဲမက်ဖြစ်၏။ ယခုလည်း ဆရာရသေ့ကြီး၏ ကျောင်းမှထွက်ပြီး မကြာမီ ဘုရင့်တပ်အမှုထမ်း ဖြစ်လာခဲ့စဉ် ဝဏ္ဏာနှင့်တွေ့သည်၌ ဟံသာဝတီသား သူရအကြောင်းကို အားပါးတရ ဖောက်သည်ချမိခြင်းဖြစ်၏။

"အဲဒီကောင် နာမည်ဘယ်သူ"

ဝဏ္ဏာထံမှ အသံထွက်လာသည်။ အလျင်အမြန်ပင် ဖြေလိုက်သည်။

"သူ ... သူရ ပါတဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဝဏ္ဏ မျက်နှာမှာ အရိပ်တချို့ဖြတ်ပြေးသွားတာ မြင်လိုက်ရသည်။ ယောကျ်ားပီသ၍ ချောမောပြေပြစ်သော ဝဏ္ဏ၏မျက်နှာသည် ပြုံးလိုက်လျှင် အလွန်ကြည့်ကောင်းသည်။ ယခု ဝဏ္ဏပြုံးချေပြီ။ သို့သော် နှစ်လိုဖွယ် သိင်္ဂါရအပြုံး မဟုတ်။ ကြောက်မက်ဖွယ်ကောင်းသော ဘယာနကအပြုံး။

ဝဏ္ဏသည် ဒေါသထွက်သည့်အခါ အခြားလူများကဲ့သို့ အသက်ရှူ မြန်ခြင်း၊ စိတ်လှုပ်ရှား တုန်ယင်ခြင်းမျိုး မရှိ။ နားလည်ရခက်သော အပြုံးမျိုးဖြင့်သာပြုံးလေ့ရှိသည်။ ဤအပြုံးကို ရက်စက်သော၊ သွေးဆာနေသော အပြုံးဟု အိန္ဒြေထင်သည်။

"နာမည်ကတော့ သတ္တိရှိတဲ့လူဆိုပဲ အိန္ဒြေရဲ့
သင်း ဘယ်လောက်သတ္တိကောင်းသလဲ ကျုပ်
သိချင်စမ်းလှတယ်"

ဟု ပြောကာ ဝဏ္ဏသည် ဓားအိမ်ထဲမှ ဓားကို ရှမ်းခနဲမြည်အောင် ဆွဲထုတ်လိုက်သည်။ ဓားသွား၏ အရောင်သည် နေရောင်ခြည်အောက်တွင် ပြိုးပြိုးပြက်



ပြက် လင်းသွားသည်။ အိန္ဒြေရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။

ဝဏ္ဏ၏ ဓားကိုင်သောလက်သည် ရုတ်တရက် ညာဘက်သို့ ဆတ်ခနဲ လွှဲသွားပြီး ရှေ့မှ ငှက်ပျောပင်ကို ပိုင်းပစ်လိုက်၏။ ပြီးနောက် ဓားကို ဓားအိမ်ထဲသို့ လျှင်မြန်စွာ ထိုးထည့်လိုက်ပြီး နေရာမှ ရုတ်ခနဲ ထထွက်သွားတော့၏။

လျှပ်ပြက်သလို လျင်မြန်စွာ လှုပ်ရှားသွားသောကြောင့် ရှေ့မှ ငှက်ပျောပင်ကို ခုတ်မိသည်၊ မခုတ်မိသည်ကိုပင် အိန္ဒြေ မမြင်လိုက်ရ။ ငှက်ပျောပင်ကတော့ နဂိုအတိုင်း ပုံမပျက်။ အိန္ဒြေ နေရာမှာပင် ရပ်ရင်း ငှက်ပျောပင်ကို အသေအချာ စိုက်ကြည့်နေမိ၏။ ဝဏ္ဏ ဓားနဲ့ လွှဲခုတ်လိုက်ပါရက်နှင့် ငှက်ပျောပင်မှာ သည်အတိုင်း ကျန်ခဲ့ခြင်းကို မယုံနိုင်ဖြစ်နေ၏။

သူ ငှက်ပျောပင်ကို လက်ဖြင့် တွန်းကြည့်လိုက်မိသည်။ သူ အလွန်အံ့သြသွားရ၏။ သူ့ရှေ့မှ ငှက်ပျောပင်မှာ ခါးလယ်မှ တိတိရိရိ ပြတ်နေပြီး ပင်စည်မှာပင်

www.burmeseclassic.com

www.burmeseclassic.com



ငုံမျှော်တက် တင်ကျန်ခဲ့ခြင်း ဖြစ်သည်။

အိန္ဒြမှာ ယောင်ယောင်ကမ်းကမ်းဖြင့် ဝဏ္ဏာ ထွက်သွားရာဆီ လှမ်းမျှော်ကြည့်လိုက်သည်။ ဝဏ္ဏာ၏ အရိပ်အယောင်ကိုပင် မမြင်ရတော့ချေ။

◆ ◆ ◆



သူရသည် လက်အုပ်ချီကာ နောက်သို့ ခြေလှမ်း သုံးလှမ်းခန့် ဆုတ်လိုက်ပြီး ဟံသာဝတီဘုရင်ရှေ့မှောက်မှ ထွက်ခွာလာခဲ့သည်။ သူ့နောက်မှ ကပ်ပါလာသော ခြေသံတစ်ရှပ်ရှပ်ကို ကြားလိုက်ရ၏။ ခြေသံအပြင် ဝတ်ရုံတစ်ခု၏ လှုပ်ယမ်းလာသံ၊ ကြမ်းပြင်နှင့် ထိသံတို့ ကြားလိုက်ရသောကြောင့် နောက်သို့ လှည့်ကြည့်လိုက်သည်။

"သွေးသောက်ကြီး"

သူ လှည့်ကြည့်စဉ်မှာပင် သူ့အား လှမ်းခေါ်လိုက်သည့် စစ်သူကြီး ဟိန္ဒကကို တွေ့လိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



စစ်သူကြီး ဟိန္ဒကသည် သူ၏ ရှည်လျားလှသော နှုတ်ခမ်းမွေးနှစ်စကို ကော့ညွှတ်သွားသည်အထိ ပြုံးပြီး သူ့ထံသို့ လျှောက်လာလေ၏။ စိမ်းပြာရောင် ဝတ်ရုံကြီးမှာ လေတွင် တလွင့်လွင့်။ စစ်သူကြီး၏ ဟန်မှာ မာန်ပါလှသည်။

"အရင်လို သေူရပဲ ခေါ်ပါ တပ်မင်းရယ်"

ဟု သူ ပြောလိုက်သောအခါ စစ်သူကြီး ဟိန္ဒကသည် သူ့ပခုံးကို ညာလက်ဖြင့် ပုတ်၍ ခေါင်းကို တဆတ်ဆတ် ညိတ်ကာ …

"လူတစ်ယောက်ဟာ ထိုက်သင့်လျောက်ပတ်တဲ့ ကြိုးစားမှုရှိလို့သာ ချီးမြှင့်မြှောက်စားခြင်းကို ခံရတာပဲ၊ လျော်ညီတဲ့ ဂုဏ်ပုဒ်ကိုခေါ်ဝေါ်သုံးစွဲရမှာပေါ့ ကိုရင်ရဲ့"

ဟု ဆိုလေသည်။ ထို့နောက် စစ်သူကြီး၏ မျက်နှာသည် တမုဟုတ်ချင်း ရီဝေမှိုင်းညို့သွားကာ …

"အင်း … ကိုရင်တို့က အရွယ်ကောင်းပေကိုး၊ ကျုပ်တို့ကတော့ အရွယ်နှောင်းပါပြီလေ"



ဟု ဆွေးဆွေးမြေ့မြေ့ ပြောလေသည်။

စစ်သူကြီး ဟိန္ဒက၏ မျက်ဝန်းဆီသို့ သူအတန်ကြာငေးမောနေမိသည်။ တစ်ချိန်က စစ်သူကြီးဟိန္ဒကသည် သူ့လိုပင် ရဲစွမ်းသတ္တိရှိသည့် ရဲမက်ကလေး။ အဲဒီကတစ်ဆင့် တပ်မှူး၊ အဆင့်ဆင့်မှ နောက်ဆုံး စစ်သူကြီး ဖြစ်လာရသူ။ သို့သော် သူ၏အတွေးထဲတွင် တစ်ချိန်က သူ စွန့်စားတိုက်ခိုက်ခဲ့သော တိုက်ပွဲများကို ပြန်စဉ်းစားဟန်မတူ။ သူ့ဘဝ၏ ကုန်ခဲ့သော အချိန်များကို တ,သခြင်းမရှိဘဲ ရောက်လာမည့်ဇရာကိုသာ ကြိုတင်တွေးတောနေဟန် ရှိသည်။

သူ့ခါးမှာ ချိတ်ထားသော လက်သုံးတော်ဓားက ကျောက်မျက်များစီခြယ်ထားကာ အနီရောင် ပိုးကြိုးရှည်များကြား ဝင့်ကြွားစွာ၊ ယနေ့မှ ရွှေနန်းရှင် ချီးမြှင့်သောဓားအသစ် ဖြစ်၏။ စစ်သူကြီးခါးမှ ဓားမှာတော့ လွန်ခဲ့သော နှစ်ပေါင်း များစွာကတည်းက အသုံးပြုလာခဲ့သော ဓားဖြစ်သည်။ ညိုမှောင်သော ပိုးကြိုးစများနှင့် ဤဓားသည် ရန်သူ့သွေးများဝနေပြီး ဖြစ်ပေမည်။

www.burmeseclassic.com

www.burmeseclassic.com



ဟံသာဝတီရွှေနန်းတော်၏ လှေကားထစ်များကို သူတို့နှစ်ဦး တစ်ထစ်ချင်း နင်းကျော်ကာ ဆင်းခဲ့ကြသည်။ စစ်သူကြီးသည် သူ့အား နှုတ်ဆက်ကာ အိမ်ဂေဟာဆီသို့ ထွက်ခွာသွားတော့၏။

သူ အိမ်သို့ရောက်သည့်အခါ တစ်အိမ်လုံးတိတ်ဆိတ်နေသည်။ သူ့ရတွင် အဘရော၊ အမိပါ မရှိတော့။ အစ်မတစ်ယောက်သာ ရှိသည်။ အစ်မမှာ ငယ်စဉ်ကပင် ကျန်းမာရေး မကောင်းသောကြောင့် မှုးမတ်သွေး ဖြစ်ပါရက်နှင့် နန်းတော်တွင်း မခစားရရှာချေ။ တစ်နေ့လုံး အိမ်တွင်းပုန်းကာ အိမ်မှုကိစ္စလုပ်ရင်း ဘုရားတရားအလုပ်၌သာ မွေ့လျော်ပျော်ပိုက်နေသူ ဖြစ်သည်။

"ဟော အမောင်ငယ် ပြန်လာပြီကိုး"

ဟူသောအသံနှင့်အတူ အခန်းဝမှ ကတ္တီပါခန်းစီးလေး လှပ်ကာ ထွက်လာသော အစ်မကို တွေ့လိုက်ရသည်။

"အစ်မ နေကောင်းရဲ့နော်"

ဟု သူ နှုတ်ဆက်လိုက်သည်နှင့် -



"ကောင်းပါရဲ့ရှင်၊ သွေးသောက်ကြီးရော ကျန်းခံ့သာလို့ မာပါစ"

ဟု ပြုံးရွှင်စွာ ပြန်ဖြေသည့်အခါ သူ အလွန်နှဲ့သြသွားရသည်။

"အစ်မက ကျုပ် ရာထူးတိုးတာ သိနေတယ်ထင်ရဲ့၊ ကျုပ် ဘယ်သူ့မှလည်း အမှာ မပါးရပါလားဗျာ"

ဟု ဆိုလိုက်သောအခါ အစ်မသည် လက်ထဲမှ ဒိုးသာပုတီးကို လက်တွင် သုံးလေးပတ်ရစ်လိုက်ပြီး...

"သိတာပေါ့တော်၊ ဒီလောက်တောင် အမောင်ငယ့်သတင်းက မြို့တွင်းမြို့ပြင် ညံနေတာ"

ဟု ပြန်ပြောလေသည်။ သူ အစ်မရှေ့တွင် ကလေးငယ်တစ်ယောက်လို ရှက်ရွံ့စွာ ပြုံးလိုက်ရင်း...

"ဘယ်လိုသတင်းတွေ ကြားနေရလို့တုန်း အစ်မရဲ့"

ဟု သူ မေးလိုက်၏။ ထိုအခါ အစ်မ၏မျက်နှာသည် ပြုံးရွှင်နေရာမှ နေထိပန်းလို နွမ်းနယ်သွားပြီး

www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းကို ဖြည်းဖြည်းချသည်။

"အမောင်ငယ်က ဘုရင့်တပ်မှာ သတ္တိကောင်းသတဲ့လေ၊ စားရေးအတာတ်မှာလည်းစစ်ကဲကြီးကတောင် သူ့ထက်သာတယ်လို့ ချီးမွမ်းယူရတယ်တဲ့"

ဟု ဆို၏။

"အဲဒါများ အစ်မရယ်၊ ကျုပ်အတွက်ဂုဏ်မယူဘူးလား၊ ဝမ်းမသာဘူးလား အစ်မရဲ့၊ အခုဆိုမြောက်ဘက်အခြမ်းက တောပုန်းတွေကို ကျုပ်တို့တပ်က သွားပြီး နှိမ်နင်းခဲ့ရတာ၊ တောပုန်းခေါင်းဆောင်ကို ကျုပ်ကိုယ်တိုင် ..."

"အို ... တော်ပါတော့ အမောင်ငယ်၊အမောင်ငယ်ရဲ့ သတ်ရေး ဖြတ်ရေးအကြောင်းတွေ အစ်မ မကြားပါရစေနဲ့"

ဟု ဆိုကာ အစ်မသည် သူ၏ နားနှစ်ဖက်ကို ပင် လက်ဖြင့် အုပ်ကာ ထားလိုက်၏။

"အစ်မရယ် ... ကျုပ်က ဘုရင့်တပ်တော်က



စစ်မှုထမ်းလေ၊ ဒါ ကျုပ်လုပ်ရမယ့် အလုပ်ပဲ ဟာကို၊ အဲဒီလိုမှ ရှုပ်ရှုပ်ချုံချုံ တိုက်မှ သတ်မှ ရွှေနန်းတော်မှာ ဝင်ဆံ့တော့မပေါ့"

ဟု ဆိုသောအခါ အစ်မသည် မျက်နှာငယ်ငယ်လေးနှင့်ပင် ခေါင်းကို သွက်သွက်ခါလေသည်။ သူ့အားမလို အားမရ ဖြစ်သွားသည်။

"ဧော် ... ခက်ချေပြီ အစ်မရယ်၊ ကျုပ်အတွက် ဂုဏ်ယူစမ်းပါ"

ဟု ပြောလိုက်သောအခါ အစ်မသည် ထိတ်လန့်စွာ သူ့အား မော့ကြည့်လာ၍ ...

"ပါဏာတိပါတာကံ ကျူးလွန်နေတာကို အစ်မက ဂုဏ်ယူရမှာလား အမောင်ငယ်"

တဲ့။ အစ်မစကားကြောင့် သူ၏ အပျော်စိတ်များပင် ဘယ်ဆီ လွင့်ပြေးကုန်သည်မသိ။ နန်းတွင်းမှာ အစ်မ ခစားဖူးတာမှ မဟုတ်ပေဘဲဟု ဖြေတွေးရသည်။ နန်းတွင်းသူ အပျိုတော်များဆိုလျှင် သူတို့နှင့် ရည်ငံနေသော ရဲမက်များ၏ အောင်မြင်မှုကို အပျိုတော်အချင်း

www.burmeseclassic.com

www.burmeseclassic.com



ချင်း ဂုဏ်တုဂုဏ်ပြိုင် ကြွားတတ်သည်ဆိုပဲ။ အစ်မ
တော့ တရားသမားကြီးဆိုတော့ စစ်ရိပ်စစ်ငွေ့ကို ရွံ့မုန်း
ပေမပေါ့။

သူ အစ်မနှင့် တုပြိုင်မပြောတော့။ ခါးမှာချိ
ဆွဲထားသော ဓားအိမ်နှင့် ဓားကို ဖြုတ်ယူလိုက်ပြီး
ခန်းဆောင်၏ နံရံမှာ ချိတ်လိုက်သည်။

ဓားအိမ်ပေါ်မှာ ပန်းကနုတ်များနှင့် ရွှေစာလုံး
များကိုမှု သေချာကြည့်လိုက်သည်။ ဓားအိမ်မှာ ရေးထ
တာ ဟံသာဝတီသူရဲကောင်းတဲ့။ သူ့ နှုတ်ခမ်း
ကောညွတ်သွားသည်။ အတိတ်ကို ပြန်မြင်ယောင်သွ
မိသည်။ ကျောင်းရှေ့ တောင်နံရံမှ ကျောက်တွင်းစာ
ကို မြင်ယောင်လိုက်မိသောအခါ သူ့မျက်နှာမှာ အပြ
ရိပ်တို့ ယှက်ဖြာသွားတော့သည်။

◆ ◆ ◆



"တိုက် ..."

စစ်ပွဲကား စချေပြီ။ စစ်ကဲကြီး ဟိန္ဒကာ၏ အသံနက်ကြီး ပေါ်လာပြီးသည်နှင့် တစ်ပြိုင်နက် အော်ဟစ် မာန်သွင်းသံများ၊ မြင်းခွာသံများဖြင့် ဟံသာဝတီ နှင့် အင်းဝကြားကွင်းပြင်သည် ရုတ်ချည်း ငရဲပွက်သလို ဆူညံသွား၏။

ကဆုန်စိုင်း၍ ပြေးလွှားသွားသော မြင်းခွာများ အောက်တွင် ဖုန်များ တထောင်းထောင်း ထကျန်ခဲ့သည်။ နှစ်ဖက်စလုံးရှိ ရဲမက်စစ်သည်များ၏ အော်ဟစ်သံ၊ ကြုံးဝါးသံ၊ ဗူးဗူးရှရှ အော်ဟစ်ညည်းညူသံများမှာ ကမ္ဘာပျက်သည့်နှယ်။

www.burmeseclassic.com

www.burmeseclassic.com



သူ မြင်းကို ဇက်ဖွင့်၍ ရန်သူ အင်းဝတပ်များကြား ထိုးဖောက်ခဲ့သည်။ အလျင် တွေ့လိုက်ရသော ရဲမက်တစ်ယောက်၏ နံကြားသို့ ဓားကို လျင်မြန်စွာ ထိုးသွင်းလိုက်သည်။ သူ့မြင်းမှာ တစ်ပတ်လှည့်သွား၏။ သူ့နောက်မှ အလစ်ဝင်လာသော ရဲမက်တစ်ဦးအား ဓားဖြင့် ပိုင်းချလိုက်သည်။ ရဲမက်သည် မြင်းပေါ်မှ ဟန်ချက်ပျက်ကာ ပြုတ်ကျသွားသည်။ မြင်းမှာလည်း လန့်၍ ပြေးလေ၏။

ပြုတ်ကျသွားသော ရဲမက်၏ ကိုယ်ပေါ်သို့ စစ်သူကြီး ဟိန္ဒကာ၏ မြင်းက လွှားခနဲ နင်းသွားချေပြီ။ နှစ်ဖက်စလုံး သဲကြီးမဲကြီး တိုက်နေကြသည်။ မြေပြင်တွင် အလောင်းများ ပြန့်ကျဲနေ၏။

ဖုန်မှုန့်များကြားမှ သွေးညှီနံ့သည် စူးစူးရှရှ။ လက်တွင် တင်းကျပ်စွာ ဆုပ်ကိုင်ထားသော ဓားရိုးသည် သွေးစေးတို့ဖြင့် စေးကပ်နေသည်။ ဘေးဘီဝဲယာသို့ ကြည့်လိုက်သည်။ သူ့ထံသို့ ဦးတည်ဝင်လာသော အင်းဝစစ်သည်တစ်ဦးကို တွေ့လိုက်ရသည်။ မြင်းကို ထိုရဲမက်



လာရာလမ်းသို့ ဦးတည် မောင်းနှင်ယောင်ပြုပြီး အရှိန်ဖြင့် ဓားကို ဝင့်ကာ ဒုန်းစိုင်းလာသော အင်းဝစစ်သည်ကို သူ ကြည့်ပြီး သူ့လက်က ခါးကြားမှ ဓားမြှောင်သို့ ရောက်သွားသည်။ အချိန်ဆိုင်းမနေဘဲ ဓားမြှောင်ဖြင့် အင်းဝ စစ်သည်ထံသို့ ပစ်လွှတ်လိုက်သည်။

"အိန္ဒြ"

ဟု အော်လိုက်သော အသံတစ်ခုကို ကြားလိုက်ရသည်။ အသံလာရာသို့ သူ လှမ်းကြည့်လိုက်သည်။ ဘယ်သူ ဘယ်ဝါမှန်း မသိလိုက်ရ။ ရှုပ်ယှက်ခတ် တိုက်ခိုက် ထိုးခုတ်နေသူများကြားမှ ...

"အား"

ဟူသော အသံနက်ကြီး ထွက်ပေါ်လာသည်။ စစ်သူကြီး ဟိန္ဒကာသည် ကျောတွင် ဓားတန်းလန်းစိုက်ဝင်လျက် မြင်းပေါ်မှ ဒလိမ့်ခေါက်ကွေး ပြုတ်ကျသွားသည်နှင့်အတူ 'ဝဏ္ဏကွ' ဟူသော အသံကို ကြားလိုက်ရသည်။

သူတို့ဘက်မှ ခေါင်းဆောင် ကျသွားချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



သူ တောက်တစ်ချက် ခေါက်လိုက်သည်။ ထိုစဉ် လဲက်ပြင်ဆီမှ ပူခနဲဖြစ်သွားပြီး သွေးတို့ ဖြာခနဲထွက်လာသည်။ ရန်သူတစ်ယောက် ထိုးခုတ်လိုက်သော ဓါးချက်ကွာ အဖျားခတ် ထိခတ်သွားခြင်းပင်။

သူ့ဒေါသမှာ အထွတ်အထိပ်သို့ ရောက်သွားပြီဖြစ်သည်။ သူ မြင်း၏တင်ပါးကို ခပ်ဆတ်ဆတ် ကန်လိုက်သည်။ ဇက်ကြိုးကို လွှတ်၍ သူ့နောက်မှ အလစ်ဝင်တိုက်သူကို ဓါးဖြင့် လှည့်ပိုင်းသည်။

မထိချေ။ ထိုရန်သူမှာ လိမ္မာပါးနပ်စွာ ရှောင်တိမ်းသွား၏။

"တောက်"

သူ ဒေါသကြောင့် လက်မှဓါးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်သည်။ သို့သော် သူ ချက်ချင်းဆိုသလို သူ အံ့အားသင့်သွားခဲ့ရလေ၏။

"အဆင်သင့်လိုက်လေ"ဟု စိတ်ထဲမှ တီးတိုးရေရွတ်လိုက်သည်။ သူနှင့် ရင်ဆိုင်တိုးမိသူမှာ အင်းဝစစ်သူကြီးပင်။ စစ်သူကြီး ဟိန္ဒကအတွက် သွေးကြွေး



ဆပ်ရန် အလှည့်ရောက်ချေပြီပေါ့။ သူ့ ဓါးကိုင်လက်မှာ ရုတ်ချည်း မြောက်တက်သွားခဲ့သည်။ 'သူရဲကွ' ဟုအသံနက်ကြီးဖြင့် အော်ဟစ်လိုက်ကာ အင်းဝစစ်သူကြီး၏ ဇက်ကို ပိုင်းလိုက်သည်။ တစ်ဘက်လူမှာ ရှောင်ချိန်မရ။ တစ်ခေတ်တစ်ယောက်ဆိုရလောက်အောင် အင်မတန် ဓါးရေးစွမ်းသော သူရဲ၏ ဓါးချက်ပေပဲ။

တစ်ဆက်တည်းမှာပင် အင်းဝစစ်သူကြီး၏ ခေါင်းကို ဆွဲယူရင်း အင်းဝတပ်များသို့ မြှောက်ပြလိုက်၏။ အံ့သြထိတ်လန့်သွားသံများမှာ ဝေါကနဲ။

နှစ်ဖက်ခေါင်းဆောင်စစ်ကဲများ ကျသွားပြီဖြစ်သောကြောင့် တပ်များ ဆုတ်ရန် ပြင်ကြချေပြီ။ မြင်းခွာသံများ၊ ဓါးချင်း ထိခတ်သံများ တဖြည်းဖြည်းစဲသွားသည်။

အဝေးရှိ တထောင်းထောင်းထနေသော ဖုန်လုံးများကြားမှ မြင်းကို ဇက်သတ်ရင်း သူ့ထံသို့ မမှိတ်မသုန်ကြည့်လာသော လူတစ်ယောက်ကို တွေ့လိုက်ရသည်။

သူ့ရမှာ လက်ထဲ၌ အင်းဝစစ်သူကြီး၏ခေါင်း

www.burmeseclassic.com

www.burmeseclassic.com



ပြွတ်ကို တင်းတင်းဆွဲကိုင်ထားရင်း ထိုသူ့အား ပြန်ကြည့်လိုက်သည်။ ရှပ်ယှက်ခတ် ပြေးလွှားနေသော မြင်းစီးစစ်သည်များသည် မြင်းကိုယ်စီပေါ်မှ တစ်ယောက်နှင့်တစ်ယောက် စူးစူးစိုက်စိုက် လှမ်းကြည့်နေသော သူတို့နှစ်ဦးအကြား တစ်ချက်တစ်ချက် ကွယ်ကွယ်သွားကြလေ၏။ သို့သော် သူတို့နှစ်ဦးကတော့ အဝေးမှ တစ်ယောက်နှင့် တစ်ယောက် မျက်နှာမလွှဲဘဲ ကြည့်နေကြဆဲ။

ထိုအကြိမ်သည် သူရနှင့် ဝဏ္ဏတို့ တစ်ယောက်နှင့် တစ်ယောက် ပထမဆုံး မျက်နှာချင်းဆိုင် ဆုံရသည့် စစ်ပွဲပင် ဖြစ်၏။ လူချင်း မသိကြ၊ မမြင်ကြရသော်လည်း ယဉ်ပါးဖူးသော နာမတွေမို့ စိတ်ဝင်တစား ပြိုင်ကြည့်ကြခြင်းဖြစ်၏။ အတန်ကြာမှပင် တပ်ဆုတ်ရန် အချက်ပေးသံများ ကြားသဖြင့် နှစ်ဦးစလုံး မြင်းဇက်ကြိုးများကို တင်းတင်းဆွဲကာကျောခိုင်းလိုက်ကြပြီး မိမိတို့ တိုင်းပြည်များဆီပြန်လှည့်၍ အပြင်းနှင်ခဲ့ကြလေတော့သည်။



နှစ်ဦးစလုံး၏ လက်များအတွင်း၌ ရန်သူစစ်သူကြီးတို့ ခေါင်းများကိုယ်စီ။ နှစ်ဦးစလုံး၏ ရင်တွင်း၌ အပြန်အလှန်ကြားခဲ့ရသော ကျော်ဝါးသံများက ပဲ့တင်ထပ်လျက် ရှိ၏။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



အင်းဝနန်းတော်ဆောင်၏ ညီလာခံသဘင်သည် ယခင်လို အမတ်ကြီးများ၏ တီးတိုးတိုင်ပင်သံ၊ အချင်းချင်း စပ်စုမေးမြန်းသံများဖြင့် ကျွတ်စီကျွတ်စီ ဖြစ်မနေဘဲ ပကတိ တိတ်ဆိတ်ငြိမ်သက်နေချေ၏။

ခစားနေသော အမတ်များ၊ တပ်မှူး၊ ရဲမက်များနှင့် မင်းညီမင်းသားများဝါ တုတ်တုတ်မလှုပ်။ တစ်ယောက်နှင့် တစ်ယောက် လှည့်စောင်း၍ပင် မကြည့်ကြဘဲ အတွေးကိုယ်စီနှင့် ငြိမ်သက်လျက် ရှိကြသည်။

ဝတ်လဲတော် ပိုးပုဆိုး၏တရွမ်းရွမ်းအသံကြောင့် နန်းဆောင်ထဲသို့ ရွှေနန်းရှင် ကြွချီလာပြီဆိုတာ သိလိုက်ရ၏။



ဝဏ္ဏာခေါင်းကို ပိုပြီး ငုံ့ချထားလိုက်သည်။ နံဘေးမှ ဖြတ်လျှောက်သွားသော ရွှေနန်းရှင်၏ ခြေဖမိုးတော်ကို လှစ်ခနဲ မြင်လိုက်ရခြင်းကပင် သူ့ရင်ကို ဒိန်းခနဲ ခုန်သွားစေသည်။

အားလုံး နဖူးနှင့် ကြမ်းပြင်ထိပြီး ဦးချ အရိုအသေ ပေးလိုက်ကြသည်။ သူကတော့ ခေါင်းကို တွင်တွင် ငုံ့ထားဆဲ ...။

"မော်ဖူးစေ"

ရွှေနန်းရှင်၏ အသံမှာ ညင်သာတိုးလျှနေသော်လည်း သူ့ရင်ထဲမှာ ကျယ်လောင်စွာ မြည်ဟီးသွားသယောင်။ ဖြည်းညင်းစွာ မော်ဖူးလိုက်သည်။ မျက်လွှာပင့်အကြည့်တွင် ဆုံလိုက်ရသော ရွှေနန်းရှင်၏ မျက်ဝန်းများက သူ့ထံသို့ တည့်မတ်စူးစိုက်စွာ ကြည့်နေသောကြောင့် သူ မျက်လွှာကို ကမန်းကတန်းချပစ်လိုက်သည်။

စစ်သူကြီး စက္ကဗလ နယ်စပ်စစ်ပွဲတွင် ကျခဲ့ပြီဖြစ်ကြောင်း လျှောက်တင်ရန် သူ့နှုတ်တို့ လေးလံနေရပြီ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



"စက္ကဗလ ကျခဲ့ပြီ မဟုတ်လော"

တိတ်ဆိတ်နေသော နန်းတော်ဆောင်တွင် ရွှေနန်းရှင်၏ အသံသည် ဟိန်းသွားသည်။

"မှန်ပါဘုရား၊ စစ်သူကြီးမင်းဟာ ..."

"တော်တော့ကွယ် တော်တော့"

ဝဏ္ဏ၏ စကားကို ဆုံးအောင် လျှောက်ခွင့်မပြုဘဲ ဟန့်လိုက်သော ရွှေနန်းရှင်၏ အသံကြောင့် သူတွန့်ခနဲ ဖြစ်သွားရ၏။ မင်းကြီးသည် သူ့အပေါ် အမျက်တော် ရှချေပြီလော မတွေးတတ်အောင် ဖြစ်နေရသည်။

"နှစ်ပြည်ထောင်ကြား နယ်စပ်စစ်ပွဲမှာ ငါ ကိုယ်တော်၏ လက်တစ်ဖက် ပြုတ်ခဲ့ချေပြီ ပေါ့"

ရွှေနန်းရှင်၏ အသံသည် မျက်မာန်ဒေါသ မရှိသော ပူဆွေးတမ်းတခြင်းသက်သက်သာ ဖြစ်၏။ ဝဏ္ဏ ခေါင်းငုံ့ထားရင်း အံကို တင်းတင်းကြိတ်ထားမိသည်။ ဟံသာဝတီစစ်သည်၏ လက်ထဲတွင်ပါသွားသော စစ်သူကြီး စက္ကဗလ၏ ခေါင်းပြတ်ကိုသာ ရွှေနန်းရှင် မြင်ရ



လျှင် မည်သို့နေမည်မသိ။

"ကိုင်း ကိုင်း ပြီးခဲ့တာတွေလည်း ပြီးပါစေတော့လေ၊ ဒီတိုက်ပွဲကြီးအတွက် သက်စွန့်ကြိုးပမ်း ဆောင်ရွက်ခဲ့သူတွေကိုတော့ ထိုက်သင့်ရာ ချီးမြှင့်ရမည်ပ"

အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ တိုင်ပင်မထားပါပဲလျက် ဝဏ္ဏဆီလည်း မြိုင်တူလိုပင် အကြည့်ရောက်မိကြ၏။

တိုက်ပွဲအတွင်း စွမ်းစွမ်းတမံအရှိဆုံး ရွက်ဆောင်နိုင်ခဲ့သူမှာ ဝဏ္ဏပင်မဟုတ်ပေလော။ ဟံသာဝတီစစ်သူကြီးကိုလည်း သူကိုယ်တိုင် သုတ်သင်နိုင်ခဲ့ခြင်းဖြစ်၏။ သူသာလျှင် အဓိကချီးမြှောက်ခံရသောသူ ဖြစ်ပေလိမ့်မည်။

"အမတ်ကြီးများ ..."

"ဘုရား ... ဘုန်းတော်ကြောင့် အလိုရှိရာ ဆောင်ရွက်ပေးရန်အသင့်ရှိကြောင်းပါဘုရား"

"သက်တော်စောင့် တပ်တော်မှ သွေးသောက်

www.burmeseclassic.com

www.burmeseclassic.com



ဝဏ္ဏာအား တပ်မှူးရာထူးဖြင့် ချီးမြှင့်မြှောက်စား တော်မူမယ်၊ ငါ၏ လက်သုံးတော် ကျောက်စီ ဓားကိုလည်း ဝဏ္ဏာအား ချီးမြှင့်လိုက်မယ်''

ရှေနန်းရှင်၏ စကားအဆုံးမှာ သူ လက်အုပ် ချီ၍ ရှေနန်းရှင်အား မော်ဖူးလိုက်သည်။

''ကျေးဇူးတော်ကြီးလှပါပေတယ် ဘုရား''

''ဟဲ့ ···· ဝဏ္ဏာ''

''ခစားလျက်ရှိကြောင်းပါ ဘုရား''

''မောင်မင်းဟာ ဒီနေ့မှစ၍ ငါ၏ အထူး တလည် ချီးမြှောက်ခြင်းခံရသော တပ်မှူးဖြစ်သွားပြီမို့ အမှုတော်ကို ယခင်ကထက် ချွန်စွာ ရွက်ဆောင်ပေတော့ ကြားလား ဟဲ့ ···''

''မှန်ပါ ဘုရား''

သူ လျှင်မြန်စွာ လျှောက်တင်လိုက်၏။ မင်းကြီး၏ နှုတ်ခမ်းမှာ ပြုံးယောင်သမ်းနေသည်။ ထို့အတူ ဝဏ္ဏရင်ထဲတွင်လည်း ဝမ်းသာဂုဏ်ယူသော ပီတိများဖြင့် ဘာပြောရမှန်းမင် မသိ။



သူ့အတွေးထဲတွင် စစ်ကဲကြီး စက္ကဗလ၏ ဦးခေါင်းကိုဆွဲလျက် ဟံသာဝတီဘက်သို့ မြင်းကို ဒုန်းစိုင်းသွားသော သူရဲ၏ အသွင်အား မြင်ယောင်လိုက်မိသည်။ သူ၏မျက်ခုံးများ ကြုတ်ပြီးစဉ်းစားလိုက်သည်။

ယခုအချိန်ဆိုလျှင် ဟံသာဝတီ ရှေနန်းဆောင်၏ ညီလာခံသဘင်တွင် သူရသည်လည်း သူ့လို မြှောက်စား ခံရနေလောက်ပေပြီ။ မဆိမဆိုင် သူရကိုပင် သူနှင့် ယှဉ်၍ အမှတ်ထင်ထင် သတိရနေသော သူ့စိတ်ကို သူ မကျေမနပ် ဖြစ်လိုက်မိလေသည်။

♦ ♦ ♦

www.burmeseclassic.com

www.burmeseclassic.com

နောက်ထပ်ရက်များစွာ မကြာမီမှာပင် ဟံသာဝတီ ရွှေမြို့တော်ဆီ ဦးတည်နေသောလမ်းပေါ်၌ စိုက်စိုက် စိုက်စိုက်ဖြင့် လျှောက်သွားနေသော လူရွယ်တစ်ယောက်ကို တွေ့ကြရလေသည်။

ရုပ်ရည်အားဖြင့် ချောမောသန့်ပြန့်လှသော်လည်း နွမ်းပါးသော အဝတ်အစားများကြောင့် သူ၏အသွင်မှာ သူဆင်းရဲတစ်ယောက်မှန်း သိသာနေသည်။ ကျောတွင်ပိုးလာသော အဝတ်အိတ်ကြီးကြောင့် ခရီးဝေးမှလာသော ခရီးသွားလူငယ်လေးတစ်ယောက်ဟု ထင်မြင်ရပေမည်။



သူသည် ဟံသာဝတီ ရွှေမြို့တော်တွင်းသို့ အဖော်မပါကိုယ်ထီး လျှောက်ဝင်လာသည်။ ဘေးဘီဝဲယာဆီ ငေးမော ကြည့်ရှုရင်း ဟံသာဝတီသည်လည်း သာယာပေတာပဲဟု သူ့စိတ်ထဲမှ ကြိတ်၍ မှတ်ချက်ချလိုက်သည်။ ပျားပန်းခတ်မျှ လှုပ်ရှားသွားလာနေကြသော မြို့တော်သူ မြို့တော်သားတို့အလယ်တွင် နေပုဒ်မကျေးတောသားလုလင်ငယ်လေး အသွင်မှာမထင်မရှား။ သို့သော် သူ၏ မျက်နှာအား သေချာစွာ စိုက်ကြည့်ပါက ထူထဲနက်မှောင်သော မျက်ခုံးတန်းများအောက်မှ ရူးရဲတောက်ပသော၊ ပရိယာယ်ကြွယ်ဝသော၊ စစ်သွေးစစ်မာန်လွှမ်းသည့် မျက်ဝန်းတစ်စုံကို တွေ့ရမည်သာ။ ထို့ပြင် သူ၏ ဟသ်ာပြဒါးကဲ့သို့ နီစွေးပါးလျှားသည့် နှုတ်ခမ်း တစ်စုံမှာ တင်းတင်းစေ့ပိတ်လျက်။ ဆုံးဖြတ်ချက်ပြတ်သား၍ တင်းမာခက်ထန်မှုကို ဖော်ထုတ်လှစ်ပြနေသည့်နှယ်။

ထိုလုလင်သည် လမ်းဆုံတစ်ခု၌ ရပ်တန့်ကာ ရွှေမြို့တော်တစ်ခုလုံးအား ခြုံငုံ၍ ကြည့်ရှုလေ့လာနေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ အများအမြင်မှာတော့ တောသားလုလင်ငယ်လေးတစ်ဦး၏ မမြင်ဘူးသောအရာတို့ကို စူးစမ်းငေးမောအံ့သြနေဟန်။

သူသည်ကား ဝဏ္ဏပင်ဖြစ်ချေသည်။ တကယ်တမ်းတွင် သူသည် တာဝန်အရ ဟံသာဝတီရွှေနန်းတော်သို့ ချဉ်းနင်း ဝင်ရောက်ရန် လာခဲ့ခြင်းဖြစ်၏။

လမ်းဆုံမှ ဆက်ကာ သူလျှောက်လာခဲ့သော် ဟံသာဝတီ ဈေးတန်းကြီးသို့ ရောက်လာခဲ့လေ၏။

ကြက်ပျံမကျ စည်ကားလှသော ဟံသာဝတီရွှေနန်းတော်ရှေ့ ဈေးတန်းကြီးသည် တစ်မျှော်တစ်ခေါ်ကြည့်မဆုံးပါချေ။ ဈေးသည်များ၏ အပြိုင်အဆိုင် အော်ဟစ် ရောင်းချသံများ၊ အစားအသောက် ရောင်းသည့်ဆိုင်များမှ ချက်ပြုတ်ကြော်လှော်နေသည့် ညှော်နံ့များ၊ အချင်းချင်း တိုးဝှေ့သွားလာနေသောဈေးသူဈေးသားများဖြင့် ဟံသာဝတီဈေး၏ မြင်ကွင်းသည်သူ၏အာရုံငါးပါးကို မလစ်မလပ် နေရာယူထားသည်။

သို့သော် ရုတ်ချည်းဆိုသလိုပင် ကြွက်ကြွက်ဆူ



နေသော ဈေးတန်းကြီးမှာ မီးကျီးခဲပေါ် ရေလောင်းသလို မကတိ တိတ်ဆိတ်သွားချေသည်။ အဘယ့်ကြောင့်ပါနည်း။ လမ်းမပေါ်မှ လူအများမှာ နီးရာဆိုင်များ အတွင်းသို့ ပြေးဝင်ကြသည်။ တစ်ချို့လည်း လမ်းဘေးသို့ ပြေးဆင်းကာ တိမ်းရှောင်ကြ၏။ သူလည်း ထိုလူအုပ်များကြားသို့ ရောနှောကာ ဝင်ပြေးလိုက်ရသည်။ နံဘေးမှ ဈေးဝယ်တစ်ယောက်အား သူ မေးကြည့်လိုက်မိ၏။

"ဘာဖြစ်လို့ အခုလို တိတ်ဆိတ်ပြီး လမ်းဘေးကို တိမ်းရှောင်ပေးတာလဲ နောင်ကြီး"

သူ့အမေးကြောင့် ဟံသာဝတီသားကြီးသည် သူ့အား အထူးအဆန်းသဖွယ် ကြည့်သည်။

"ရောင်းရင်းက ဒီမြို့ကို အခုမှ ရောက်ဖူးတာထင်ရဲ့"

သူက လိမ္မာပါးနပ်စွာပင် အဖြေပေးလိုက်သည်။

"ဟုတ်ပါတယ် နောင်ကြီးရယ်၊ ကျုပ်က မြို့ပြင် တောစပ်က ရွာလေးက လာခဲ့တာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဟော် ဒါကြောင့်ကိုး ... ခုန မြင်းတစ်စီး ဈေးထဲက ဖြတ်သွားတာ ရောင်းရင်း မြင်လိုက်ရဲ့ မဟုတ်လား"

ထိုလူပြောသော မြင်းတစ်စီးကို သူ မမြင်လိုက်ချေ။ သူ့အာရုံက ဈေးတန်းထဲ ရောက်နေသောကြောင့် ဖြစ်ခြိမ့်မည်။ သို့သော် သူ ပျာပျာသလဲပင် ...

"အင်း တွေ့လိုက်တယ် နောင်ကြီး"

"အဲဒါ ရှေ့ပြေးစစ်သည်လေ၊ဘုရင့်တပ်တော် ဖြတ်လာမှာမို့ လမ်းရှင်းခိုင်းတာ၊ ဟော ပြော ရင်း ဆိုရင်း ဟိုမှာလာနေပြီ၊ ခေါင်းငုံ့ထား ရောင်းရင်း"

သူ ဖျတ်ခနဲ ဈေ့ကြည့်ပြီး ခေါင်းငုံ့နေလိုက်ရသည်။ မြင်းတွေ အသားကျနှင်လာကြသံကို ကြားရ၏။

"ရှေ့ဆုံးက တပ်မှူးကလေး သူ့ရတဲ့၊ ဘုရင့် တပ်တော်စောင့်တပ်ကလေ၊ မြင်းညိုကြီး စီး လာတာဘယ်လောက်ကြည့်လို့ကောင်းသလဲ"

"ဟဲ့ ... ကောင်မတွေ တိုးတိုးပြော၊ တပ်မှူး



ကလေးက စိတ်ကမြန်၊ ဓားက ထက်ပါဘိသနဲ့၊ တော်တို့ဇက်ပေါ် ဓားရောက်လာဦးမယ်"

"အမယ်လေး အရီးမယ်ခရယ်၊ ကြည့်ကောင်းလို့ ကောင်းတယ်ပြောတာပဲ၊ တပ်မှူးကလေး ဓားနဲ့ဆို ကျုပ်တော့ သေရဲပါ့ ... ဟိ ဟိ"

"ကောင်မတွေ ပြောလေ ကဲလေ"

ဝဏ္ဏာဘောမှ ဈေးသည်မိန်းမကြီးနှင့် မိန်းမပျို များ၏ တစ်ယောက်တစ်ခွန်း စကားသံကြောင့် မြင်းညို စီးလာသော သူရဲမှာ တပ်မှူးသူ့ရဲပင် ဖြစ်ရမည်ဟု တွေးလိုက်သည်။ စစ်ကဲကြီး စက္ကုဗလ၏ ခေါင်းကို ဖြတ်ယူသွားသော သင်းက တပ်မှူးတောင် ဖြစ်ချေပေါ့ ဟု စိတ်ထဲမှ ပြောမိ၏။ သူ ရှေ့မလှမ်းမကမ်းသို့ မြင်းညိုတစ်စီး ရောက်လာသည်ကို တွေ့လိုက်ရသည်။ သူ့ရဲ ညာလက်က ကျောမှာပိုးထားသောအဝတ်ထုပ်ထဲမှ ဓားရိုးပေါ်သို့ ဖျတ်ခနဲ ရောက်သွားသည်။

သူ ခေါင်းကို ဖြည်းညင်းစွာ ယမ်းခါလိုက် သည်။

www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ဘူး၊" အချိန်မတန်သေးဘူး၊ သင်းကို ငါ သတ်လိုက်ရင် ငါ တာဝန်ကို ပြီးဆုံးအောင် ဆောင်ရွက်ဖို့ ခက်ခဲ နှောင့်နှေးသွားလိမ့်မယ်၊ တစ်နေ့တော့ တွေ့သေးတာပေါ့ သူရရယ်" ဟု တီးတိုးရေရွတ်လိုက်မိသည်။

♦ ♦ ♦



၆

နန်းတော်ဆောင်၏ နံရံကိုမီရင်း ဝဏ္ဏ အတန်ကြာ ရပ်နေမိ၏။ တဒိတ်ဒိတ် ခုန်နေသော သူ့ရင်ခုန်သံကိုပင် ပြန်ကြားနေရသည်။ တစ်နေ့လုံး နန်းတော်၏ မြို့ရိုး လေးဖက်လေးတန်လုံးကို လှည့်ပတ်လေ့လာခဲ့ပြီး ချေပြီ။ နန်းတော်ဆောင်သို့ ဝင်ရန်မှာ သူ့လို တပ်မှူး တစ်ယောက်အဖို့ ခက်ခဲသောကိစ္စ မဟုတ်သော်လည်း အကျွမ်းတဝင် မရှိလှသော ဟံသာဝတီနန်းရင်ပြင်သို့ ခြေချမိခြင်းမှာ စိတ်လှုပ်ရှားစရာ ကောင်းလှချေ၏။

ဟံသာဝတီဘုရင်၏ စက်ရာအဆောင်သို့သာ သွားရန် စိတ်စောနေသည်။ သူ စိတ်ကူးမိသည်က

www.burmeseclassic.com

www.burmeseclassic.com



ဟံသာဝတီရဲမက် အယောင်ဆောင်၍ နန်းတွင်းသို့ ဝင်ရန် ဖြစ်၏။ သို့သော် ရဲမက်တို့မည်သည် မိမိတာဝန်ကျရာ နေရာ၌သာ စောင့်ကြပ်ရပြီး ဘုရင့်အိပ်ဆောင်သို့ ဝင်ခွင့်မရှိချေ။ ထို့ကြောင့်သာမန်အရပ်သားအနေဖြင့်သာ နန်းတော်ဆောင်၏ ကျယ်ပြောလှသော အခန်းများအကြားမှ ပုန်းကွယ်ကာ ဘုရင့်ခန်းဆောင်သို့ ချဉ်းကပ်လာခဲ့သည်။

ညသည် နက်သထက် နက်လာခဲ့ပြီ။ နန်းတော်ဆောင်အတွင်းထောင့်ဆိမှာ ကညင်ဆီမီးတိုင်တို့သည်လည်း တဖြည်းဖြည်း အားလျော့လာပြီဖြစ်၏။တစ်ချက်တစ်ချက် အခန်းတစ်ခန်းမှ တစ်ခန်း ကူးသန်းပြေးလွှားသွားသော အရိပ်တစ်ရိပ်ကိုမူ မည်သူမှသတိမပြုမိကြချေ။

ခြေသံကို လုံအောင် ထိန်းလျှောက်ရင်း ဘုရင်စက်တော်ခေါ်သော အဆောင်တွင်းသို့ရောက်လာချေပြီ။ ယိမ်းနွဲ့လှုပ်ယမ်းနေသော ဆီမီးရောင်အောက်တွင် သူ၏မျက်နှာမှာ စိတ်လှုပ်ရှားခြင်းကြောင့် တစ်မျိုးတစ်မည် ဖြစ်နေမှာ သေချာသည်။



စိတ်လှုပ်ရှားလောက်ပါပေသည်။ ဟံသာဝတီပြည့်ရှင်ကို လုပ်ကြံရမည့်အရေးပင် မဟုတ်တုံလော။ ကျောမှာ လွယ်လာသည့် ကျောက်စီဓားကို ဆွဲထုတ်လိုက်သည်။ မှိန်ဖျော့သော အလင်းရောင်၌ပင်ဓားရောင်မှာ ဝင်းခနဲလက်သွား၏။ ဟံသာဝတီဘုရင်သည်စိတ်ချလက်ချ သလွန်ပေါ်တွင် အိပ်မောကျနေပြီဖြစ်သည်။ သူ အသာအယာ ပြုံးလိုက်သည်။ ရက်စက်သော အပြုံးမျိုး။ သူ့ရဲ့ ဓားလွတ်ကိုင် ညာလက်ဟာ လျှပ်ပြက်သလို မြန်ဆန်စွာ မြောက်တက်သွားသည်။ ဓားသွားရဲ့ ဦးတည်ရာဟာ ဟံသာဝတီဘုရင်၏ အသက်ဓိဝိန်ဆီသို့ . . .။

"ခွပ်"

"ဟင်"

သူ့နှုတ်မှ 'ဟင်' ဟူသော အာမေဋိတ်သံ ထွက်ပေါ်လာသည်။ ခုံးလွှမ်းထားသော ကမ္ဗလာအောက်မှ အရုပ်ကို သူ စိတ်မြန်စွာ လှန်ကြည့်လိုက်သည်။

"ငါတော့ ထောင်ချောက်မိပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဟု သူ့နှုတ်မှ ရေရွတ်လိုက်သည်။ သလွန်ပေါ်တွင် နှစ်ပိုင်းပြတ်နေသော ငှက်ပျောတုံးတစ်တုံးသာ ရှိချေ၏။

ရုတ်ချည်းပင် အခန်းပတ်ပတ်လည်မှ တံခါးများ ပွင့်သွားကြပြီး ရဲမက်များ သူ့ထံ တစ်ဟုန်ထိုးပြေးလာကြလေသည်။ ရှေ့ဆုံးမှ ဓားလွတ်ကို ဝင့်ကာ ပြေးလာသော ရဲမက်၏ ရင်ဝသို့ သူ့ဓားဘာ တည့်မတ်စွာထိုးစိုက်မိသွားသည်။ ပြီး နောက်တစ်ယောက်။

သုံးယောက်မြောက်သော ရဲမက်၏ ခန္ဓာကိုယ်ကြမ်းပြင်ပေါ် လဲကျသွားစဉ်မှာပင် ရုတ်တရက် ထုတ်တန်းပေါ် ခုန်တက်လိုက်သည်။ ဟိုသည်ဝတီရဲမက်များကလည်း မခေ။ သူ့ နောက်သို့ လိုက်တက်ရန် ဟုန်ပြင်လိုက်ကြသည်။ သို့သော် သူ့လက်တွင်းမှ ဓားကနန်းတော်ဆောင် မျက်နှာကျက်အထက်ရှိ အမိုးကို ထွင်းဖောက်ပြီးသား ဖြစ်နေပြီ။ သူရပ်နေရာ တန်းပေါ်သို့ခုန်တက်လာသော ရဲမက်ကို အလျင်အမြန် ခုတ်ပိုင်းလိုက်ပြီး အောက်သို့ ကန်ချလိုက်သည်။



ရဲမက်၏အသက်မဲ့ခန္ဓာက အောက်ရှိလူများကြားထဲ ကိုးရိုးကားယား ပြုတ်ကျသွားစဉ် သူ ခေါင်မိုးကို ဖောက်၍ ထွက်ခဲ့သည်။ နန်းတော်ခေါင်မိုးပေါ်မှ အစွန်းတစ်ဖက်ဆီရောက်အောင် သူ ပြေးခဲ့လေသည်။

နန်းဆောင် တစ်ဆောင်ပြီးတစ်ဆောင် ခေါင်မိုးများပေါ်မှ ခုန်ကူးခဲ့သည်။ သူ့နောက်မှ ရဲမက်အချို့ လိုက်လာ၏။ သူ ဖောက်ထွက်ခဲ့သော ခေါင်မိုးပေါက်မှ လိုက်လာကြခြင်းဖြစ်လိမ့်မည်။

"ဟော့ ... မပြေးနဲ့"

ရုတ်တရက် သူ့ရှေ့မှ ပိတ်ရပ်လိုက်သော ရဲမက် တစ်ယောက်ကို တွေ့လိုက်ရသည်။ သူ့ လက်ထဲမှာ ဓားကို တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်သည်။

"ယား..."

အော်ဟစ်မာန်သွင်းကာ ပြေးဝင်လာသော ရဲမက်၏ ဓားက သူ့လည်ပင်းဆီသို့ ချိန်ရွယ်လာခြင်းဖြစ်၏။ သူ ရုတ်တရက် ခေါင်းငုံ့ကာရှောင်လိုက်သည်။ သူ့ခန္ဓာကိုယ်က တစ်ပတ်လည်သွားပြီး ပြေးဝင်လာ

www.burmeseclassic.com

www.burmeseclassic.com



သော ရဲမက်၏ နောက်ကျောကို ဓားဖြင့် မိမိရရ စိုက်ချ လိုက်သည်။

"အား"

"စွန်း"

ရဲမက်၏ခန္ဓာကိုယ်သည် ခေါင်မိုးပေါ်မှ အရှိန် ပြင်းစွာ ပြုတ်ကျသွားပြီဖြစ်၏။ သူ့နောက်မှ ပြေးလိုက် လာသော ရဲမက်များရှေ့မှ တဟုန်ထိုးပြေးထွက်ခဲ့သည်။ အတန်ငယ်နိမ့်သော အဆောင်တစ်ခု၏ခေါင်မိုးပေါ်သို့ ခုန်ချလိုက်သည်။

ထိုမှတစ်ဆင့် မြေပြင်ပေါ်သို့။ အောက်တွင် အသင့်စောင့်ကြိုနေသော ရန်သူတပ်များ။ မြေပြင်ပေါ် တွင် သူ့ခန္ဓာကိုယ်က နှစ်ပတ် သုံးပတ် လိမ့်သွားသည်။ သူ့ထံသို့ ပစ်လွှတ်လိုက်သော လှံတစ်စင်းကိုလဲကျနေရာ မှ လိမ့်ရှောင်လိုက်သော်လည်း သူ့ဓားကိုင်လက်ကို ရှပ် ၍ ထိမှန်သွားသည်။ လှံကို အတင်းဆွဲနုတ်ပြီး ပြေးဝင် လာသော ရဲမက်များဆီသို့ ပစ်လွှတ်လိုက်သည်။

"အား"



ရှေ့ဆုံးမှ ရဲမက်တစ်ဦး၏ ဝမ်းဗိုက်မှ နောက် ကျောသို့ ထုတ်ချင်းပေါက် စိုက်ဝင်သွားသည်။ သူထို နေရာမှ အလွတ်ရုန်း၍ ထွက်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝဏ္ဏ၏ ...

လုံချက်ထိမှန်ထားသော ညာဘက်လက်မောင်းမှ သွေးများ စိမ့်ထွက်နေလေသည်။ နန်းတော်မြို့ရိုးတံတိုင်းမှ ခုန်ချပြီး ခြေဦးတည့်ရာ ပြေးထွက်လာခဲ့၏။ လမ်းမအတိုင်း ဆက်ပြေးနေပါက သူ့ကို မလွဲမသွေ ဖမ်းမိပေတော့မည်။

ရုတ်တရက် မှောင်မိုက်နေသော လမ်းမြှောင်တစ်ခုအတွင်းသို့ ချိုးဝင်လိုက်သည်။ ထိုလမ်းသည် လူသွားလမ်းမဟုတ်ဘဲ အိမ်တစ်ဆောင်သို့ ဝင်သော လမ်းဖြစ်နေသည်။ မတတ်နိုင်တော့။ ထိုခြံထဲသို့သာ သူ ပြေးဝင်ခဲ့သည်။ နောက်ဘက်အဝေးဆီ၌ လူသံများ၊ အော်ဟစ် ကြိမ်းဝါးသံများမှာ ပျံ့ပျံ့သာ ကျန်ရစ်ခဲ့တော့သည်။

သူဝင်ခဲ့သော အိမ်သည် အလွန်တိတ်ဆိတ်ပြီး ချောင်ကျလွန်း၏။ တကယ်လို့သာ အိမ်ရှင်က သူ့အား ဟံသာဝတီရဲမက်များလက်သို့ အပ်လိုက်ပါက ... သူ ဆက်မတွေးတော့ချေ။



အိမ်တံခါးကို မှီပြီး အသက်ကို ပင်ပန်းစွာ ရှူရှိုက်နေရသည်။ သူ့တစ်ကိုယ်လုံး သွေးအလိမ်းလိမ်း ပေကျံနေပြီး ဒဏ်ရာကြောင့် မူးဝေနောက်ကျိနေသည်။ ရုတ်တရက်ဆိုသလို အိမ်တံခါးမှာ ပွင့်သွားသည်။

သူ ထိတ်လန့်စွာ မော့ကြည့်လိုက်သည်။ ဖန်မီးအိမ်ကို လက်မှာဆွဲထားသော မိန်းတလေးတစ်ဦး။ သွေးစများ ပေကျံနေသော သူ့ကိုကြည့်ပြီး နောက်သို့ တစ်လှမ်းဆုတ်သွား၏။ ထိတ်လန့်တုန်လှုပ်စွာ ...။

"အို ... ဘုရား ... ဘုရား သွေးတွေနဲ့ ပါလား"

"ကျုပ် ... ကျုပ်နောက်မှာ ရဲမက်တွေ လိုက်လာတယ်"

"ရှင် ... ရှင်က ဘယ်သူလဲ"

"ကျုပ် လူကောင်းပါ၊ ကျုပ်ကို ယုံပါ နှမရယ်၊ ကျုပ်မှာ ဒဏ်ရာတွေရထားလို့ ဒီမှာ ခဏခို ပါရစေ"

သူ့စကားအဆုံးမှာ မိန်းကလေးသည် ဝေခွဲရ

www.burmeseclassic.com

www.burmeseclassic.com



ခက်သော မျက်လုံးများဖြင့် အတန်ကြာ စိုက်ကြည့်နေ၏။ ထိုစဉ် ရဲမက်များ၏ အသံကို နီးကပ်စွာ ကြားလိုက်ရလျှင် သူမသည် အလွန်စိုးရိမ်သွားပြီး …

"တကယ်ပဲ ရှင့်နောက်မှာ ရဲမက်တွေ လိုက်လာကြပြီ ထင်တယ်၊ ကဲပါ … ရှင့်ကို မင်းမှုထမ်းတွေတော့ သူဇာ နားမလည်ပါဘူး၊ တကယ်လို့ ရှင့်ကို သူတို့တွေ့သွားရင် သတ်ကြလိမ့်မယ်၊ သူဇာကြောင့်တော့ ဘယ်သူမှ မသေစေရဘူး၊ ရှင် အိမ်ထဲဝင်ပါ၊ သူတို့လာရင်သာ ရှင် ထွက်မတိုက်ပါနဲ့တော့"

"ကောင်းပါပြီ မသူဇာ"

မသူဇာဆိုသော မိန်းကလေးသည် မီးအိမ်ကို ဆွဲကာ အိမ်တွင်းသို့ ဝင်သွားသည်။ သူ မိန်းကလေးနောက်မှ အိမ်ထဲသို့ ဝင်လိုက်လာခဲ့၏။ မိန်းကလေးသည် သူ့အား အခန်းတစ်ခုထဲသို့ ပို့ခဲ့ကာ အိမ်ရှေ့သို့ ပြန်ထွက်သွားသည်။

သူမ ပြန်ထွက်လာပြီး ခဏအကြာမှာပင် အိမ်ရှေ့သို့ ရဲမက်များ ရောက်လာသည်။ သူမခြံထဲသို့တစ်စုံတစ်ယောက် ပြေးလာသည်ကိုတွေ့လိုက်ရသောကြောင့် ခန်းစီးအကွယ်မှ အသာချောင်းကြည့်လိုက်ရာ သူ့ရကို တွေ့လိုက်ရသည်။ သူမရင်ထဲတွင် ထိတ်ခနဲဖြစ်သွားပြီး လက်ဖျား ခြေဖျားတွေပင် အေးစက်လာသည်။ သို့သော် သူမ အိမ်ခြေပျက်လို့ မဖြစ်၊ သူမ စကားတစ်ခွန်းမှားပါက လူ့အသက်တစ်ချောင်း ဆုံးရှုံးတော့မည်။

"အစ်မ … အစ်မ"

အိမ်ရှေ့မှ ခေါ်သံကြောင့် သူဇာ တံခါးကို အသာ ဟကြည့်လိုက်သည်။

"အစ်မ … ကျုပ်ပါ"

"ဘာလဲ အမောင်ငယ်၊ အချိန်လင့်မှ ဘာအရေး ရှိလို့လဲ"

"ရန်သူတစ်ယောက် ဒီဘက်ထဲပြေးသွားတယ်လို့ ပြောတယ်၊ အဲဒါ အစ်မအိမ်ထဲကို ဝင်သွားသလားလို့၊ ဒီနားလေးမှာပဲ ရဲမက်တွေ မျက်ခြေပြတ် ကျန်ခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"အို … မဟုတ်တာ၊ ဘယ်သူမှ မလာပါဘူး၊ အစ်မတော့ သတိမထားမိပါဘူး"

သူမစကားကို သူရက အရေးမထားဘဲ အိမ်ထဲသို့သာ တစေ့တစောင်း အကဲခတ်နေသည်။

"အစ်မ မသိပေမယ့် ရန်သူက အိမ်ထဲ ဝင်ပုန်းရင် ပုန်းနေမှာ၊ ကျုပ် ရှာကြည့်ချင်တယ်"

သူရစကားကြောင့် သူမမှာ အလွန်ထိတ်လန့်သွားသည်။

"ဒီမယ် … အမောင်ငယ်၊ အစ်မအိမ်မှာဘယ်ရန်သူမှ မရှိဘူး၊ ရှိတယ်ပဲ ထားဦး၊ အစ်မသိရမှာပေါ့၊ အစ်မသိရင် အမောင်ငယ့်ကို ဘာကွယ်ဝှက်စရာလိုလဲ၊ သွားပါ … အမောင်ငယ်ရယ်၊ အရက်တက်လုပြီ၊ အစ်မ ဆွမ်းချက်ရဦးမယ်"

သူမစကားကြောင့် သူရမှာ ဘာမှ စောဒကမတက်ဘဲ ရဲမက်များကို ခေါ်ကာ ခြံထဲမှ ထွက်သွားတော့သည်။ သူရနှင့် ရဲမက်များ ထွက်သွားမှ သူမစ



တစ်ယောက် သက်ပြင်းချနိုင်တော့၏။ တံခါးကို ချက်ချင်း ပိတ်ပစ်လိုက်ပြီး အခန်းထဲသို့ ဝင်လာခဲ့သည်။ မီးအိမ်မှ မီးစာကို မြှင့်လိုက်သည်။ အခန်းတစ်ခုလုံး လင်းလင်းချင်းချင်း ဖြစ်သွား၏။ မီးအိမ်ကို ဆွဲရင်း အတွင်းခန်းသို့ သူမ ဝင်ခဲ့သည်။

သွေးချင်းချင်းနီနေသော လူသည် အခန်းထောင့်တွင် ခွေလဲနေသည်။ သူမ ရင်ထိတ်သွားရပြန်သည်။

"ဘုရားရေ … သူ့ အသက်မှ ရှိပါလေစ"

သူမ မီးအိမ်ကို ချိတ်မှာ ချိတ်လိုက်ရင်း အခန်းတွင်းသို့ မဝံ့မရဲ လှမ်းဝင်ခဲ့၏။ လဲနေသော သူ့ရင်ဘတ်ပေါ်သို့ လက်တစ်ဖက် တင်လိုက်သည်။

"မောင်ကြီး … မောင်ကြီး"

အသက်တော့ ရှူနေသေးသည်။ ပြင်းထန်သော ဒဏ်ရာကြောင့် သတိလစ်သွားခြင်းလား၊ အနားယူနေသည်လား မသိနိုင်။

သင်းပျံ့သော သနပ်ခါးရနံ့ကြောင့် သူ မျက်စိဖွင့်ကြည့်လိုက်ရာ သွယ်လျလျ မျက်နှာတစ်ခုကို တွေ့

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရ၏။ မသူဇာပင် ဖြစ်သည်။ သူမ၏ ဖြူနုသော လက်တစ်ဖက်သည် သူ့ဘယ်ဘက်ရင်အုံပေါ်တွင် ဖွဖွ တင်ထားချေ၏။ စိုးရိမ်ကြီးသော သူမ၏ မျက်နှာတွင် သူ မမြင်ဖူးသော ကရုဏာ အရိပ်အငွေ့များကို မြင်ရလေလျှင် ညီမဖြစ်သူ မာလာ့ကို သတိရလိုက်မိသည်။

သူ ဘုရင့်တပ်တွင် အမှုထမ်းသည့်နေ့မှစ၍ ညီမလေးနှင့် ခပ်စိမ်းစိမ်း ဖြစ်နေခဲ့ရ၏။ မာလာသာ သူ အခုလို ဒဏ်ရာတွေ ရလာတာမြင်ရင် မသူဇာလို စိုးရိမ်တုန်လှုပ်မည် မဟုတ်ချေ။ ညီမလေးသည် အလွန် စိတ်မာသူဖြစ်ပြီး သူသာ ယောကျ်ားလေးဆိုလျှင် ဝဏ္ဏလိုပင် မင်းမှုထမ်းလုပ်မှာ သေချာသည်။

"မောင်ကြီး ..."

မသူဇာ၏ ခေါ်သံကြားမှ သူ အတွေးစတို့ ပြတ်တောက်သွားရ၏။ မသူဇာ၏ မျက်နှာသည် လှပသည်ဟု မဆိုသာသော်လည်း သိမ်မွေ့၍ ကျက်သရေရှိသည်ဟု သူ ထင်မိသည်။ သူမ၏ လှုပ်ရှားမှုအားလုံးသည် ညင်သာ နူးညံ့လွန်းလှသည်။



"မောင်ကြီး ... အဝတ်တွေလဲလိုက်ပါလား"

သူ့ကိုယ်ပေါ်မှ အဝတ်များသည် သွေးစများပေကျံ၍ မြင်မကောင်းအောင် ရှိနေ၏။

"ကျုပ်မှာ အဝတ်ပိုမပါဘူး မသူဇာ"

"သူဇာတို့အိမ်မှာ ရှိပါတယ်၊ ဒီက မောင်ကြီးနာမည်က ဘယ်သူ ..."

သူ့အသက်ကို ကယ်တင်ခဲ့သော မသူဇာကို သူ မညာချင်။ သူ့နာမည်ကိုအမှန်အတိုင်းပြောပြလိုက်သည်။

"ကျုပ်နာမည် ဝဏ္ဏပါ"

"ဪ ... ကိုဝဏ္ဏ၊ ရော့ ဒီမှာ အဝတ်တွေ လဲလိုက်ဦး၊ ပြီးရင် ရှင့်လက်က ဒဏ်ရာကို ဆေးထည့်ရအောင်"

ဟု ဆိုကာ မသူဇာသည် အခန်းတွင်းမှ ထွက်သွားလေသည်။ သူမပေးသော အဝတ်များကို လဲလှယ်ဝတ်ဆင်လိုက်သည်။ သူ့ခန္ဓာကိုယ်နှင့် အနေတော်ပင် ဖြစ်၏။ သူ့အဝတ်များကိုတော့ သေသေချာချာ ထုပ်ပိုးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခဏကြာသောအခါ မသူဇာသည် သူ့အတွက် ဆေးများကို ယူကာ အခန်းတွင်းသို့ ပြန်လည်ရောက်ရှိလာ၏။

“ရော့ … ကိုဝဏ္ဏ၊ ဆေးသောက်လိုက်၊ ရှင့် အနာလည်း ဆေးထည့်ရမယ်”

သူမ ကမ်းပေးလာသော ဆေးကိုယူကာ သူသောက်ချလိုက်သည်။

“လက်မောင်းက ဒဏ်ရာက မဆိုစလောက်ပါ မသူဇာ”

“ကဲပါရှင် … သူဇာ ဆေးထည့်ပေးပါ့မယ်”

မသူဇာသည် သူ့လက်မောင်းမှ ဒဏ်ရာကို ဆေးထည့်ရန် အင်္ကျီကို ဆွဲလှန်လိုက်ပြီးလျှင် အလွန် အံ့ဩသွားလေပြီး သူ့မျက်နှာကို မော့ကြည့်ကာ …

“ဖြစ်ရလေ ကိုဝဏ္ဏရယ်၊ ဒါ မဆိုစလောက်လား၊ ကြည့်ပါဦး၊ သွေးတွေက အခုထိ စိမ့်ထွက်နေတုန်း”

✷



ဝဏ္ဏအဖို့ …

တွေးလိုက်မိတိုင်း မနေ့တစ်နေ့ကလို ပြန်မြင်ယောင်မိဆဲ ဖြစ်သည်။ ဟံသာဝတီ ရွှေမြို့တော်မှ အသက်လုပြေးခဲ့ရသည့် ထိုညသည် ဝဏ္ဏအဖို့တော့ ဘယ်တော့မှ မေ့ပျောက်သွားတော့မည် မထင်။

အာရုံထဲ ပြန်မြင်ယောင်လိုက်တိုင်းပင် သူ့ရင်တို့ အခုန်မြန်မိရစမြဲဖြစ်၏။ အခြေအနေအရမိုးမလင်းခင် နှုတ်ဆက် ထွက်ခွာလာခဲ့ရသော်လည်း ဖြစ်နိုင်လျှင် မသူဇာ၏ ပြုစုယုယမှုများတွင် သူ ထာဝရ ခိုနားနေချင်မိသည်။ သူမ၏ သွယ်လျသော မျက်နှာလေးကို မြင်နေရသည့် ခဏသည် အေးချမ်းလွန်လှချေ၏။

ကြင်နာသိမ်မွေ့သော သူမ၏ မျက်ဝန်းများက ကြမ်းတမ်းခက်ထန်လှပြီဆိုသော သူလို လူကြမ်းကြီး၏ နှလုံးသားကို နူးမြစ်သွားစေခဲ့သည်။ ထူးဆန်းလွန်းပေစွ။

သူမ ပြောသော စကားတစ်ခွန်းကို ပြန်ကြားယောင်သောအခါ သူမကို သနားကရုဏာ သက်သွားမိပြန်သည်။ သူ့အာရုံထဲတွင် …

www.burmeseclassic.com

www.burmeseclassic.com



"သူတစ်ပါးအသက်ကိုသတ်တာ မကောင်းပါဘူး ကိုဝဏ္ဏရယ်၊ သူဇာတော့ ကိုယ့်အသက်ကို သတ်မယ်ဆိုတဲ့ လူကိုတောင်မသတ်ရက်ဘူး"

ဟူသော မသူဇာ၏ စကားကို ထပ်တလဲလဲ ကြားယောင်မိလေသည်။

❋



"တပ်မှူး"

ဟံသာဝတီသို့ လွင့်ပါးနေမိသော သူ့စိတ်အာရုံမှာ နောက်ပါးမှ ခေါ်လိုက်သံကြောင့် ပြန်လည်လာကာ ပစ္စက္ခဆီ ပြန်ရောက်လာခဲ့ရလေသည်။ သူ့ကို ခေါ်လိုက်သူက သက်တော်ရှည် အမတ်ကြီး ...။

"ဩော် ... ဘိုးဘိုး"

"ဟုတ်ပါတယ် တပ်မှူး၊ တပ်မှူးကို ကြည့်ရတာ တစ်စုံတစ်ယောက်ကို လွမ်းဆွတ်တာ,သနေသလားလို့"

သက်တော်ရှည်အမတ်ကြီးစကားကြောင့် သူ ရှက်ရွံ့စွာ ပြုံးလိုက်ပြီး ...

"မဟုတ်ပါဘူး ဘိုးဘိုးရယ်၊ ဟံသာဝတီပြည့်ရှင်ကို တာဝန်အတိုင်း မသုတ်သင်နိုင်ခဲ့တဲ့အတွက် ရတက်မအေး ဖြစ်နေတာပါ"

ဟု ပြောလိုက်ရသည်။

"ဒီအတွက်တော့ သောကမရောက်ပါနဲ့ကွယ်၊ ရွှေနန်းရှင်ဘုရားကလည်း အသာတကြည် ခွင့်

www.burmeseclassic.com

www.burmeseclassic.com



လွှတ်တော်မူတာပဲ”

သက်တော်ရှည်အမတ်ကြီးသည် သူ့ထက်များစွာ အတွေ့အကြုံ ဗဟုသုတ ပိုသူဖြစ်ကာ ဘုရင့်အရိပ်အကဲကိုလည်း ကောင်းစွာ နားလည်၏။ သို့သော် သူ့ရင်ထဲမှ သောကမီးသည် အရှိန်မပြေ။ ဟိုအကောင် သူရဆိုတဲ့ တပ်မှူးကို မသတ်ခဲ့ရတာ ရင်နာမဆုံး ဖြစ်မိတော့၏။ အလှည့်ဆိုတာ ကြုံဦးမှာပေါ့ဟု တေးထားလိုက်သည်။ ထို့နောက် သူ့စိတ်ထဲမှ အကြံအစည်ကို သက်တော်ရှည်အမတ်ကြီးအား ဖွင့်ပြောရန် စိတ်ကူးလိုက်သည်။

“ဒါပေမဲ့ ဘိုးဘိုး … ကျုပ်မှာ အကြံတစ်ခု ရှိတယ်၊ ကျုပ်ကြံစည်ထားတာက ဒီလို…”

◆ ◆ ◆



ဟံသာဝတီပြည့်ရှင်သည် ရာဇပလ္လင်ထက်တွင် ခါးကိုထောက်ရင်း ကိုယ်ကိုရှေ့သို့ညွတ်ကိုင်းကာ …

“ဒီသတင်းဟာ အမှန်ပဲလားဟဲ့ အမတ်မင်းတို့ …”

ဟု ပြန်မေးပြန်၏။ အမတ်ကြီး ဝရသင်္ဂါက…

“မှန်ပါ၊ အလွန်တိကျခိုင်လုံတဲ့ သတင်း ဖြစ်ကြောင်း အထောက်တော်များက သဝဏ်လွှာ ပို့ဆက်လာကြောင်းပါဘုရား”

“ဖတ်စမ်းဟဲ့ စာရေးတော်မင်း”

စာရေးတော်မင်းသည် သဝဏ်လွှာကို ဖြန့်ဖြော်

www.burmeseclassic.com

www.burmeseclassic.com



သည်။ သဝဏ်လွှာထဲတွင် အင်းဝပြည့်ရှင်မင်းတရား၏ သမီးတော် သုန္ဒရာဒေဝီ၏ ကြင်ယာတော်ရွေးချယ်ပွဲ ကျင်းပမည်ဖြစ်ကြောင်း ဖော်ပြထား၏။

သူရ၏ အတွေးထဲတွင် စိတ်ကူးဉာဏ်တစ်ချက် လင်းလက်သွားသည်။

"ကျွန်တော်မျိုးအား တာဝန်တစ်ခု ပေးသနား တော်မူပါ ဘုရား"

သူ အရဲစွန့်ပြီး လျှောက်လိုက်သည်။ မင်းကြီး သည် သူ့အား ပြုံးရွှင်စွာ ကြည့်ရင်း ...

"ဘာများ လျှောက်ထားလိုသလဲ တပ်မှူး"

ဟု မိန့်လေသည်။

"အင်းဝဘုရင်သမီးတော်၏ ကြင်ယာတော် ရွေးချယ်ပွဲမှာ အင်းဝဘုရင်ကို လုပ်ကြံရန် အထူးတာဝန်တစ်ရပ် ကျွန်တော်မျိုးအား ပေး သနားပါဘုရား"

သူ၏ လျှောက်တင်ချက်အဆုံးတွင် မင်းကြီး သည် ခေါင်းတဆတ်ဆတ် ညိတ်ပြီး ...



"တပ်မှူးရဲ့ လျှောက်ထားချက်ဟာ လျော်ကန် သင့်မြတ်ပါတယ်၊ ဒါပေမဲ့ ... တစ်ပြည်ရပ်ခြား ကို ကျူးကျော်ရမှာ ဖြစ်တဲ့အတွက် မောင်မင်း အတွက် ဝိုးရိမ်လှတယ်"

ဟု ဆိုလေသည်။ မင်းကြီးသည် သူရဲကောင်း ကို ချစ်မြတ်နိုးသူပီပီ ယခုလို စွန့်လွှတ်စွန့်စားရသော စ္စကိုလည်း သဘောကျတတ်၏။ သို့သော် အပြော ယ်သလောက် အလုပ်ခက်လှသည်ဖြစ်ရာ အားလုံးက ရိမ်ပူပန်နေကြသည်။

"စိုးရိမ်တော် မမူပါလင့် ... ဘုရား ကျွန်တော် မျိုးအား အင်းဝသို့သာ သွားရောက် စုံစမ်း ထောက်လှမ်းခွင့်ပြုပါ၊ အခွင့်သာတာနဲ့ အင်းဝ ဘုရင်ကိုပါ လုပ်ကြံလိုပါတယ် ဘုရား"

သူ့ရဲ့ စိတ်အားထက်သန်စွာလျှောက်တင်လိုက် ကြောင့် အမတ်ကြီးများ တစ်ယောက်မျက်နှာ တစ် တက် ကြည့်ကြသည်။ နယ်စားမင်းသည် သူ့အား မခန့် လှမ်း၍ကြည့်၏။ ထိုအကြည့်များကို သူ

www.burmeseclassic.com

www.burmeseclassic.com



ဥပေက္ခာပြု လျှစ်လျူရှုထားလိုက်သည်။ သူ့အာရုံက ဟံသာဝတီ ရွှေနန်းရှင်ထံမှ တာဝန်ပေးအပ်လာခြင်း အပေါ်မှာသာ ငုံ့လင့်စောင့်စားနေလိုက်သည်။ ဤအခွင့်အရေးကို သူ လက်လွှတ်ခံလို့ မဖြစ်ချေ။

◆ ◆ ◆



မကြာမီ …

အင်းဝရွှေမြို့တော်အဝင်လမ်းတွင် ဟောင်းနွမ်းစုတ်ပြတ်နေသော အဝတ်အစားများကို ဝတ်ဆင်ထားသော လူတစ်ယောက်သည် ဒယိမ်းဒယိုင်နှင့် လျှောက်လာ၏။ သူ၏အသွင်မှာ ခရီးပြင်းမှ နှင်လာရသည့် အသွင်ဖြစ်ပြီး အလွန်ဆာလောင်ငတ်မွတ်နေပုံပင်။

ထိုသူမှာ သူရပင်ဖြစ်၏။ ဟံသာဝတီတပ်မှူးအလေး သူရ၏အသွင်မှာ ပင်ကိုယ်ရုပ်သွင် ပျောက်ပြီး သူဖုန်းစားတစ်ယောက်နှယ် ဖြစ်နေသည်။ မနက်အရုဏ်တက်ချိန်ကတည်းက ဟံသာဝတီ ရွှေနန်းတော်မှ ထွက်

www.burmeseclassic.com

www.burmeseclassic.com



ကာ အင်းဝအထိ ခရီးပြင်းကို မရပ်မနား နှင်လာခဲ့သည်။ သူစီးလာသော မြင်းမှာလည်း လမ်းတွင် အမောဆို့ သေဆုံးခဲ့ပြီဖြစ်၏။ တောအသွယ်သွယ် တောင်အထပ်ထပ်ကိုဖြတ်ကာ လာခဲ့ရပြီး လမ်းတွင်လည်းခရီးတစ်ထောက်ကလေးမျှ မနားခဲ့။ ဟံသာဝတီမှ ခွာခဲ့စဉ်က စားနပ်ရိက္ခာ အပြည့်အစုံပါသော်လည်း လမ်းမှာမိုးစိုသည်ကြောင့် အားလုံး စွန့်ပစ်ခဲ့ရသည်။

အင်းဝမြို့တော်နားအရောက်တွင်မှ သူ ခရီးပန်း၍ အိပ်ပျော်သွားခဲ့ရ၏။ သူ အိပ်ရာမှ နိုးသည့်အချိန်သည် နောက်တစ်နေ့ အရုဏ်တက်ချိန် ဖြစ်နေပြီ ဖြစ်သည်။

အိပ်ရာမှနိုးနိုးချင်း သူ မြို့ထဲသို့ ဝင်ခဲ့၏။

ဗိုက်ထဲမှာလည်း အလွန်ဆာလောင်နေသည်။ အစာ မစားရသည်မှာ မနေ့က တစ်နေ့လုံးအပြင် ဒီမနက်ရောက်သည့် အထိပင်။

မြို့အဝင်တွင် ဇရပ်ကြီးတစ်ဆောင်ကို သူ တွေ့လိုက်ရသည်။ ဇရပ်၏အောက်တွင် ခဏနား



ရှိ သူ ဝင်လိုက်၏။ ဇရပ်ပင်တွင် နတ်ကွန်းတစ်ခုကို တွေ့ရသောကြောင့် စားစရာတစ်ခုခု ရလိုရငြား သူ ကြည့်လိုက်မိသည်။

သူ ဝမ်းသာသွားသည်။ နတ်တင်ထားသော နံ့အနည်းငယ် ရှိနေလေ၏။ ဆာလောင်လွန်းသောကြောင့် သူမှာ အလျင်စလိုပင် ယူစားလိုက်မိသည်။ နှစ်များစွာဝေးခဲ့ရသော အစားတစ်လုပ်သည် အရသာရှိပေစွ။ ပလုပ်ပလောင်း စားလို့မှ မပြီးခင်မှာပင် ...

"ဟိတ် ... ဘယ်သူလဲ၊ ရာရာစစ ငါတို့တင်မြှောက်ထားတဲ့ မုန့်တွေ ယူစားနေတာ"

ဟူသော စူးရှရှအသံကြောင့် သူ နောက်သို့ လှည့်ကြည့်လိုက်စဉ် မိန်းကလေးတစ်သိုက်ကိုတွေ့လိုက်ရသည်။ သူ့ကို လှမ်း၍ ခေါက်ငမ်းလိုက်သူမှာ ရှေ့ဆုံးမှ ဒူးထောက်ရပ်နေသော မိန်းကလေးဖြစ်မည်။ ဖရိုဖရဲ ဆံပင်များက အရှိင်းဆန်စွာ ဖြာကျနေပြီး အခြား မိန်းကလေးများလို ထုံးဖွဲ့ထားခြင်းမရှိဘဲ ပိုးကြိုးတစ်ခုနှင့် စည်းနှောင်ထားသည်။ သူမ၏ နဖူးတွင် ယောက်ျား

www.burmeseclassic.com

www.burmeseclassic.com



လေးများကဲ့သို့ပင် ပုဝါနီစကို ပတ်ချည်ထားသည်။ သူ၏ မျက်နှာတွင် နူးသာမရှိ။ စူးရှသော မျက်လုံးဝိုင်းဝိုင်းများသည် ရှည်လျားကော့ညွတ်သော မျက်တောင်များနှင့် မလိုက်ဖက်စွာ ရန်လိုသည့်အသွင် ပေါက်နေသည်။

"ဟော့ ... မေးနေတယ် မကြားဘူးလား
ရှင် ဘယ်သူလဲ"

မိန်းကလေးသည် သူရက ပြူးကြောင်ကြောင် ပြန်ကြည့်နေသည်ကို အားမလို အားမရ ဖြစ်သွားဟန်နှင့် ရှေ့တစ်လှမ်းတိုးကာ မျက်နှာကို ခပ်ချိုချိုထား၍ အော်ပြန်သည်။ သူရ ပါးစပ်ထဲမှ ပလုတ်ပလောင်း ဝါးနေသော မုန့်များကို အလျင်အမြန် မျိုချကာ မိန်းကလေး၏ မျက်နှာကို အသေအချာ ကြည့်သည်။ ပြီးတော့ သူမတစ်ကိုယ်လုံးကို ခြေအဆုံး ခေါင်းအဆုံး ပြန်ကြည့်လိုက်သည်။

သူရ၏ မျက်ခုံးအစုံ မြင့်တက်သွားရ၏။ မိန်းကလေး၏ ကျောတွင် မားရှည်တစ်လက်ကို လွယ်ပိုးထားသောကြောင့် အံ့သြရာမှ သူ့နှုတ်ခမ်းမှာလည်း ပြုံး



တုံ့တုံ့ ဖြစ်သွားသည်။ စိတ်ထဲမှလည်း အင်းဝသူတွေ ခေပါလားဟု မှတ်ချက်ပြုလိုက်မိ၏။

"ကဲ ... အမိတို့၊ ဒီလူကြည့်ရတာ တယ်ပြီး
မသင်္ကာလှဘူး၊ ဇရပ်ကို ခေါ်ခဲ့"

ဟု တပ်မင်း၊ ဗိုလ်မင်းတို့၏လေသံဖြင့်ပြောရာ သူ့နောက်မှ မိန်းကလေးများသည် သူရ၏ ဝဲ ယာသို့ ရောက်လာကာ သူတို့၏ ဖြူနုသောလက်ချောင်းကလေးများဖြင့် သူ့အား ချုပ်ထားလိုက်ကြလေသည်။ သူ အလွန်ရယ်ချင်မိသွား၏။

"ကဲ ... နောက်ကလိုက်ခဲ့"

ဟုပြောကာ မိန်းကလေးသည် သူ့ရှေ့မှခေါင့်ကြွားကြွား ထွက်သွားတော့သည်။ သူ မိန်းကလေးများခွဲခေါ်ရာနောက်သို့ ယက်ကန်ယက်ကန် ပါလာရသည်။ စိတ်ထဲမှာတော့ အတော်လေး ရယ်ချင်နေမိ၏။

ညောင်ပင်နှင့် မလှမ်းမကမ်း ဇရပ်သို့ ရောက်သောအခါ မိန်းကလေးသည် ကြိုးတစ်ခွေကို သူ့အဖော်မိန်းကလေးများကို ပစ်ပေးကာ သူ့အား ဇရပ်အလယ်ရှိ

www.burmeseclassic.com

www.burmeseclassic.com



တိုင်တွင် လက်ဖြန့်ကြိုးတုတ်နိုင်းသည်။

သူ့ကို ကြိုးတုတ်ပြီးသောအခါ မိန်းကလေး သည် သူ့ရှေ့တွင် မျက်စိနောက်လောက်အောင် လူးလား ခေါက်တုန့်လျှောက်ပြီး ...

"ရှင် ဘယ်သူလဲ၊ ဘယ်ကလာပြီး ဘယ်ကို သွားမှာလဲ၊ ဘာကြောင့် နတ်တင်ထားတဲ့ မုန့် တွေ ခိုးစားရတာလဲ"

ဟု ရှည်လျားစွာ မေးလေ၏။ မိန်းကလေးသည် သူ့အား ရာဇဝတ်သားတစ်ယောက်သဖွယ် စစ်မေးလေ တော့သည်။ မိန်းကလေးသည် အသက်အရွယ်အားဖြင့် အလွန်ငယ်ရွယ်လှသည်။ သို့သော် သူ့ကိုယ်သူ သူရဲ ကောင်းတစ်ယောက်လို ထင်နေပုံရသည်။

"မေးနေတာ ဖြေလေ"

"မင်းမေးခွန်းတွေက များတော့ ငါ ဘယ်က စဖြေရမလဲလို့ စဉ်းစားနေတာ"

"ရှင် ဘယ်သူလဲ ပြော ... မြန်မြန်"

"ငါ ဘယ်သူလဲ ဟုတ်လား၊ ငါက လူပေါ့"



"ဘာလူလဲ၊ ရှင် ကောင်းကောင်းဖြေနော်"

"ငါက ယောက်ျားတစ်ယောက်ပဲ၊ မင်း မမြင် ဘူးလား"

သူ့စိတ်ထဲတွင် မိန်းကလေးကို စချင်စိတ် ဖြစ် သွားသောကြောင့် သူမ မေးမြန်းသည်များကို အငေါ်တူး ပြီး ဖြေပစ်လိုက်သည်။

"ရှင် ယောက်ျားမှန်းတော့ သိတာပေါ့၊ နာမည် မေးနေတာ"

"ငါ့နာမည်သိတော့ မင်းက ဘာလုပ်ဦးမလို့ လဲ"

"ရှင့်ကို လူဆိုးလား၊ လူကောင်းလား သိရ အောင် စစ်ဆေးနေတာ၊ မေးတာ ကောင်း ကောင်းမဖြေရင် ဒီမှာကြည့်၊ မာလာ့ဓားက လူမရွေးဘူးနော်"

ဟုဆိုကာ ဓားအိမ်ထဲမှ ဓားကို ရှမ်းခနဲ ဆွဲထုတ် လိုက်လေသည်။ သူ ဟက်ဟက်ပက်ပက် ရယ်မော ပစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ၊ အဲဒီဓားနဲ့ ငါ့ကို ခုတ်မလို့လား"

သူ ပြုံးစစ မေးလိုက်သည်ကို မိန်းကလေးက ဓားကို ရွယ်ရင်း ...

"ဘာလဲ၊ မခုတ်ရဲဘူး ထင်လို့လား"

ဟု ခပ်မာမာ တုံ့ပြန်လေသည်။

"မဟုတ်ရပါဘူးဗျာ"

ဟု သူ ပြန်ပြောလိုက်၏။ ထိုအခါ မိန်းကလေးသည် သူ့အား စေ့စေ့ကြည့်ရင်း ...

"ရှင် အခုထိ မေးနေတာ ကောင်းကောင်း မဖြေသေးဘူးနော်"

ဟု ပြောပြန်သည်။

"ကဲ ... မေးပြီး ငါ လူဆိုးဆိုရင် ဘာလုပ်မှာလဲ"

"ရှင့်ကိုဖမ်းပြီး ရွှေနန်းတော်ကိုပို့လိုက်မှာပေါ့"

"မင်း ပို့ချင်တဲ့ဆီ ပို့ပါ၊ ဒါပေမဲ့ ငါ့ကို ထမင်းတော့ အရင်ကျွေးပါဦး၊ ငါ မနေ့ကတည်းက ထမင်းမစားရသေးဘူး၊ ပြီးမှ မင်းကြိုက်တဲ့



အပြစ်ပေးပေါ့၊ ဟုတ်ပြီလား"

မိန်းကလေးသည် သူတစ်ယောက်တည်း စဉ်းစားသလို လုပ်ပြီး သူ့အဖော်မိန်းမပျိုများဘက်သို့ လှည့်ကာ ...

"ကဲ ... အမိတို့၊ ဒီလူကို ငါ ခေါ်သွားမယ်၊ အိမ်မှာ ထမင်းကျွေးပြီးမှ သေသေချာချာစစ်မယ်၊ သင်းကို ငါ ကောင်းကောင်းထိန်းထား နိုင်ပါတယ်"

ဟု ပြောကာ သူ့ကို ကြိုးဖြေပေးပြီး သူမအိမ်သို့ ခေါ်သွားလေတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနှင့်ပင် ဆ.

သူရတစ်ယောက် အင်းဝတွင် တစ်ပတ်ခန့် ကြာအောင် သောင်တင်ခဲ့ရလေတော့၏။ သူ့အား ရာဇဝတ်သားတစ်ယောက်လို ဖမ်းချုပ်ခေါ်လာသော မိန်းကလေးသည် အိမ်သို့ရောက်သောအခါ ထမင်းကျွေးပြီး သူနှင့် စကားစမြည် ပြောဖြစ်ကြ၏။ မိန်းကလေးသည် စိတ်မထင်ရင် မထင်သလို ပြောတတ်သည်မှလွဲ၍ သဘောထား မဆိုးလှပေ။ ထို့အပြင် သူရက သူကိုယ်သူ တောအရပ်ဒေသတစ်ခုမှ စီးပွားပျက်၍ပြေးလာသော ဆင်းရဲသားတစ်ဦးဖြစ်ကြောင်း ပြောလိုက်



သော အခါ သူ့အပေါ် သနားကရုဏာ ဖြစ်သွားခဲ့လေ၏။

ထို့အပြင် သူမသည် နန်းတော်ထဲသို့ အရောက်အပေါက်ရှိသူဖြစ်ကြောင်းသိရသောအခါ သူလိုချင်သော သတင်းများ စုံစမ်းလို့ရကောင်းရနိုင်ပေသည်ဟု တွေးလိုက်မိ၏။ ... ခအိမ်တွင် ရက်အနည်းငယ် တည်းခိုပါရစေဟု သူပြောသောအခါ အသာတကြည်ပင် ခွင့်ပြုလေ၏။

သူရက အင်းဝရွှေနန်းတော်အကြောင်း မကြားဘူးသဖြင့် သိချင်သည့်ဟန်ပြုကာ မေးမြန်းလေတိုင်း သူမက စိတ်ပါလက်ပါ ပြောပြလေ့ရှိသည်၊ သူမအား နန်းတော်ဘွင်းမှာ အပျိုတော် မလုပ်ဘူးလားဟု မေးသောအခါ ...

“နန်းတော်ထဲမှာ အနေရ အထိုင်ရ ကျဉ်းကျပ်တယ်၊ ရွှေနန်းတော်အကြောင်း ရှင် ဘယ်လောက်သိကို့လဲ၊ အရှင်နှစ်ပါးရှေ့မှာ တစ်နေကုန် ပုဆစ်တုတ်ပြီး ခစားနေရတာ သိပ် စိတ်ပျက်ဖို့ ကောင်းတာ”

www.burmeseclassic.com

www.burmeseclassic.com



ဟု ကလေးတစ်ယောက်လို ပြောတတ်၏။ သူမသည် တစ်ဆယ့်ရှစ်နှစ်သာ ရှိသေးသောကြောင့် အလွန်ကလေးဆန်သည်။ သူမ၏ အပြောအဆို၊ အနေအထိုင်သည်လည်း ရွှေနန်းတော်နှင့် ဘပင် လိုမှ အပ်စပ်မည် မဟုတ်ချေ။ သူတစ်ယောက်တည်း အင်းဝ ရွှေနန်းတော်အကြောင်း စဉ်းစားနေသည့်အချိန်တွင်လည်း··

"ရှင် ··· ရွှေနန်းတော်ကို ရောက်ဖူးလား"

ဟု အားတက်သရော မေးတတ်လေသည်။ သူက

"မရောက်ဖူးပါဘူး"

ဟု ပြန်ပြောသောအခါ သူမသည် သူ့အား ကလေးငယ်တစ်ယောက်လို ကြည့်၍ ···

"ရှင့်နှယ်၊ ဒီအရွယ်ရောက်နေတာတောင် တိုက်ရေး ခိုက်ရေး မတတ်ဘူးလား၊ အဲဒါတွေ တတ်ရင် နန်းတော်မှာ မင်းမှုထမ်း လုပ်လို့ရတယ်၊ ရှင့်ကို မာလာအားတဲ့အခါ သင်ပေးပါ့မယ်"



ပြောလေသဖြင့် ရယ်ချင်ပက်ကျိ ဖြစ်မိရပြန်သည်။ သို့သော် မျက်နှာထားကတော့ မင်သေသေ တကယ်စိတ်လက်ဝင်စားသလို ပြုရသည်ပေါ့။ နို့မဟုတ်ပါက သူ့အလိမ်တွေ ပေါ်သွားမှာ စိုးရသည်လေ။

သူ့ရအဖို့တော့ မာလာနှင့်နေရသော ရက်များမှာ အိပ်မက်ကမ္ဘာသို့ ရောက်နေရသည့်နှယ်ရှိ၏။

ကြည်နူးစရာ၊ လွမ်းမောစရာ၊ တသသ မမေ့နိုင်စရာ ဖြစ်ချေတော့သည်။

ဘဝတလျှောက် စစ်မြေပြင်ကလွဲ၍ လောကရှိ တခြားဘယ်နေရာကိုမှ မပျော်မွေ့တတ်သော သူ့လိုလူအတွက် မာလာနှင့်နေရသည့် အချိန်လေးကို အရာအားလုံးထက် ပိုမက်မောနေမိသည်မှာ အံ့သြဖွယ်ပင် ကောင်းနေပါသေး၏။

မာလာထားသောအိမ်မှာပင် သူတစ်ယောက်တည်း နေရသည်။ မာလာသည် တစ်ခါတစ်ရံနန်းတော်သို့ သွားနေတတ်သည်။

သို့သော် ဘယ်အချိန်မှာမဆို သူ့အား ထမင်းပို့

www.burmeseclassic.com

www.burmeseclassic.com



တော့ တစ်ရက်မှ မပျက်ခဲ့။ သူမရောက်လာတိုင်း နန်းတော်ထဲမှ အကြောင်းများကို သူ့အား ကလေးပုံပြောသလို ပြန်ပြောပြတတ်သည်။

ထိုသို့ဖြင့် သူတို့၏ နှောင်တွယ်မိသော ဇာတ်လမ်းလေးသည် မပြောင်းမလဲ အချိုးကျစွာရှိနေခဲ့ပါလေ၏။

သို့သော် …

ကြည်နူးဖွယ်နေ့ရက်တို့မှာ သိပ်မကြာမြင့်ခဲ့ပါချေ။

တစ်ပတ်မျှအကြာ နေ့တစ်နေ့တွင်တော့ ….

ခါတိုင်းနေ့များအတိုင်း သူရှမ္မာ အိမ်ပေါက်ဝထိုင်ရင်း မာလာကိုသာ မျှော်နေမိခဲ့လေ၏။

မကြာပါချေ။ သူမ ထမင်းအုပ်ကိုင်ပြီး ရောက်လာခဲ့သည်။

"ဒီမယ် ရှင် ထမင်းဆာပြီလား"

ဟု ရောက်ရောက်ချင်း မေး၏။ သူ ခေါင်းခါပြလိုက်ပြီး …



"မဆာသေးပါဘူး၊ မင်းကို မျှော်နေတာ"

ဟု ပြောလိုက်သောအခါ သူ့ကို မျက်လုံးအဝိုင်းသားဖြင့် ကြည့်ပြီး …

"ဟင်…မာလာ့ကိုမျှော်နေတယ် ဟုတ်လား"

ဟု သူ့ကို တအံ့တသြ မေးလေသည်။

"အင်း … မင်းမရှိရင် ပျင်းတယ်"

ဟု သူ ပြန်ပြောလိုက်သည်။ မာလာသည် သူ့ အား မျက်စောင်းရှယ်ရင်း …

"ရှင့်ကို သနားလို့ အိမ်မှာထားပြီး ထမင်းကျွေးနေတာ၊ ရှင် အပျင်းတော်ပြေအောင် ဘာလုပ်ပေးရမှာလဲ"

ဟု ပြောလေ၏။

"ဒါနဲ့ … နန်းတော်ထဲမှာ ဘာသတင်းထူးသေးလဲ"

ဟု သူမေးလိုက်မိသည်။ မာလာသည် သူ့အား ခုတ်ခနဲ မော့ကြည့်ရင်း သူ့မျက်နှာအား သေသေချာချာ စိုက်အကဲခတ်တော့၏။

www.burmeseclassic.com

www.burmeseclassic.com



သူ စကားမှားသွားပြီမှန်း သိလိုက်ရသော်လည်း မတတ်နိုင်တော့။ မာလာ၏ မျက်နှာမှာ တဖြည်းဖြည်း တည်တင်းသွားပြီး…

"ရှင်ဟာ မာလာ့အစ်ကိုတို့ ပြောနေတဲ့ သူလျှို များ ဖြစ်နေလား"

ဟု တစ်ခွန်းချင်း တိုးတိတ်စွာ ပြောလေသည်။ မာလာ့စကားကြောင့် သူ အလွန်အမင်း စိတ်လှုပ်ရှား သွားရသည်။

"မင်းအစ်ကိုတွေက ဘာပြောလို့လဲ"

ဟု သူ အလျင်စလို မေးလိုက်သောအခါ…

"အင်းဝရွှေနန်းရှင်ကို လုပ်ကြံဖို့ ဟံသာဝတီ က လူလွှတ်လိမ့်မယ်တဲ့၊ သူတို့ရှာနေကြတယ်၊ ရှင်က ဟံသာဝတီက များလားဟင်"

ဟု မျက်နှာညှိုးညှိုးလေးဖြင့် မေးလေသည်။ သူ ခေါင်းကို သွက်သွက်ခါယမ်းပြလိုက်ပြီး …

"မဟုတ်ပါဘူးကွာ၊ ဒါနဲ့ မင်းအစ်ကိုက နန်း တော်ထဲက အမှုထမ်းလား၊ ရဲမက်တော်လား"



ဟု မေးလိုက်မိသည်။ မိန်းကလေးသည် ချက် ချင်းဆိုသလိုပင် ဝမ်းသာဂုဏ်ယူဟန်ဖြင့် …

"မာလာ့အစ်ကိုအကြောင်း ရှင် မသိဘူးထင် တယ်၊ အင်းလေ … ရှင့်ကို ပြောမထားမိဘူး ကိုး၊ မာလာ့အစ်ကိုက ဘုရင့်သက်တော်စောင့် တပ်က တပ်မှူးလေးလေ၊ တပ်မှူးလေး ဝဏ္ဏ ဆိုရင် အင်းဝတစ်မြို့တော်လုံး သိတယ်"

ဟု တက်ကြွစွာ ပြောလေတော့သည်။ မာလာ့ စကားအဆုံးတွင် သူ့ရ မျက်နှာ ကွက်ခနဲပျက်ယွင်းသွား သည်။ မာလာကတော့ သူ့မျက်နှာအရိပ်အကဲကို မသိ လိုက်ပေ။

သူ မသိမသာလေး အံကြိတ်လိုက်မိသည်။ မာလာကတော့ ကလေးငယ်တစ်ယောက်လို အပြစ် ကင်းစင်စွာ သူ့အား စောင့်ရှောက်ထားခဲ့၏။ ရန်သူ့နှမ ကိုမှ သူက သံယောဇဉ် တွယ်မိချေ၏။ နုနယ်သော မာလာ့မျက်နှာလေးကို လှမ်းကြည့်ရင်း သက်ပြင်းတွေ ချလိုက်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေ စဉ်းစားနေတာလဲ၊ ရှင် ဟံသာဝတီ
ကတော့ မပဟုတ်တာ သေချာပါတယ်နော်"

သူ ပြုံးပြီး ခေါင်းညိတ်ပြလိုက်သည်။ မာလာသည် နှုတ်မှ ပွစိပွစိနှင့် တစ်ယောက်တည်း ရေရွတ်နေရင်း ...

"တော်ပါသေးရဲ့၊ ဟံသာဝတီသား မဟုတ်လေလို့၊ ဒီလိုမှမဟုတ်ရင် အစ်ကိုလက်ချက်နဲ့ ရှင်သေလိမ့်မယ်"

ဟု သူ့အား ပြောလေသည်။ သူ့ရ နှုတ်ခမ်းကို မသိမသာမဲ့ပစ်လိုက်သည်။ စိတ်ထဲမှလည်း မင်းအစ်ကို လက်ချက်နဲ့ ငါသေရမလား၊ ငါ့မားကပဲ သူ့ဝိညာဉ်ကို ခွေနိုင်မလားဆိုတာ မင်း သိရမှာပေါ့ မိန်းကလေးရယ် ဟု ကြုံးဝါးလိုက်မိတော့သည်။

◆ ◆ ◆



နောက်တစ်နေ့ မာလာ ထိုအိမ်သို့ ရောက်လာ ချိန်မှာတော့ တစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်နေသည်။ ...သူ့မှ မရှိသည်ကို တွေ့သည့်အခါ သူမရင်ထဲ ထိတ် ...ခဲ့ ဖြစ်သွားရသည်။

"သူ ... သူ ထွက်သွားပြီလား၊ ငါ့ကိုတောင် နှုတ်ဆက်မသွားဘူး"

သူမ နှုတ်ခမ်းလေးလှုပ်ရုံ တီးတိုးရေရွတ်လိုက် ...သည်။ သူသည် အမှန်တကယ်ပင် ဟံသာဝတီက ...ဖြစ်သည့်အတွက် ရှောင်တိမ်းသွားခြင်းလားဟု ...ပြန်၏။ သူမ စိတ်ပျက်စွာ ပြန်ထွက်လာမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ခြံဝအရောက်မှ တစ်စုံတစ်ခုကိုသတိရသွားပြီး အိမ်ဆီသို့ အပြေးပြန်လှည့်မိလေသည်။ သူ့အဝတ်ထုပ် ရှိသေးလားဆိုတာ သိချင်မိသောကြောင့် အိမ်ထဲတွင် အပြေးလွှား ရှာလိုက်မိသည်။ တွေ့ပါပြီ။ အိမ်ထောင့်မှာ သူ့အဝတ်အစားထုပ်ကို တွေ့လိုက်ရသည်။ သူမ ဝမ်းသာသွားရ၏။ ဒါဆို သူ ထွက်မသွားသေးတာ သေချာသွားပြီပဲ။

သို့သော် လောလောဆယ်တော့ သူ မရှိ။ မာလာမှာ သူ့အဝတ်အိတ်ထဲ မွှေနှောက်ရှာဖွေလိုက်မိချေသည်။ အိတ်ထဲမှ ထွက်ပေါ်လာသည်များ တွေ့သည့်အခါ …

သူမ မျက်လုံးများ ပြူးကျယ်ဝိုင်းစက်သွားရ၏။ ကျောက်မျက်ရတနာများ စီခြယ်ထားသော ဓားရှည်တစ်လက်။ ဓားအိမ်ပေါ်တွင် ရေးထားသောစာမှာ 'ဟံသာဝတီသူရဲကောင်း' တဲ့။

"ဟံသာဝတီသူရဲကောင်း ဆိုပါလား၊ ဒါဆို သူဟာ သူလျှိုပဲပေါ့"



ဘုရား … ဘုရား။ မာလာထင်တဲ့အတိုင်း ဖြစ်နေပြီပေါ့။ ဓားကို အိတ်ထဲသို့ ဟန်မပျက် ပြန်ထည့်ထားလိုက်၏။ သူမ အလွန်စိတ်လှုပ်ရှားနေရသည်။ အခုသူ ဘယ်သွားပါလိမ့်ဟု စဉ်းစားလိုက်သောအခါ ဦးနှောက်တွင် တစ်စုံတစ်ခုကို သတိရသွား၏။

"သူ ငါ့ကို ရွှေနန်းတော်အကြောင်း ခဏခဏ မေးတယ်၊ ဒါဆို သူ …"

မာလာ အိမ်ပေါ်မှ ဆင်းလာပြီး ရွှေနန်းတော်သို့ သွားသည့်လမ်းအတိုင်း ထွက်လာခဲ့သည်။ သူမရင်ထဲတွင် ထူးထူးဆန်းဆန်း သူစိမ်းတစ်ယောက်အပေါ် ပထမဦးဆုံး စိုးရိမ်မိခြင်း ဖြစ်၏။

သွားနေကျ ခြေလှမ်းတွေကိုပင် နှေးကွေးလွန်းသည်ဟု ထင်နေမိသည်။ တစ်နေရာအရောက်မှာတော့ သူမ ခြေလှမ်းတွေ တုံ့ခနဲ ဖြစ်သွားသည်။

သူမကိုယ်ကို နီးရာသစ်ပင်တစ်ခုမှာ ကွယ်နေလိုက်ရ၏။ သူကတော့ ဘာမှမသိချေ။ နန်းတော်ဘက်မှ အေးဆေးစွာ လျှောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ ကြိုတင်မှန်းဆထားသည့်အတိုင်း နန်းတော်ကို သွားရောက်လေ့လာခဲ့ပြီးဖြစ်ဟန်ရှိသည်။ သူမ မသိဟန်ဆောင်၍ ဟန်မပျက် ဆက်နေလိုက်မည်ဟု စိတ်ကူးလိုက်သည်။

သို့သော် သူ့ကို အိမ်ဟောင်းမှာ လက်ခံထားခြင်းအား တစ်နေ့မဟုတ် တစ်နေ့ အစ်ကို သိသွားနိုင်သည်။ အစ်ကိုသိလျှင် သူ အသတ်ခံရမည်ဖြစ်၏။ သူမ အပြင်းအထန် စဉ်းစားရတော့သည်။

သူ့ကို မာလာ သံယောဇဉ်ရှိနေတာ သေချာနေပြီ ဖြစ်၏။ သူ့ကို အကာအကွယ်ပေးတာတစ်ခုတည်းနဲ့ အင်းဝရွှေနန်းတော်၏ သစ္စာဖောက်ဖြစ်နေပြီကို မာလာ မသိ၍ မဟုတ်။ သို့သော် ...

◆ ◆ ◆



"အဲဒီမှာ ... အိမ်ထဲမှာရှိတယ် ရဲမက်ကြီး၊ မာလာပြောတာ အဲဒီလူပဲ"

စီခနဲ ကြားလိုက်ရသော သူမအသံစူးစူးကြောင့် သူ ဆတ်ခနဲ ခေါင်းထောင်ကြည့်လိုက်သည်။ အတွေ့အကြုံ ရင့်သူပီပီ လက်က အလိုလို ဓားကိုဆွဲမိရက်သား ဖြစ် နေ၏။ အိမ်တံခါးပေါက်မှ သူ ချောင်းကြည့်ဖို့ စိတ်ကူးလိုက်ပေမယ့် ရဲမက်ဟူသော အသံကြားလိုက်ကတည်းက သူ ရင်ဆိုင်ဖို့ အသင့်ဖြစ်နေပြီ။

သို့သော် သူ ချက်ချင်းစိတ်ကူးရလိုက်သည်။ ယခုအချိန်မှာ သူ့ကို မည်သူမည်ဝါမှန်း ကွဲကွဲပြားပြား

www.burmeseclassic.com

www.burmeseclassic.com



မသိခင် အင်းဝတပ်တွေနှင့် ရင်မဆိုင်တာ အကောင်းဆုံးပင် မဟုတ်လော။

သူ အိမ်နောက်ဖေး ပြတင်းမှ ခုန်ဆင်းကာ ထွက်ပြေးခဲ့သည်။ ပြေးရင်းလွှားရင်းမှ မာလာ့မျက်နှာလေးကို ဖျတ်ခနဲ မြင်ယောင်မိပြန်၏။ သူ 'တောက်' တစ်ချက် ပြင်းထန်စွာ ခေါက်လိုက်သည်။ သင်း ကိုယ်တိုင် ရဲမက်တွေကို ခေါ်လာသည်။ သူ သံယောဇဉ်တွယ်မိသော မိန်းကလေးကိုယ်တိုင် သူ့ကို ရဲပို့ဖို့ ကြံစည်ရက်သည်။ ရဲမက်တွေကတော့ သူ့ကို လုံးဝ မတွေ့လိုက်၍ တော်သေးသည်။

မာလာ့ကို သူ သံယောဇဉ်ဖြစ်မိခြင်းနှင့်အတူ စိတ်ချယုံကြည်ထားခဲ့သည်။ သူမ ထိုသို့လုပ်လိမ့်မည်ဟု သူ မထင်ခဲ့။

အင်းဝရွှေနန်းတော်အကြောင်း မကြာခဏ မေးမြန်းသည်ကို သံသယဖြစ်သွားဟန်ရှိသည်။

ထို့အပြင် သူမက သူ့ရ အလွန်မုန်းတီးနေသော ရန်သူ့ရဲ့ နှမဖြစ်နေပြန်သည်။ သည်တစ်ကြိမ်လည်း



လွဲခဲ့ ရပြန်ပြီပေါ့။ အင်းဝဘုရင်ကို လုပ်ကြံမည့်အရေး ပျက်ပြားတာက အကြောင်းမဟုတ်။ဝဏ္ဏဆိုတဲ့အကောင်ကို မသုတ်သင်ခဲ့ရခြင်းအား ရင်ထဲအခဲမကျေဖြစ်မိ၏။

သင်းက ဟံသာဝတီနန်းတော်အထိ လာပြီး ရွှေနန်းရှင်ကို လုပ်ကြံဖို့တောင် ကြိုးစားလိုက်သေးတယ်။ သူ့ရမှာတော့ အင်းဝနန်းတော်ထဲ မဝင်နိုင်သေးခင်မှာပင် ထွက်ခွာခဲ့ရပေါ့။ ဒါတွေအားလုံးဟာ ဟို မာလာဆိုတဲ့ မိန်းမဆိုးလေးကြောင့်ပဲ။

တွေ့ကြသေးတာပေါ့ မိန်းမဆိုးလေးရယ်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် မာလာမှာ သူ့အစ်ကို ဝဏ္ဏရှေ့၌ အရူးအကြိမ်းခံနေရပြီ ဖြစ်သည်။

"နင် ငါမေးတာ မှန်မှန်ဖြေစမ်း၊ အဲဒါ ဟံသာဝတီက သူလျှိုမဟုတ်လား"

ဝဏ္ဏသည် မီးဝင်းဝင်းတောက်သော မျက်လုံးများဖြင့် မာလာကို စူးစူးဝါးဝါး စိုက်ကြည့်ပြီး အော်မေးလိုက်သည်။ မာလာ ခေါင်းကိုငုံ့၍ ကိုယ်လေးနောက်သို့ တွန့်သွားရ၏။

"မာလာ မသိပါဘူးဆို၊ သူ့မှာ နေစရာမရှိ စားစရာမရှိ ဒုက္ခရောက်နေတယ်ဆိုလို့ မြို့ထဲက



အိမ်ဟောင်းမှာ ခဏခိုခွင့်ပေးထားတာ၊ သူ့အခြေအနေကို အကဲခတ်နေတာပဲ၊ မသင်္ကာလို့ရှိမှကတွေခေါ်ပြီး ဖမ်းခိုင်းတာပဲ"

"တော် ... တိတ်စမ်း၊ နင် ဒီသူလျှိုကောင်ကို အိမ်မှာခိုခွင့်ပေးထားတာ ရှေနန်းရှင်သိရင် ဘာဖြစ်သွားမယ် ထင်လဲ"

"ဘာသူလျှိုလဲ၊ မာလာ အဲဒါတွေ မသိဘူး၊ လူတစ်ဖက်သား ဒုက္ခရောက် ..."

"တော်စမ်း၊ လူစိမ်းတစ်ယောက်ကို ပရိယာယ်လည်း နားမလည်"

ပြောနေရင်း ဝဏ္ဏမျက်လုံးထဲတွင် သူ ဟံသာဝတီမှ ထွက်ပြေးခဲ့သောညကို ပြန်မြင်ယောင်လာမိသည်။ အဖြစ်ချင်းက ဆင်တူနေသည် မဟုတ်လား။ တဆက်တည်းမှာပင် မသူဇာ၏ မျက်နှာလေးကို မြင်ယောင်မိကာ သူ့ရင်ထဲ တစ်မျိုးဖြစ်သွား၏။ သတိရတမ်းတခြင်း လား၊ အကြောင်းတိုက်ဆိုင်၍ အမှတ်ရမိခြင်းလား မဆိုနိုင်။ နှမဖြစ်သူ မာလာ၏ မျက်နှာကို

www.burmeseclassic.com

www.burmeseclassic.com



နွေနွေ ကြည့်လိုက်၏။

"မာလာ ... နင် ကြပ်ကြပ်သတိထား၊ မဆိုင်တဲ့အရာဆို စပ်စပ်စုစုပါတယ်၊ တကယ့်ရန်သူ နင့်ကြောင့်လွတ်သွားပြီ"

"အစ်ကိုကြီးက မာလာ့ကို ဘာများပြောထားလို့တုန်း၊ အခုလည်း ရဲမက်တွေကို လာပြောတာပဲ၊ သူတို့ဟာသူတို့ အသုံးမကျလို့ မမိတာဘဲ"

မာလာ့စကားကြောင့် ဝဏ္ဏမျက်နှာ တင်းခနဲဖြစ်သွားသည်။

"နင် ဘာလို့ ငါ့ကို လာမပြောတာလဲ၊ ဒါလောက် အရေးကြီးတဲ့ကိစ္စကို ရဲမက် သုံးလေးယောက် ခေါ်သွားပြီး ဖမ်းနိုင်းရတယ်လို့၊ တယ် ငါလုပ်လိုက်ရ သေတော့မယ်"

ဝဏ္ဏသည် နမဖြစ်သူအပေါ် ယမ်းပုံမီးကျခေါသဖြစ်နေရသည်။ ယခု အင်းဝထဲအထိ ရောက်လာသူမှာ တခြားလူမဖြစ်နိုင်။ ဟိုကောင် သူရပဲဖြစ်မှာ။



"နင် အဲဒီအကောင် ပုံသဏ္ဌာန်ကို မှတ်မိလား"

"မြင်ရတော့ မှတ်မိပါတယ်"

"တောက် ... ဒါ ငါတို့ အကွက်ဆင်ထားမှန်းသိလို့ နင် တမင်လွတ်အောင် လုပ်လိုက်တာမဟုတ်လား"

ဝဏ္ဏအမေးကို မာလာသည် မည်သို့မျှမတုံ့ပြန်ဘဲ တစ်ဖက်သို့ မျက်နှာလွှဲသွားသည်။ ဝဏ္ဏသည် သူ့နမအကြောင်း သူသာ အသိဆုံး၊ မေးလည်း လေကုန်ရုံသာ ရှိရှေ့မည်။ သူမကတော့ ထုံးစံအတိုင်း ခေါင်းမာပေကပ်စွာ ငြင်းဦးမည်သာ။ ။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



ဧည့်ခန်းဆောင်ထဲတွင် ခေါက်တုန့်ခေါက်ပြန် လျှောက်နေသော သူ့အသွင်က သူ့စိတ်အာရုံ၏ မငြိမ်သက်မှုကို တစ်စွန်းတစ်စ လှစ်ဟပြနေသယောင်။

"တောက်"

ဘယ်နှစ်ကြိမ်မြောက်မှန်း မသိနိုင်တော့သည့် တက်ခေါက်သံသည် သူ့နှုတ်မှ အရှိန်ပြင်းစွာ ဆောင့်ထွက်လာပြန်ချေပြီ။ အပြင်ဝန်းကျင်တွင်မိုးသားတိမ်လိပ်တို့ မှိုင်းညို့မှောင်ရီနေသလို သူ့စိတ်အစဉ်သည်လည်း ရှုပ်ထွေး နောက်ကျုနေရသည်။ သူ့မျက်ဝန်းတွင် တောပန်းရိုင်းနှင့်တူသော မာလာ၏ မျက်နှာကိုသာ စွဲမြဲမြင်



ယောင်နေ၏။ သူမမျက်နှာကို မြင်ယောင်လေလေ နှလုံးသားမှ စူးမျက်သော ဝေဒနာနှင့်အတူ ခံပြင်း ဒေါသဖြစ်ရပြန်သည်။

"အမောင်ငယ်"

ရုတ်တရက် ခေါ်လိုက်သော အစ်မ၏အသံကို ထင်လျှင် ရင်ထဲ ထိတ်ခနဲ လန့်သွားမိသေးတော့၏။ ဂရုဏာမငြိမ်သော သူ့အမူအရာကို ကြည့်ရင်း မိန်းမသားသဘာဝ စပ်စုဦးတော့မည်။

"ဘာတွေ ဖြစ်နေတာလဲ အမောင်ငယ်၊ ဘယ်လိုဖြစ်လို့ ဒီလောက် ဏ္ဍန္ဒေမရ ဖြစ်နေရတာလဲ"

အစ်မစကားက သူ့ဒေါသကို ပိုပြီး ဆူဝေလာစေသည်။

"ဏ္ဍန္ဒေမရဖြစ်နေတာ မဟုတ်ဘူးဗျ၊ ဒေါသထွက်နေတာ"

"ဒေါသထွက်တယ်ဆိုတာ မကောင်းဘူး အမောင်ငယ်၊ အဲဒါ အကုသိုလ်ပဲ၊ ဒေါသနဲ့

www.burmeseclassic.com

www.burmeseclassic.com



သေရင် အပယ်လားတတ်တယ်"

အစ်မကတော့ အစဉ်အလာအတိုင်း တရားတွေ ဟော၊ စားကိုင်နေတဲ့ စစ်သားကို တရားတွေ ဟောနေတဲ့ အစ်မကိုယ်စား သူ စိတ်မောရ၏။

"အစ်မ မသိပါဘူးဗျာ"

"ဩော် … မသိလို့ မေးတာပေါ့၊ ဘာကြောင့် ဒီလောက် ဒေါသတကြီး ဖြစ်နေရတာလဲလို့"

"ဘာမှမဟုတ်ပါဘူး အစ်မရယ်၊ ကျူပ်ကိစ္စတွေ အစ်မ နားမလည်ပါဘူး"

"ကဲ … ထားပါတော့၊ မပြောချင်လည်းနေ"

သူ့စကားကြောင့် အစ်မ ဆက်မမေးတော့ဘဲ အိမ်ခန်းထဲသို့ ဝင်ရန် ဟန်ပြင်သည်။

"မိန်းမတွေဟာ တော်တော် နားလည်ရ ခက်တာပဲ"

သူတစ်ယောက်တည်း ညည်းညူသလို ပြောခြင်းကို အစ်မက ကြားဖြစ်အောင် ကြားသွားပြန်သည်။



"ဟော … ပြောပြန်ပြီ၊ ဘယ်မိန်းမတွေစိတ်ကို အကောင်က နားမလည်လို့တုန်း၊ အစ်မကို ပြောတာတော့ မဟုတ်တန်ရာဘူးနော်"

အစ်မစကားကို သူ မကြားယောင် ပြုနေလိုက်သည်။ အစ်မကတော့ ဘာမှမသိရှာ။ သူ့မှာသာ မာလာ့ ချက်နှာကို မြင်ယောင်ရင်း ကြိတ်မနိုင် ခဲမရ ဖြစ်နေရသည်။ တစ်ခုခုဖြစ်လျှင် တူညီတဲ့ တုန့်ပြန်မှုမျိုးတော့ သူ့ဖက်က ပေးလိုက်ရမှ။ ဒီတော့ သူ ဘာလုပ်သင့်သလဲ။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



သူနှင့် စတင်ဆုံတွေ့ခဲ့ရသော နေရာလေးမှာ မာလာတစ်ယောက်တည်း ထိုင်နေမိသည်။ မလာနိုင်မှန်း သိသော်လည်း မျှော်နေမိ၏။ သူကတော့ သိလိမ့်မည် မဟုတ်ချေ။ သူ့ကို ရဲမက်တွေလက်ဏာလွှတ်အောင် မာလာ တမင်ကယ်တင်လိုက်ခြင်းကို သူ သိမှသိပါလေ စ။– သူ့ရဲ့အကြံအစည်တွေ ပျက်သွားလို့ မာလာ့ကို အမျက် ထွက်နေလောက်ရောပေါ့။ ဩော် ··· ရှင်ရယ်၊ ရှင့် အသက်အန္တရာယ်အတွက် စိုးရိမ်ပူပန်လို့ ဒီလိုလုပ် လိုက်ရတယ်ဆိုတာ ရှင် သိဖို့ကောင်းပါရဲ့ ဟံသာဝတီ သူရဲကောင်းကြီးရယ်။



"ဟိတ် ··· မာလာ ဘာတွေတွေးနေတာလဲ"

"အမလေး လန့်လိုက်တာဟာယ်၊ တော်တို့က လည်း ···"

ရုတ်တရက် မာလာ အနားရောက်လာသော သူငယ်ချင်းမ,များ၏အသံကြောင့် မာလာ သူ့အကြောင်း စဉ်းစားနေရင်းမှ ရုတ်တရက် လန့်ဖျတ်သွားရသည်။

"အင်း ··· မဟုတ်မှလွဲရော ရှင် မာလာ တစ်ယောက်တစ်ပြည်သားကို လွမ်းနေတယ်ထင်ပါ့"

"အို ···"

သူငယ်ချင်းဖြစ်သူစကားကြောင့်မာလာမျက်နှာ က နှင်းဆီပန်းလို ရဲရဲနီသွား၏။ အမြဲတမ်း တံခွတ်ထိုး ဆန်ဆန်နေခဲ့သော စွာတာတော မိန်းကလေးသည် ထူး ထူးဆန်းဆန်း နူးညံ့သိမ်မွေ့ဟန်ဖြင့် ရှက်ရွံ့သွားသည်ကို အားလုံး အံ့သြနေကြသည်။

"ဟုတ်နေပါပြီ၊ ခင်လွမ်းထင်တာ မလွဲဘူး ဆိုရင် ဟံသာဝတီက မောင်ကြီးကိုမျှော်နေတာ ပဲ ဖြစ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ၊ ဘာတွေလျှောက်ပြောနေတာလဲ၊ မသိဘူး ... မသိဘူး၊ လာမပြောနဲ့"

မာလာ ရှက်ရွံ့ပူထူစွာ ခေါင်းကို သွက်သွက်ခါငြင်းလိုက်သောအခါ မိန်းကလေးတစ်သိုက်မှာအဓိပ္ပာယ်ပါသော အကြည့်တစ်မျိုးစီဖြင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ပြုံးကြလေတော့သည်။

"ကဲ ... ရှင်မာလာ၊ တောထဲ အသီးအရွက်လေး ဘာလေး သွားရှာရအောင် လိုက်ဦးမလား"

"မလိုက်တော့ပါဘူး၊ မာလာတစ်ယောက်တည်း အေးအေးဆေးဆေး နေပါရစေ"

ထိုအခါ မိန်းကလေးအုပ်စုထဲမှ ခပ်စွာစွာ ခပ်သွက်သွက် မိန်းကလေးတစ်ယောက်က ...

"ဟုတ်ပါရဲ့၊ တော်တို့ကလည်း အလိုက်ကို မသိဘူး၊ သူ့ခမျာ တစ်ယောက်တည်း လွမ်းနေပါစေ၊ မဟုတ်ဘူးလား"

ဟု ဆိုလိုက်လေလျှင် မာလာသည် ထိုင်နေရာ



မှ ထကာ မိန်းကလေးများကို ရှက်ကိုးရှက်ကန်းဖြင့် လိုက်၍ ရိုက်ရာ မိန်းကလေးများသည် ရယ်မောရင်း ပြေးထွက်သွားကြလေတော့၏။

မိန်းကလေးများ ထွက်သွားပြီးသောအခါမှ မာလာသည် ညောင်ပင်ကြီးကိုမှီရင်း တစ်ယောက်တည်း ပြုံးနေမိသည်။ သူမစိတ်ကူးထဲတွင် ဟံသာဝတီ သူ့ရဲကောင်း၏ ရုပ်သွင်က စိုးမိုးထားလေ၏။

လေတိုက်သောကြောင့် ညောင်ရွက်များ လေတိုးသံ တဖျပ်ဖျပ်ကို ကြားနေရသည်။ ထို့အတူ မာလာ့ နှလုံးသားတွင်လည်း ဟံသာဝတီမြို့တော်ရှိရာ မှိုင်းမှိုင်း ညို့ညို့ တောတောင်အုပ်အုပ်တွေကို ကြည့်ရင်း ရင်တလှပ်လှပ် ခုန်နေရသည်။ သူမအတွေးတွေ ဘယ်အထိ ခြေဆန့်ကုန်သလဲ မသိနိုင်။အနောက်ဘက်တောင်တန်းတွင် နေလုံးနီနီကြီးပင် တခြမ်းကွယ်နေလေပြီ။

"ဟင်း. ..."

သက်ပြင်းမောကို ချရင်း အိမ်ပြန်ရန် ပြင်လိုက်သည်။ အိပ်တန်းပြန် ငှက်တချို့ကို စကားတီးတိုးလေး

www.burmeseclassic.com

www.burmeseclassic.com



ဆိုချင်ပေမယ့် မဖြစ်နိုင်သော ဘဝမို့ သူမ သက်ပြင်းချ ရုံကလွဲပြီး ဘာများတတ်နိုင်ဦးမည်နည်း။

"အို ..."

မြွေတစ်ကောင်လို ရုတ်တရက် ရစ်ပတ် ဖမ်းချုပ်လိုက်သော လက်များကြောင့် သူမကိုယ်လေး တစ်စုံ တစ်ယောက်ရဲ့ ရင်ခွင်မှာ နစ်မြုပ်သွားရသည်။

"ဘယ်သူလဲ ... လွှတ်ပါ၊ ရှင်ဘယ်သူလဲ"

နောက်ကျောမှ သိုင်းဖက်ချုပ်နှောင်လိုက်သော ယောကျ်ားတစ်ယောက်ရဲ့ သန်မာသော လက်တစ်စုံ အတွင်းမှာ မာလာ့ကိုယ်လေး မလူးသာ မလွန့်သာ။ မာလာ့နှုတ်မှ တတွတ်တွတ်အော်ဟစ်ရုန်းကန်နေပေမယ့် ထိုသူကတော့ တစ်ခွန်းမှ မတုံ့ပြန်ဘဲ မာလာ့ကိုသာ အတင်းဖမ်းဆီးနေချေ၏။

"ရှင် ဘယ်သူလဲ ... ရမ်းကားလှချည်လား၊ လွှတ်နော်၊ မာလာ့အစ်ကိုက ဘုရင့်တပ်ကတပ်မှူး၊ ရှင့်အသက်နဲ့ကိုယ် အိုးစားကွဲသွားမယ်"

သူမ မာန်ပါပါ အော်ဟစ်ကြိမ်းမောင်းလိုက်



သည်။ သူမ ခြေထောက်နှင့် လက်များမှာလည်း အငြိမ် မနေဘဲ ရုန်းကန်နေရ၏။

"တပ်မှူးဝဏ္ဏရဲ့ ညီမကို အခုလို မတရား ဖမ်းဆီးဖို့ ကြိုးစားနေတာ ..."

"တိတ်စမ်း ... လာ ... လိုက်ခဲ့"

သူမစကား မဆုံးခင် ထိုလူမှာ သူမအား အတင်းဆွဲခေါ်တော့သည်။ ရုန်းရင်းကန်ရင်းနှင့်ပင် မာလာ သူ့နောက်သို့ တရွတ်တိုက် ပါသွားသည်။ မာလာ ကြောက်လန့်လာပြီး အော်ငိုမိတော့သည်။

"အစ်ကို ... အစ်ကိုရေ မာလာ့ကို ကယ်ပါဦး"

"ဟား ... ဟား ... ဟား ... ဟား"

မာလာ ဝမ်းနည်းစွာ ငိုကြွေးနေသလောက် လူရမ်းကားမှာ အသံနက်ကြီးနှင့် အော်ဟစ်ရယ်မောနေတော့၏။ မာလာ အလွန်လန့်သွားမိသည်။ ပတ်ဝန်းကျင်သည်လည်း တိတ်ဆိတ်ငြိမ်သက်နေ၏။ ကယ်မည့်သူ တစ်ဦးတစ်ယောက်မှ မပေါ်လာ။ သူ ဆွဲခေါ်ရာနောက်

www.burmeseclassic.com

www.burmeseclassic.com



သာ ရုန်းကန်ရင်း ပါလာခဲ့သည်။ နောက်ဆုံး မောပန်း နွမ်းနယ်ခြင်းကြောင့် သူမ ခြေထောက်များ ခွေညွတ်ကျ သွားပြီး သတိလစ်သွားတော့၏။

◆ ◆ ◆



ကောင်းကင်တွင် ကြယ်ရောင်များ လင်းလက် နေသည်။ လဆုတ်ရက်ဖြစ်သော်လည်း ညဉ့်နက် သန်း ခေါင်ဖြစ်နေသောကြောင့် မပြည့်တပြည့် လဝန်းသည် မိုးပေါ်တွင် တွဲခိုနေ၏။ မလင်းတစ်ချက် လင်းတစ်ချက် လရောင်သည် သစ်ပင်အုပ်အုပ်များပေါ်မှစီးမိုးဖြာကျကာ မေ့မြောနေသော သူမ၏ မျက်နှာပေါ်သို့ ကျရောက်လျက် ရှိသည်။ ကပိုကရို ဆံနွယ်များကြားမှ သူမ၏ လှပ နုနယ်သော မျက်နှာလေးကို သူ ငေးကြည့်နေမိ၏။

သူအတင်းအကြပ် ဖမ်းဆီးခေါ်ဆောင်လာသော ကြောင့် ကြောက်ရွံ့ပင်ပန်းမှုတို့ဖြင့် သတိလစ်မှေ့မြော

www.burmeseclassic.com

www.burmeseclassic.com



သွားသော သူမကိုထမ်းကာ တစ်ညလုံး မနားမနေ ခရီး နှင်လာခဲ့သည်။ သူမကတော့ သတိမရသေး။ သူမကို ဖမ်းခေါ်လာတာ ဝဏ္ဏသိလျှင် မည်သို့နေမည် မသိ။ သူကတော့ အောင်နိုင်သူတစ်ယောက်လို နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်မိ၏။

"အင်း ... ဟင် မာလာဘယ်ကိုရောက် ..."

မိန်းကလေးသည် သတိရလာကာ သူမမျက်နှာနားမှာ နီးကပ်စွာရှိနေသော သူ့ရဲ့မျက်နှာကို မြင်သွားပြီး ထိတ်လန့်စွာ ထထိုင်လေတော့၏။

"ရှင် ... ရှင် လူယုတ်မာ"

သူမစကားကြောင့် သူ့မျက်နှာမှာ ပူထူနီရဲသွားကာ ...

"ဘာ လူယုတ်မာလဲ၊ ငါ ဘာယုတ်မာလို့လဲ"

ဟု ဒေါသတကြီး ပြန်အော်လိုက်တော့ ငိုမဲ့မဲ့ မျက်နှာလေးဖြင့် ...

"မာလာ့ကို ပြန်ပို့ပေးပါ၊ အခု ဒီတောထဲကို ဘာလုပ်ဖို့ ခေါ်လာတာလဲ"



ဟု ပြောလေသည်။ သူ့ရဲ့ ခေါ်တုန်းကခေါ်လာပြီးမှ ဘာပြန်ပြောရမှန်းမသိ။ မကျေနပ်စိတ်တစ်ခုတည်းဖြင့် သူမကို စိတ်ဆင်းရဲစေလိုသောကြောင့်ခေါ်လာခြင်းလား၊ မိမိကိုယ်တိုင် သူမကို လိုချင်မက်မောသော စိတ်ဖြင့် ခေါ်ခဲ့ခြင်းလားဆိုတာ ခွဲခြမရနိုင်တော့ချေ။

"ရှင် တော်တော်ရက်စက်တဲ့လူပဲ၊ ရှင့်အသက်ကို ကာကွယ်ပေးခဲ့တာတောင် ကျေးဇူးတရားနားမလည်ဘူး၊ ရှင်က အခု မာလာ့ကို ဒီတောထဲ ခေါ်လာပြီး ဘာဒုက္ခပေးဦးမလို့လဲ၊ မတရား အနိုင်ကျင့်မယ်တော့ မကြံနဲ့၊ အသက်ပဲ အသေခံမယ်"

မာလာ့စကားကြောင့် သူ မျက်မှောင်ကြုတ်ပြီး စဉ်းစားလိုက်သည်။ သူမက သူ့အသက်ကို ကာကွယ်ခဲ့သည်ဆိုပဲ။

"နေပါဦး၊ မင်းက ငါ့အသက်ကို ဘယ်တုန်းက ကာကွယ်ပေးခဲ့လို့လဲ"

"ရှင့်ကို ဘုရင့်တပ်က ရဲမက်တွေဖမ်းတော့

www.burmeseclassic.com

www.burmeseclassic.com



မှာသိလို့ မာလာ ကြိုပြီး ကာကွယ်ပေးခဲ့တာ သိရဲ့လား"

"ဘာပြောတယ်ကွ၊ မင်းကိုယ်တိုင် ရဲမက်တွေ ခေါ်လာလို့ ငါ ထွက်ပြေးခဲ့ရတာ၊ ဘာကြောင့် ငါ့အသက်ကို ကယ်ပါတယ်လို့ ပြောနေရတာလဲ"

"အဲဒါ တမင်လုပ်ခဲ့တာ၊ ရှင့်ကို အင်းဝ ရွှေနန်းရှင်က အလိုရှိလို့ အစ်ကို့ကို ဖမ်းခိုင်းထားတာ၊ မင်းသမီးလေးရဲ့ ကြင်ယာတော် ရွေးပွဲ ဆိုတာလည်း ရှင့်ကိုဖမ်းဖို့ အကွက်ဆင်ထားတာ သိရဲ့လား"

မာလာသည် ဒေါသတကြီး အော်ဟစ်ပြောဆိုပြီး သူ့မျက်နှာကို မကြည့်ဘဲ တစ်ဖက်သို့ မျက်နှာလွှဲကာ အံကို တင်းတင်းကြိတ်ထားသည်။ သူ့မျက်နှာမှာ အံ့သြခြင်း၊ မယုံကြည်နိုင်ခြင်းနှင့်အတူ နောင်တရလာမိ၏။ မာလာ့မျက်နှာကို သူ မကြည့်ဝံ့တော့။ သူ စိတ်လိုက် မာန်ပါ လုပ်မိတာ မှားသွားပြီဟု ဆိုရမလိုပင်



ဖြစ်နေချေပြီ။

"ငါ မှားသွားပြီ၊ ငါ တောင်းပန်ပါတယ်"

သူ့နှုတ်မှ ပြောစရာစကားမှာ ဤတစ်ခွန်းတည်းသာ ရှိတော့သည်လေ။

"မာလာ့ကို ပြန်ပို့ပေးပါ"

"ဟင် ..."

မာလာ့စကားကြောင့် သူ ထိတ်လန့်သွားမိသည်။ ဤသို့ဆိုလျှင် သူ မာလာ့ကို အင်းဝသို့ ပြန်ပို့ရတော့မည်။ သို့သော် ...

"မာလာ့ကို ပြန်ပို့ပေးပါလို့ ပြောနေတာ"

"မဖြစ်နိုင်တော့ဘူး"

သူ ခေါင်းကို တွင်တွင်ခါယမ်းရင်း ပြောလိုက်သည်။ မာလာ မျက်လုံးလေး ဝိုင်းသွားကာ ...

"ဘာဖြစ်လို့ မဖြစ်နိုင်တာလဲ"

"ငါ မင်းကို ခိုးလာတာကို အခုချိန်ဆို မင်းအစ်ကို သိသွားလောက်ပြီ၊ သူတို့ အချိန်မရွေး လိုက်လာနိုင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ၊ အခုကျမှ ရှင် သေရမှာ ကြောက်နေပြီလား"

စူးရှသော သူမစကားသံကြောင့် သူ့ရ ဒေါသ ထွက်သွားသည်။

"ဒီမှာ ..."

ဟု ပါးစပ်က ခပ်မာမာ အော်ခေါ်ရင်း မာလာ့ မျက်နှာကို သူ့ဘက်သို့ ဆွဲလှည့်ပြီး စိမ်းစိမ်းစိုက်ကြည့် ပစ်လိုက်သည်။ မာလာသည် သူ့လက်ထဲ၌ကြောက်လန့် တကြား ပါလာသည်။ ရွှန်းလဲ့ဝိုင်းစက်သော မျက်လုံး များတွင် မျက်ရည်ဥများ ဝေ့သီနေတာ မြင်လိုက်ရတော့ သူ့ဒေါသတွေ အလိုလိုပြေပျောက်သွားရ၏။

"ငါ သေရမှာကြောက်တဲ့လူမျိုး မဟုတ်ဘူး၊ မင်းကို ပြန်မပို့ချင်လို့ နားလည်လား"

"ဘာကြောင့် မာလာ့ကို ပြန်မပို့ချင်ရတာလဲ"

သူ ဘာမှပြန်မပြောမိ။ အဖြေရခက်နေသည်။ သူ့စိတ်ထဲမှာ အတွေးတစ်ခု ပေါ်လာသည်။ သူ့နှုတ်ခမ်း မှာ ရှားရှားပါးပါး အပြုံးတစ်ခု လင်းလက်သွား၏။



"မင်းကရော ငါ့အသက်ကို ဘာလို့ စိုးရိမ် တကြီး ကာကွယ်ခဲ့တာလဲ"

မာလာသည် ခေါင်းကို ငုံ့ထားသည်။ တစ်ခွန်း မှ ပြန်မပြောချေ။ သို့သော် သူ အလိုလို နားလည်လိုက် မိသည်။ ငုံ့နေသော မျက်နှာလေးကို သူကြည့်ရင်း အားမလိုအားမရ ဖြစ်လာကာ မေးဖျားလေးကို ဆွဲယူ၍ သူမမျက်လုံးတွေကို စိုက်ကြည့်ပစ်လိုက်သည်။ သူမ ၏ မျက်ဝန်းသည် အရဏ်တက်ချိန်ကွယ်လုလု ကြယ်များနှင့်အပြိုင် လင်းလက်နေကြတော့၏။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



"တော်က်"

ခါးမှချိတ်ထားသော ဆောင်ဓားကို ကျစ်ကျစ်ပါအောင်ဆုပ်ရင်း ဝဏ္ဏတောက်တစ်ချက် ခေါက်ပစ်လိုက်သည်။ သူ့အနီးတွင် ရပ်နေကြသော ရဲမက်များသည် တုတ်တုတ်မျှ မလှုပ်။ အသက်ပင် ရဲရဲတင်းတင်း မရှူဝံ့အောင် ရှိနေကြသည်။

ခဏအကြာ သူလွှတ်လိုက်သော ရဲမက်များနှင့် မိန်းကလေးသုံးဦး ရောက်လာသည်။ မိန်းကလေးများသည် သူ့ရှေ့သို့ ရောက်သောအခါ ခေါင်းငုံ့ပြီး တုန်လှုပ်ချောက်ချားစွာ ရပ်နေကြ၏။



"နင်တို့ ခနေ့က မာလာ့ကို ဘယ်မှာတွေ့ခဲ့တာလဲ"

"ဟို…ဟို ညောင်ပင်ကြီးနားမှာတွေ့ခဲ့တာပါ"

"ဘယ်အချိန်က တွေ့တာလဲ"

သူ့အသံသည် မိုးခြိမ်းသံတမျှ ကျယ်လောင်နေ၍ သေချာလှသည်။ မိန်းကလေးသည် ကတုန်တယင်အသံနှင့် …

"ညနေစောင်းလောက်ပါ၊ ခင်လွန်းတို့တောထဲ သွားခါနီး …"

"တော်… အပိုတွေ မပြောနဲ့တော့ သွားကြ"

ဟု သူ ပြောလိုက်သောအခါ မိန်းကလေးများသည် မပြေးရုံတမယ် ခြေလှမ်းများနှင့် ပြေးထွက်သွားကြလေတော့၏။ သူ ညောင်ပင်ကြီးဆီသို့ ခြေလှမ်းကျဲကြီးများနှင့် ဒေါသတကြီး လှမ်းထွက်လာခဲ့သည်။

ညောင်ပင်အောက်တွင် ပကတိ တိတ်ဆိတ်ငြိမ်သက်လျက်။ ငှက်ကလေးများ၏ အော်မြည်သံများသည်ပင် သူ့ကို လှောင်နေကြသလို ထင်ရသည်။ ရုတ်

www.burmeseclassic.com

www.burmeseclassic.com



တရက် ညောင်ပင်ခြေရင်းတွင် ပိုးကြိုးအနီစလေးတစ်ခု ကို သွားတွေ့လိုက်ရ၏။

သူညီမခေါင်းတွင် အမြဲစည်းနှောင်ထားလေ့ ရှိသော ကြိုးလေးပင်။ ညောင်ပင်အနီးတစ်ဝိုက်တွင် အပင်ငယ်လေးများ ကြေမွနေ၍ ခြေရာများထင်နေသော ကြောင့် ရုန်းရင်းဆန်ခတ် ဖြစ်သွားဟန် အတိုင်းသားပေါ် လွင်နေသည်။ ပိုးကြိုးလေးကို လက်မှာတင်းတင်းဆုပ်ကိုင် ရင်း သူ့မျက်လုံးထဲတွင် မီးဝင်းဝင်း တောက်နေချေပြီ။

"တောက် ... ဒါ ဟိုကောင့်လက်ချက်ပဲ ဖြစ်ရမယ်၊ တွေ့ကြသေးတာပေါ့ သူရရယ်"

သူ နှုတ်မှ အသံထွက် ရေရွတ်ကာ ကြုံးဝါး လိုက်သည်။ မာလာ့ကို သူ့ညီမမှန်းသိလို့ တမင်ခေါ် သွားတာပဲ ဖြစ်ရမည်။

အကြံပက်စက်လှတဲ့ ဟံသာဝတီသား၊ ငါ့ အကြောင်း သိရသေးတာပေါ့ဟု စိတ်ထဲမှ ထပ်ကာ ထပ်ကာ ကြုံးဝါးလိုက်၏။

◆ ◆ ◆



"အထောက်တော် ရဲမက်တစ်ယောက်က ဝင် ခွင့်တောင်းနေပါတယ် တပ်မှူး"

အတွင်းဆောင်သို့ သုတ်သီးသုတ်ပျာ ဝင်လာ သော ရဲမက်စကားကြောင့် သူ ဆတ်ခနဲ ခေါင်းထောင် ကြည့်လိုက်ပြီး ...

"အမြန်လွှတ်လိုက်"

ဟုအော်ပြောလိုက်သည်။ မကြာခင် အထောက် တော် ရဲမက်ဝင်လာပြီး ...

"ကျွန်တော်မျိုး ဟံသာဝတီက ပြန်ရောက်ခဲ့ ပါပြီ တပ်မှူး"

www.burmeseclassic.com

www.burmeseclassic.com



"ငါသိတယ် ... လိုရင်းကို ပြော"

သူ့ရဲ့ အလျင်စလိုစကားကြောင့် ရဲမက်မှာ တစ်ချက် မော်ကြည့်လိုက်ပြီးလျှင် ...

"တပ်မှူးနှမကို ခေါ်သွားတာ ဟံသာဝတီ တပ်မှူး သူရလို့ ကျွန်တော်မျိုး ကြားခဲ့ရပါတယ်"

"ဘာ ..."

သူ့အသံဟာ မိုးခြိမ်းသံတမျှ ကျယ်လောင်နေမှာ သေချာ၏။ အထောက်တော်ရဲမက်သည် ကြောက်ရွံ့တုန်လှုပ်စွာ ခေါင်းကို တွင်တွင်ငုံ့ထားဆဲ။

"ဟုတ် ... ဟုတ်ပါတယ် တပ်မှူး"

"တောက် ... ငါထင်တဲ့အတိုင်းပဲ၊ ယုတ်မာတဲ့ အကောင်၊ ငါကိုယ်တိုင် သင်းကို သတ်မယ်"

"နောက်ထပ်သတင်းထူးတစ်ခု ရခဲ့ပါတယ် တပ်မှူး"

"ဘာသတင်းထူးလဲ၊ မြန်မြန်ပြောစမ်း"



"သူရမှာ အစ်မရင်းတစ်ယောက် ရှိပါတယ် တပ်မှူး၊ သူဟာ နန်းတော်ဆောင်မှာ မခစားဘဲ မြို့ထဲက အိမ်မှာပဲ နေပါတယ်"

ရဲမက်စကားအဆုံးတွင် ဝဏ္ဏမျက်နှာမှာ ရုတ်ချည်း ရွှင်ပျဝင်းလက်သွားသည်။

"အဲဒါ တကယ်ပဲလား၊ သူ့မှာ အစ်မ တစ်ယောက်ရှိတယ်ဆိုတာ"

"သေသေချာချာ လေ့လာစုံစမ်းပြီး သိခဲ့ရတဲ့ သတင်းပါ တပ်မှူး၊ သူ့အစ်မနေတဲ့အိမ်ကို လည်း ကျွန်တော်မျိုး လေ့လာခဲ့ပါတယ်"

အထောက်တော်ရဲမက်၏ စကားမှာ ဧကန်စင်စစ် သေချာပြီး အားလုံးအကွက်ကျကျ စုံစမ်းခဲ့ပြီးဖြစ်သည်မှာ သံသယဖြစ်ဖွယ် မရှိ။

"မင်း သွားနိုင်ပြီ"

သူ အမိန့်ပေးလိုက်သည်နှင့် ရဲမက်မှာ အတွင်းဆောင်ထဲမှ ထွက်ခွာသွားတော့၏။ ဝဏ္ဏမျက်နှာတွင် တင်းမာခက်ထန်နေသော အရိပ်အယောင်များ တဖြည်း

www.burmeseclassic.com

www.burmeseclassic.com



ဖြည်း ကွယ်ပျောက်သွားပြီး တင်းတင်းစေ့ထားသော နှုတ်ခမ်းများတွင် နားလည်ရခက်သော မဲ့ပြုံးတစ်ချက်က မပီမသ ပေါ်လာသည်။ သူ၏မျက်လုံးများတွင် အာဃာတရိပ်တွေ စွန်းထင်းနေမှာ သေချာလှပေ၏။

"မင်းကို ငါ အသေအချာကို လက်စားချေမယ်
ဟေ့ သူရ"

◆ ◆ ◆



ကညင်ဆီမီးတိုင်၏ အားနည်းမှိန်ဖျော့သော အလင်းရောင်အောက်တွင် မပီဝိုးတဝါး မြင်လိုက်ရသော မိန်းကလေး၏ မျက်နှာကြောင့် ဝဏ္ဏမျက်လုံးများ ပြူးကျယ်ဝိုင်းစက်သွားရ၏။ သူ့နှုတ်မှ 'ဟင်' ခနဲ အာမေဋိတ်သံ ထွက်မသွားမိအောင် နှုတ်ခမ်းတွေကို ဖျတ်ခနဲ ပိတ်လိုက်မိသည်။

သူဇာမှ သူဇာအစစ်ပါပဲ။ မေ့ရက်နိုင်စရာ မရှိသော သူမမျက်နှာလေးက မှားနိုင်စရာအကြောင်းလည်း မရှိချေ။ အခန်းထဲသို့ ဂရုတစိုက် ဝင်ရောက်လာပြီးမှ ရုတ်တရက် အိပ်ပျော်နေသော သူမမျက်နှာကို မြင်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ရသောအခါ သူ ဘာလုပ်လို့ လုပ်ရမှန်းမသိ ဖြစ်သွားရ၏။

အသံမကြားစေရန် တိတ်တဆိတ် လျှောက်လှမ်းလာပြီးမှ နေရာတွင် ရပ်ကာ ကျောက်ဆစ်ရုပ်တစ်ရုပ်လို တောင့်မတ်စွာ ရပ်နေမိသည်မှာ အသက်မှ ရှူမိပါစဟု ကိုယ့်ကိုယ်ကို သံသယဖြစ်ချင်စရာ။ ဘာမှုမသိရှာသော မသူဇာကတော့ နှစ်ခြိုက်စွာ အိပ်မောကျနေပေလိမ့်မည်။ အပြစ်ကင်းစင်အေးချမ်းလှသော သူမမျက်နှာကို ကြည့်ပြီး သူ ကရုဏာသက်သွားမိသည်။

သူရအပေါ် မကျေနပ်စိတ်ဖြင့် စိတ်ကြမ်းလူကြမ်းဖြစ်ကာ သူ့အစ်မဖြစ်သူကို မတရားသိမ်းပိုက်မည်ဟူသော ရည်ရွယ်ချက်ဖြင့် လာခဲ့သော်လည်း သူ့အသက်ကို ကယ်တင်ခဲ့သော ကျေးဇူးရှင်မလေးကို မထင်မှတ်ဘဲ မြင်တွေ့လိုက်ရသောအခါ သူ ဆုံးဖြတ်ရခက်သွားသည်။

"ဟင်း …"

သက်ပြင်းတစ်ချက်ကို ချလိုက်ပြီး သူမမျက်နှာကို နောက်တစ်ခါ ပြန်ကြည့်လိုက်မိ၏။ နောက်ဆုံး သူ ခေါင်းကို တွင်တွင်ခါယမ်းရင်း အိပ်ပျော်နေသော မသူဇာကို ကောက်ပွေ့ပြီး အခန်းထဲမှ အလျင်အမြန် ပြန်ထွက်ခဲ့တော့၏။

သူ့လုပ်ရပ် မှန်သည်၊ မှားသည်က နောက်ထား၊ သူရကိုယ်တိုင် သူ့နှမကို ဖမ်းခေါ်သွားပြီးချေပြီ။ သူ့မှာ လက်စားချေရန် ရွေးစရာ အခြားနည်းမရှိတော့။ မသူဇာကို ပွေ့ချီရင်း သူမ အိပ်ပျော်နေရာမှ မနိုးခင် အမြန်ရောက်အောင် ခရီးပြင်းနှင်နေမိ၏။

"ကိုဝဏ္ဏ ပင်ပန်းနေရောပေါ့၊ သူဇာ လမ်းဆင်း လျှောက်ပါရစေလား"

"ဗျာ"

အိပ်နေသည်ဟု ထင်ထားခဲ့သော မသူဇာ၏ မျက်နှာကို သူ ငုံ့ကြည့်လိုက်မိသည်။

"သူဇာ ထွက်မပြေးပါဘူး၊ အောက်ကို ချပေးပါ"

သူ အံ့သြလွန်းသောကြောင့် သူမကို ပွေ့ချီထား



www.burmeseclassic.com

www.burmeseclassic.com



ရင်းပင် သူမမျက်နှာကို အတန်ကြာ ငေးမောနေမိတော့၏။ ခဏနေမှ သူ သတိဝင်ကာ သူဇာကို အောက်ချ ပေးလိုက်တော့သည်။

"မသူဇာ ... ကျုပ် မသူဇာကို အင်းဝကို ခေါ်သွားမလို့၊ မသူဇာ အိပ်နေတုန်း ..."

"သူဇာ သိပါတယ်"

"ဗျာ ... မသူဇာ သိနေတယ်"

"ကိုဝဏ္ဏ အခန်းထဲ ရောက်နေကတည်းက သူဇာ သိပါတယ်"

"ဒါဆို မသူဇာ ဘာလို့ မအော်တာလဲ၊မသူဇာ သိရက်နဲ့ လိုက်လာတာပေါ့ ဟုတ်လား"

မသူဇာသည် မည်သို့မျှ ပြန်မပြောဘဲ တစ်ဖက်သို့ မျက်နှာလွှဲကာ တွေတွေငေးငေးလေး ဖြစ်နေသည်။

"မသူဇာ အော်လိုက်ရင် ကျုပ် မသူဇာကို သတ်မှာ စိုးလို့လား"

သူ့စကားကြောင့် မသူဇာသည် အားနည်းနွမ်း



ဖျော့တော့စွာ ပြုံးပြီး ...

"ကိုဝဏ္ဏက သူဇာကို သေရမှာကြောက်လို့ လိုက်လာတယ် ထင်နေတာလား၊ သူဇာ မကြောက်ပါဘူး၊ အမှန်အတိုင်းပြောရရင် ကိုဝဏ္ဏလားနဲ့ သေရမှာ မကြောက်တာ"

မသူဇာ စကားကြောင့် သူ့ရင်ထဲမှာ တုန်လှုပ် အံ့ဩသွားရပြန်သည်။

"ဒါ ... ဒါဆိုရင် မသူဇာ ..."

"သူဇာ ကိုဝဏ္ဏကို ယုံတယ်၊ ကိုဝဏ္ဏက အဲဒီလို လုပ်မယ့်လူမျိုး မဟုတ်ဘူးဆိုတာ သူဇာ သိတယ်လေ"

"အဲဒါဆို မသူဇာ ဘာဖြစ်လို့ လိုက်လာတာလဲ"

"ကိုဝဏ္ဏနဲ့ သူဇာအမောင့်ကြားမှာ ရှိတဲ့ ရန်ငြိုးတွေ ပြေပါစေတော့ဆိုပြီး သူဇာ လိုက်ခဲ့တာပါ"

သူဇာ့စကားအဆုံးမှာ သူ ငိုင်ကျသွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့လုပ်ရပ်တွေ မှားခဲ့မှန်း သိခဲ့ရပြီး နောင်တရနေမိ၏။ တကယ်တော့ သူအနိုင်ရပြီဟု ထင်မှတ်ကာ ကျေနပ်နေခဲ့သော်လည်း မသူဇာ၏စကားကို ကြားလိုက်ရသောအခါ သူ အလွန်ရှက်သွားမိသည်။

"ရန်ဘက်နှစ်ဦးကြားမှာ မသူဇာဘဝကို စတေးလိုက်တာလား"

သူ့အသံက မသူဇာအတွက် စိတ်မကောင်းခြင်းများနှင့် မချိတင်ကဲ ထွက်ပေါ်လာသည်။ မသူဇာကတော့ တစ်ခွန်းမှ ပြန်မပြောဘဲ တိတ်ဆိတ်ငြိမ်သက်စွာ ရှိနေသည်။ သူကသာ အားမလို အားမရရယ်နှင့်။

"ပြောပါဦး မသူဇာ၊ ရန်ငြိုးပြေဖို့အတွက် ကျုပ် နောက်ကို လိုက်ခဲ့တာလား၊ အဲဒီအတွက်ပဲလား၊ ကျုပ်ကို မနှစ်သက် မကြည်ဖြူဘဲနဲ့.."

သူ့အသံက ပြောရင်းမှ တိုးတိမ်သွားသည်။ ဆက်ပြောရန် အင်အားမရှိတော့သလို မောဟိုက်နွမ်းလျနေ၏။

"အဲဒီလိုဆိုရင်တော့ ကျုပ် မသူဇာကို ပြန်ပို့



ပါရစေ၊ ကျုပ်ရဲ့ အတ္တတစ်ခုအတွက် မသူဇာကို တစ်သက်လုံး စိတ်မဆင်းရဲစေရဘူး"

"သူဇာ့ကို ပြန်ပို့စရာ မလိုပါဘူး၊ ကိုဝဏ္ဏသာ သူဇာ့ကို မေတ္တာမရှိဘဲ ကလဲ့စားချေဖို့အတွက် ခေါ်ခဲ့တာ မဟုတ်လား၊ သူဇာတို့ အင်းဝကို ဆက်သွားကြပါစို့"

"မဟုတ်ဘူး မသူဇာ၊ မသူဇာကို ရန်သူ တစ်ယောက်ရဲ့ အစ်မမှန်း မသိခင်ကတည်းက မေတ္တာရှိခဲ့တာ၊ ကျုပ်အသက်ကို ကယ်လိုက်တဲ့ ညကစပြီး ဒီနေ့အထိ မသူဇာ့ကိုမေ့လို့မရဘူး"

သူ့ရင်ထဲမှာ ပြောချင်နေသောစကားတွေကို နှုတ်မှ ဖွင့်ဟပြောလိုက်ရခြင်းကြောင့် စိတ်ထဲမှာပေါ့ပါးသွားသည်။

"တကယ်လို့ ကိုဝဏ္ဏ ခေါ်လာတဲ့ မိန်းကလေးဟာ သူဇာမဟုတ်ဘဲ တခြားတစ်ယောက် ဖြစ်နေရင် ကိုဝဏ္ဏ တကယ်မနှစ်သက် မကြည်ဖြူဘဲ တစ်သက်လုံး ပေါင်းသင်းရမယ်ဆိုတာ မတွေးမိဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း၊ ကျုပ်အတွေးထဲမှာ ကျုပ်ရန်သူအပေါ် အနိုင်လိုချင်တဲ့စိတ်တစ်ခုတည်း ရှိခဲ့တယ်၊ ကကယ်တမ်း မသူဇာကို တွေ့လိုက်ရတော့ ကျုပ်အသက်ကို ကယ်ခဲ့တဲ့ကျေးဇူးရှင်ဆိုပြီး ထားခဲ့ဖို့ စိတ်ကူးပါသေးတယ်၊ ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်လဲ ကိုဝဏ္ဏ"

"ကျုပ် မသူဇာကို တကယ်မေတ္တာရှိပြီးသားမို့ ခေါ်ခဲ့တာ"

သူ့စကားအဆုံး၌ မသူဇာသည် ရှက်ရွံ့စွာ နှုတ်ဆိတ်ငြိမ်သက်သွားသည်။ သူ မသူဇာ၏ မျက်နှာကို မြတ်နိုးစွာ ငုံ့ကြည့်လိုက်ပြီး သူမရဲ့ နူးညံ့သွယ်ပျောင်းသော လက်ဖျားလေးကို ဆွဲယူပြီး သူ့ရင်မှာ အပ်ထားလိုက်မိ၏။

"ကျုပ် သစ္စာဆိုခဲ့ပါတယ် မသူဇာ၊ မသူဇာကို တစ်သက်လုံး သစ္စာရှိရှိ ချစ်သွားမှာပါ"

"သူဇာ ယုံပါတယ်"

"ဘာဖြစ်လို့ ကျုပ်ကို ယုံတာလဲ"



မသူဇာသည် ရှက်ပြုံးလေး ပြုံးပြီး …

"ကိုဝဏ္ဏက အင်းဝသူရဲကောင်းလေ"

ဟု ပြောလိုက်၏။

သူမ၏စကားကြောင့် သူ့ရင်တွင်း၌ အတိုင်းသေိ ပီတိဖြာဝေသွားရသည်။ သူမ၏ ဖြူစင်မြင့်မြတ်သော စိတ်ထားကို ပြန်လည်လေးစားမိ၏။

"အင်းဝသူရဲကောင်းမို့ ယုံကြည်တာလား၊ ကျုပ်ကို မချစ်ဘူးလား"

မသူဇာသည် သူ့မျက်နှာကို မကြည့်ဘဲ ခေါင်းငုံ့ကာ ရှက်ရွံ့နေဆဲပင်။ သူမ၏ ရင်ထဲတွင် သူ့အပေါ် မေတ္တာရှိနေသည်ကိုမပြောဘဲသိနေရသည့် ဝဏ္ဏကတော့ ချစ်သူ၏လက်ကို ဆွဲကာ အင်းဝသို့ ပြန်ခဲ့တော့၏။

ယခုလိုဆိုပြန်တော့လည်း အင်းဝနှင့် ဟံသာဝတီ ကြားနယ်စပ်တောအုပ်လေးသည် စစ်ရိပ်စစ်ငွေ့ကင်းသော အချစ်ရနံ့များဖြင့် ထုံကြိုင်လျက်ပင် ရှိသေးတော့၏။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



အင်းဝနှင့် ဟံသာဝတီ တိုင်းပြည်နှစ်ပြည်တွင် ဘုရင့်သက်တော်စောင့်တပ်မှ သူရဲကောင်းတပ်မှူး နှစ်ယောက်၏ မင်္ဂလာပွဲသည် တိုက်ဆိုင်စွာပင် တစ်ရက်တည်း ဖြစ်နေခဲ့သည်။

သို့သော် …

မင်္ဂလာပွဲအပြီး တစ်ရက်နှစ်ရက်အကြာတွင် စိတ်မကောင်းစရာ သတင်းတစ်ခု ကြားလိုက်ကြ၏။ နှစ်ပြည်ထောင်ကြားမှ သူတို့နှစ်ဦးအား ပညာသင်ပေးခဲ့သော ဆရာကြီးသည် နာမကျန်းဖြစ်နေပြီး သူ၏နောက်ဆုံးအချိန်တွင် အတော်ဆုံးတပည့်နှစ်ယောက်ကို တွေ့လိုကြောင်း အမှာပါးလိုက်ရှာသည်။



သူ့တပည့်နှစ်ယောက်မှာ အခြားသူများမဟုတ်။ သူရနှင့် ဝဏ္ဏပင် ဖြစ်၏။ ဆရာကြီး ပညာသင်ပေးခဲ့သော တပည့်များထဲတွင် ထူးထူးခြားခြား အင်းဝမှ လူစွမ်းကောင်းတစ်ယောက် ပေါ်ထွက်လာပြီး မရှေးမနှောင်းမှာပင် ဟံသာဝတီမှ လူစွမ်းကောင်းတစ်ဦး ထပ်ပြီး ပေါ်လာသည်။ သူတို့နှစ်ဦး၏ စွမ်းရည်ထက်မြက်ပုံ၊ သူရသတ္တိနှင့် ပြည့်စုံပုံတို့မှာ တစ်ခေတ်တစ်ယောက်ဆိုသလို အံ့ဩဘနန်းဖြစ်ရသူများ ဖြစ်လေ၏။

ဆရာရသေ့ကြီးသည် ကျောင်းရှေ့မှ ကျောက်ဆောင်ကြီးကို မြင်တိုင်း တောင်နံရံမှ စာများကို ဖတ်ကာ တပည့်နှစ်ဦးအကြောင်းကို အမြဲမပြီးစားတွေးတောနေခဲ့မိ၏။ သူတို့နှစ်ဦးသည် တော်သလောက်၊ ထက်မြက်သလောက် အပြိုင်မာန်ကြီးသူများ ဖြစ်ကြသည်ကိုသိခဲ့ရသည်။

ဖြစ်ချင်တော့ သူတို့ဟာ စစ်မက်ဖြစ်ပွားနေတဲ့ ရန်သူနိုင်ငံ နှစ်နိုင်ငံရဲ့ တပ်မှူးတွေ အသီးသီးဖြစ်လာကြပြီး မဆုံးနိုင်တဲ့ ရန်မီးကို ပွားကြဦးမည်ကို ဆရာကြီး နိုးရိမ်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူတို့နှစ်ယောက်ကို ဆရာကြီး အလွန်တွေ့ချင်နေမိသည်။ ဆရာတူ တပည့်နှစ်ယောက်သည် မဟာရန်သူကြီးတွေ ဖြစ်နေကြသည်ကို သိရပြီး ကတည်းက ရတက်မအေး ဖြစ်နေရသောကြောင့် သူ မသေခင် အချိန်တွင် တပည့်နှစ်ယောက်အား ဆုံးမစကားပြောရန် မှာလိုက်ရခြင်းဖြစ်သည်။ သူသင်ပေးလိုက်သောအတတ်ဖြင့် အချင်းချင်းသတ်ကြမည့် အဖြစ်မျိုး မဖြစ်လိုပေ။

ခက်နေသည်က နှစ်ယောက်စလုံးကလည်း လက်ရည်တူများဖြစ်သည့်အပြင် သက်ဆိုင်ရာ ဘုရင့်တပ်တော်များ၌ ကျော်ကြားသော တပ်မှူးများ ဖြစ်နေကြခြင်းပင်။

◆ ◆ ◆



ဆရာကြီး နာမကျန်းဖြစ်နေသည်ဟူသော သတင်းနှင့်အတူ သူ့အား တွေ့ချင်သည်ဟူသော အမှာပါရှိလိုက်သောကြောင့် နောက်လိုက်ရဲမက်များကို ခေါ်ဆောင်ကာ နယ်ကြားရှိ ဆရာရသေ့၏ ကျောင်းသို့ သူ ထွက်လာခဲ့၏။ ဘုရင့်တပ်တွင် အမှုထမ်းသည့်နေ့မှစ၍ စစ်ရေးစစ်ရာကိစ္စများနှင့် ရှုပ်ထွေးကာ ဆရာရသေ့ထံသို့ တစ်ခေါက်မှ သူ မရောက်ခဲ့။

ယခုဆိုလျှင် ဆရာကြီးသည် 'အသက်အရွယ် အလွန်ကြီးရင့်ပြီး ဘဝ၏ နောက်ဆုံးအချိန်သို့တိုင်ရောက်နေချေပြီဖြစ်သည်။ သူနှင့် ရဲမက်များ မြင်းကိုယ်စီနှင့် ကျောင်းရှေ့သို့ ရောက်သွားချိန်တွင် ရုတ်တရက် ထိသော

www.burmeseclassic.com

www.burmeseclassic.com



ဝတီမှ ရဲမက်များကို တွေ့လိုက်ရသောကြောင့် သူ မျက်မှောင်တွန့်လိုက်ရင်း သူ့ရဲမက်များကို တစ်ချက်ငဲ့ကြည့်လိုက်ရာ ရဲမက်များသည်လည်း ဇဝေဇဝါပုံစံနှင့် သူ့ကို ပြန်ကြည့်နေကြ၏။

သူ မြင်းပေါ်မှ မဆင်းဘဲ ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။ ဟံသာဝတီရဲမက်များသည်လည်း သူတို့ကို တအံ့တသြ ပြန်ကြည့်နေသည်ကို တွေ့လိုက်ရသည်။ ထိုအချိန်တွင် ဆရာကြီး၏ ကျောင်းထဲမှ ဆရာရသေ့နှင့်အတူနေသော ထမင်းချက်အဘိုးကြီး ထွက်လာသည်ကို တွေ့လိုက်ရသည်။

အဘိုးကြီးသည် ဝဏ္ဏကို မြင်လျှင် ...

"လူလေးဝဏ္ဏ ရောက်လာပြီလား"

"ကျုပ် ရောက်ပါပြီ အဘ၊ ဆရာရော သက်သာရဲ့လား"

ဟု သူ မေးလိုက်သောအခါ အဘိုးကြီးသည် ခေါင်းကို လေးတွဲ့စွာ ခါယမ်းရင်း ...

"မင်းတို့ဆရာကြီးက သူ့တပည့်နှစ်ယောက်ကို



တွေ့ချင်တယ်လို့ တဖွဖွပြောရင်းနဲ့ ဒီမနက်ပဲ ဆုံးသွားရှာပြီကွယ်"

ဟု ပြောလေသည်။

"ဗျာ"

အဘိုးကြီး၏ လွှမ်းဆွတ်တသစွာ ပြောလိုက်သော စကားအဆုံးတွင် သူ အံ့သြထိတ်လန့်စွာ ရေရွတ်လိုက်မိသည်။

"လူလေးထက် မောင်သူရက စောပြီး ရောက်လာပေမယ့် သူလည်း ဆရာရသေ့အသက်ကို မမီလိုက်ပါဘူးကွာ"

အဘိုးကြီးစကားကြောင့် ဟံသာဝတီတပ်များ ဆရာကြီးကျောင်းနားတွင် ရောက်နေရခြင်းကို သူ သဘောပေါက်သွားသည်။ သူ့လိုပဲ ဆရာကြီး မှာလိုက်သောကြောင့် လာတွေ့ခြင်း ဖြစ်လိမ့်မည်။ ထို့ကြောင့် ဆရာကြီးကို နောက်ဆုံးမြင်တွေ့လိုသော်လည်း သူရနှင့် မျက်နှာချင်းမဆိုင်လိုသောကြောင့် ကျောင်းထဲသို့ ရုတ်တရက် မဝင်သေးဘဲ ကျောင်းနှင့် မလှမ်းမကမ်းတွင်

www.burmeseclassic.com

www.burmeseclassic.com



သူ့တပ်များကို နေရာချထားလိုက်သည်။

ထို့နောက် သူ့ဆရာရသေ့ကျောင်းတွင် ပညာသင်ခဲ့စဉ်က အမှတ်တရဖြစ်ခဲ့သော နေရာလေးသို့ သွားလိုက်၏။

ထိုနေရာမှာ ကျောင်းရှေ့ရှိ ကျောက်တောင်ကြီးပင် ဖြစ်သည်။ ကျောက်တောင်သို့ သူ မမိုတ်မသုန်စိုက်ကြည့်လိုက်၏။ ကျောက်တောင်ကို ကြည့်နေသော သူ့မျက်နှာတွင် ဒေါသရိပ်များ တဖြည်းဖြည်း ယှက်သန်းလာသည်။ သူရေးခဲ့သော စာကြောင်း၏အထက်တွင် "ပံ့သာဝတီသူရဲကောင်း"ဟူသော စာတစ်ကြောင်းကို ထွင်းထားသည်ဟု ကြားလိုက်ကတည်းက သူ ဒေါသဖြစ်နေခဲ့တာ။ ယခုလို မျက်ဝါးထင်ထင် မြင်လိုက်ရသောအခါ သူ့တစ်ကိုယ်လုံးရှိ သွေးများထဲတွင် ခံပြင်းဒေါသစိတ်တို့ လှည့်ပတ်စီးမျောနေသကဲ့သို့ ခံစားလိုက်ရသည်။ ထိုစဉ် သူ့နံဘေး မလှမ်းမကမ်းမှ အသံတစ်သံထွက်ပေါ်လာသည်။

"ဘယ်သူက ဘယ်သူ့ထက် ပိုတော်သလဲဆိုတာ ဆရာကြီးက ဒီကျောက်တောင်ကြီးကို ကြည့်မိတိုင်း သိမှာပါ"



ထိုအသံရှင်ကို သူ လှည့်မကြည့်ပေမယ့် သူရဆိုတာ သိလိုက်ပြီးဖြစ်သည်။

"သူများလုပ်တာမြင်မှ လိုက်ပြီး တုတဲ့လူမျိုးကိုတော့ ဘယ်ပညာရှိမှ လူတော်လို့ သတ်မှတ်လိမ့်မယ် မထင်ဘူး"

"တောက်"

သူ့စကားအဆုံးတွင် သူရထံမှ တက်ခေါက်သံနှင့် ဓားကို ဆွဲထုတ်လိုက်သည့်အသံကိုပါ လှည့်မကြည့်ဘဲ ကြားလိုက်ရသည်။

"ရှမ်း"

သူ ဓားအိမ်ထဲမှ ဓားကို 'ရှမ်း'ခနဲ ဆွဲထုတ်လိုက်သည်။ ယခုအချိန်ထိ သူတို့နှစ်ယောက်မှာဘေးချင်းယှဉ်လျက် တစ်ယောက်မျက်နှာ တစ်ယောက်မကြည့်ပဲရှိနေဆဲ။ ထိုအချိန်တွင် ထမင်းချက်အဘိုးကြီးသည် အပြေးအလွှားရောက်လာပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"လူလေးတို့ ... အဘတောင်းပန်ပါတယ်ကွယ်၊ မင်းတို့ဆရာရသေ့ရဲ့ အလောင်းတောင်မြေမကျသေးဘူး၊ အခုလို တပည့်ဖြစ်တဲ့ လူလေးတို့က စိတ်ဝမ်းကွဲပြီး ဓားချင်းယှဉ်ခုတ်မယ်ဆိုတာ မသင့်တော်ပါဘူး၊ ဒါ ဆရာရသေ့ရဲ့ ကျောင်းပါ၊ စစ်တလင်း မဟုတ်ပါဘူး"

ဟု ပြောလိုက်မှ ဝဏ္ဏ စိတ်လျှော့လိုက်ပြီး ဓားအိမ်ထဲသို့ ဓားကို ပြန်ထည့်လိုက်ကာ ထိုနေရာမှ ထွက်လာခဲ့သည်။ သူ့အတွေးထဲတွင်တော့ "အဘိုးကြီးသာ ရောက်မလာရင်တော့ ငါ့ဓားကြောင့် သင့်ခေါင်းနဲ့ ခန္ဓာ ခုလောက်ရှိ အိုးစားကွဲနေလောက်ရောပေါ့ သူရရယ်" ဟု ကြုံးဝါးလိုက်မိသည်။

ဆရာကြီး၏ ဈာပနကိစ္စ ရှိနေသေးလို့သာပေါ့။ နို့မဟုတ်ရင်တော့ ဒီနေ့ဒီနေရာမှာပင် ပွဲကြီးပွဲကောင်း တစ်ခုဖြစ်သွားလောက်ပြီး သူတို့ တစ်ယောက်မဟုတ် တစ်ယောက် အသက်ပေးရမည်မှာ မုချပင် ဖြစ်သည်။

♦ ♦ ♦



ပတ်ဝန်းကျင်တစ်ခွင်လုံး တိတ်ဆိတ်ငြိမ်သက်လျက်။

ဆရာရသေ့၏ ရုပ်ကလာပ်မှာမီးညွန့်မီးတောက်များကြားတွင် တဖြည်းဖြည်း ကျွမ်းလောင်သွားကြတော့သည်။ ထင်းမီးတောက်များသည် တဖျစ်ဖျစ် မြည်နေရာမှ အရှိန်လျော့ကျသွားပြီး မီးခိုးလူလူသာ ထွက်နိုင်တော့၏။ ထိုအနီးအနားတွင် တစ်ဦးတစ်ယောက်မှ မရှိကြတော့ချေ။ မလှမ်းမကမ်း သစ်ပင်အောက်တွင်သာ ထမင်းချက်အဘိုးအိုတစ်ယောက်တည်း ကျန်ခဲ့သည်။ အဘိုးအိုသည် ရီဝေဝေသော မျက်လုံးအစုံဖြင့် ပြာပုံအထက် ဝေ့ဝဲတက်နေသော မီးခိုးငွေ့များကို ငေးမောကြည့်ရှုနေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



မီးတောက်များသည် အရှိန်လျော့ကျသွားပြီး ပြာများပင် အေးလုပြီဖြစ်သော်လည်း ဆရာကြီး၏ တပည့်နှစ်ဦးမှာကား ရန်မီးပွားကြဆဲ။ သူတို့နှစ်ဦး၏ ဒေါသမှာ ပူလောင်ဆူဝေဆဲပင်တည်း။

အဘိုးအိုသည် ဆရာရသေ့ မှာခဲ့သည့်အတိုင်း ပြာများကို မြစ်တွင်းသို့ မျှောပေးရန် ပြာအေးသည့်အချိန်ကို စောင့်ဆိုင်းနေခြင်းဖြစ်သည်။ အတန်ကြာသောအခါ ပြာများအေးသွားပြီဖြစ်သည့်အတွက် အိုးငယ်တစ်လုံးထဲသို့ ထည့်ကာ မြစ်ဆိပ်သို့ ထွက်ခဲ့၏။

ထိုမြစ်ကမ်းနံဘေး တောင်ကုန်းငယ်လေးပေါ်မှ လှမ်းမျှော်ကြည့်လျှင် ကျောင်းရှေ့ရှိ ကျောက်တောင်ကြီးကို ကောင်းစွာ မြင်နိုင်ပေသည်ဖြစ်ရာ ကျောက်တောင်နံရံမှ စာများကို အထင်းသားမြင်ရ၏။

ဆရာရသေ့ရှိစဉ်က ကျောက်တောင်မှ စာများကို မကြာခဏ ကြည့်လေ့ရှိပြီး အင်းဝနှင့် ဟံသာဝတီ၏ အနာဂတ်ကို နိမိတ်ဖတ်ခဲ့ဖူးသည်။ နှစ်ပြည်ထောင်၏ စစ်မီးသည် ဆက်လက်တောက်လောင်ဦးမည်လော



ဟု တွေးတောချင်စရာပင်။

နယ်နိမိတ်ပြဿနာအရေးကြောင့် စစ်ရေးခင်းရာမှ နိုင်ငံသိမ်းစစ်ပွဲများ ဆင်နွှဲလာမည်လားဟု တွေးမိလျှင် သက်ပြင်းမောကို ချရစမြဲဖြစ်၏။ အေးချမ်းသာယာသော ဆရာရသေ့၏ ကျောင်းအနီး၌ပင် စစ်ရိပ်စစ်ငွေ့များ သမ်းနေသယောင် ထင်ရသည်။

အဘယ့်ကြောင့်ဆိုသော် ဆရာရသေ့၏ ဈာပနသည် ရန်သူဟောင်းနှစ်ဦး ဆုံဆည်းသည့်ပွဲ ဖြစ်ခဲ့ပြီး ကျောင်းတော်ရန့်စကို ဓားချင်းယှဉ်ကြဦးမည်လားဟု တွေးမိရပြန်၏။ နှစ်ဖက်စလုံး မပြန်ကြသေးဘဲ ကျောင်းတစ်ဖက်တစ်ချက် လျှိုအသီးသီးတွင် တပ်စွဲထားကြပြန်သည်။

အဘိုးကြီးသည် ပြာများကို မြစ်အတွင်းသို့ တဖြည်းဖြည်း မျှောပြီး ကျောင်းရှေ့သို့ ပြန်လာခဲ့တော့၏။ အဘိုးအို၏ နှုတ်မှ သဗ္ဗေသတ္တာသတ္တဝါများ ဘေးရန် ခပ်သိမ်း ကင်းငြိမ်းစေခြင်းအလို့ငှာ ဆုတောင်းပေးရုံမှတစ်ပါး အခြားမတတ်နိုင်တော့ပြီတကား။

♦ ♦ ♦

www.burmeseclassic.com

www.burmeseclassic.com



အင်းဝတပ်စခန်းတွင် ဝဏ္ဏ၏အမိန့်အရ ရဲမက်များသည် တစ်ညလုံးမအိပ်ဘဲ အလှည့်ကျတာဝန်ဖြင့် ကင်းစောင့်ကြရ၏။ ထိုအချိန်တွင် တပ်မှူးကလေး ဝဏ္ဏနှင့် သွေးသောက်ရဲမက်ကြီးတို့သည် နံနက်မိုးသောက်လျှင် ဟံသာဝတီတပ်များကို ဝင်ရောက်တိုက်ခိုက်ရန် အသေးစိတ် တိုင်ပင်နေကြ၏။

"တပ်မှူး၊ ဟံသာဝတီတပ်တွေကို ဒီညပဲ အလစ်ဝင်တိုက်ရင် ကောင်းမယ်"

ထိုအခါ တပ်မှူးကလေး ဝဏ္ဏသည် တစ်ခုခုကို အလေးအနက် စဉ်းစားဟန်ဖြင့် အတန်ကြာ ငြိမ်



သက်နေပြီးမှ …

"မဖြစ်ဘူး သွေးသောက်ကြီး၊ ရန်သူကို လျှော့တွက်လို့ မရဘူး၊ သူတို့လည်း ကျုပ်တို့တပ်ကို သတိထားပြီး စောင့်ကြည့်နေနိုင်တယ်"

ဟု ပြောလိုက်သောအခါ ရဲမက်ကြီးသည် သူ၏ ဆောင်ဓားလက်ကိုင်ရိုးကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်း …

"ကျုပ်ကတော့ သင်းတို့နဲ့ တိုက်ရမယ်ဆိုရင် အချိန်မရွေးဘူး၊ ကျုပ်ဓားက သွေးမသောက်ရတာ အတော်ကြာနေပြီ၊ အခုလိုအဆင်သင့်တုန်း တစ်ပွဲလောက်နွှဲချင်စမ်းပါရဲ့ တပ်မှူးရယ်"

ဟု မချင့်မရဲ ဆိုလေ၏။ ဝဏ္ဏ အားရနှစ်ခြိုက်စွာ ပြုံးလိုက်သည်။ ပြီးမှ …

"တိုက်ရမှာပေါ့၊ ရဲမက်တွေအားလုံးကို အသင့်သာ ပြင်ခိုင်းထားတော့၊ မိုးသောက်တာနဲ့ ကျုပ်တို့ ဓားတွေကို ဟံသာဝတီသားတွေ သွေးနဲ့ဆေးရမယ်"

"ကောင်းပါပြီ တပ်မှူး"

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောပြီး သွေးသောက်ရဲမက်ကြီးသည် ဝဏ္ဏအနားမှ ထွက်ခွာရန် ပြင်သည်။ ဝဏ္ဏသည် ရဲမက်ကြီးအား····

“ခဏနေဦး သွေးသောက်ကြီး၊ ရဲမက် တစ်ယောက်ကို ကျုပ်ဆီ လွှတ်လိုက်”

“တပ်မှူး ဘာများခိုင်းချင်လို့လဲ”

“ဒီညတွင်းချင်းပဲ သူရဆီ စာချွန်ပို့ခိုင်းမလို့၊ မနက်မိုးသောက်ရင် ကျုပ်တို့ရဲ့ ဓားရေးယှဉ်ရအောင်လို့”

ထိုအခါ ရဲမက်ကြီးသည်။

“ဟား ဟား ဟား၊ တပ်မှူးက ရယ်စရာလည်း ပြောတတ်သကိုး၊ ခုပဲ အရဏ်တက်လုပြီ”

ဟု ပြောလိုက်ရာ ဝဏ္ဏသည် ကောင်းကင်သို့ မော့ကြည့်ပြီးလျှင်···

“ဟုတ်ပေသားပဲ၊ မိုးသားတွေ ညို့နေတော့ ကျုပ် သတိမထားမိဘူး”



ဟု ပြောလိုက်လေတော့၏။

သူ တစ်ညလုံး တစ်ရေးမှ မမှေးရသေးချေ။ သူ့စိတ်အစဉ်က တိုက်ပွဲဆီသို့သာ ရောက်နေသည်။

♦ ♦ ♦

www.burmeseclassic.com

www.burmeseclassic.com



ဟံသာဝတီတပ်များ စုတည်းချရာစခန်းတွင်…

သူရသည် သူ၏ ရဲမက်များကို အသင့်ပြင်စေပြီး သူကိုယ်တိုင် ရှေ့ဆုံးမှ ဦးဆောင်ချီတက်၍ စီစဉ်ထား၏။ ရဲမက်များအားလုံး မြင်းကိုယ်စီနှင့် စစ်တလင်းဆီသို့ ထွက်ရန် သူရ၏အမိန့်ကို စောင့်ဆိုင်းနေသည်။

ဝဏ္ဏသည် တောင်ကုန်းလေးပေါ်တွင် မြင်းများကို ရပ်တန့်စေပြီး အဝေးသို့ ခါးထောက်ရင်း လှမ်းမျှော်ကြည့်လိုက်သည်။ ပတ်ဝန်းကျင်သည် အခိုးအငွေ့များ ရစ်သိုင်းခြုံလွှမ်းနေပြီ။ ဘာမှ သဲသဲကွဲကွဲ မမြင် ရချေ။

ထိုသို့ ကောင်းကင်တစ်ခွင်လုံး ပြာလဲ့လဲ့မှုန်မှိုင်းမှိုင်း ဖြစ်နေရာမှ ရုတ်ချည်း နီရဲလာလေတော့သည်။



သူရနှင့်အတူ သူ၏ရဲမက်များသည် ကောင်းကင်ကို ကြည့်ကာ နားမလည်နိုင်အောင် ဖြစ်နေကြသည်။ ထိုအချိန်တွင် လေတစ်ချက် ဝှေ့တိုက်သွားသည်။

သူရ ကောင်းစွာသဘောပေါက်လိုက်သည်။ ဒီသက်လေ၏ရှုံ့သည် သဘာဝအန္တရာယ် အငွေ့အသက်များ ရောပြွမ်းနေသည်ဟု ထင်လိုက်မိ၏။ ထိုစဉ်…

"ဝေါ … ဝေါ"

"ဝုန်း …"

ပတ်ဝန်းကျင်တစ်ခွင်လုံး လေပြင်းဆိုက်နိုက်သံ၊ သစ်ပင်များ ကျိုးကျသံတို့ဖြင့် တောပြုံသည့်အလားဆူညံ မြည်ဟီးသွားတော့၏။ သူတို့၏ကိုယ်ပေါ်သို့လည်းဆီး ကင်းခန့်ရှိသော မိုးစက်မိုးပေါက်ကြီးများ တရစပ်သော ရောက်ထိမှန်လေတော့သည်။

"ဝေါ …၊ ဝရော"

ဆူညံသော အသံများနှင့် ရုတ်ချည်း မှောင်မိုက်များသော အခြေအနေကြောင့် မြင်းများမှာ လန့်ဖျတ်ကာပြီး တပ်စုတစ်စုလုံး ကစဉ့်ကလျား ဖြစ်ကုန်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆုတ်"

သူရ အသံနက်ကြီးဖြင့် အော်ဟစ်အမိန့်ပေး အခိုက်တွင် သူ၏မြင်းကိုလည်း ဆတ်ခနဲ ကန့်လိုက်ကာ ဟံသာဝတီဘက်သို့ ဦးတည်မောင်းနှင်လိုက်သည်။ မိုးထဲလေထဲတွင် သူ၏တပ်များသည် စိုရွှဲသောကိုယ်ဖြင့် ဟံသာဝတီအရောက် ဒုန်းစိုင်းကာ ချီရတော့၏။

မိုးသက်မုန်တိုင်းကား အငြိုးမာန်ဟုန်ပြင်းစွာ တိုက်ခတ်ဆဲ။

"မြဖြောင်း ... ဝုန်း"

"ဝေါ"

တစ်ဘောလုံး သွက်သက်ခါတောင် မွှေယမ်း တိုက်ခတ်သော မိုးသက်မုန်တိုင်းကြားထဲတွင် ဟံသာဝတီ တပ်များသာမက အင်းဝတပ်များပါ တိုက်ပွဲအစီ အစဉ် ဖျက်ပြီး ပြန်လည် ဆုတ်ခွာကြရသည်ကို သူတို့ နှစ်ဖွဲ့လုံး မသိကြချေ။

◆ ◆ ◆



ဟံသာဝတီနှင့် အင်းဝ တိုင်းပြည်နှစ်ပြည်လုံး တွင် မင်းပြောင်းမင်းလွဲ ရှေ့ဆင့်နောက်ဆင့်ဆိုသလို အသီးသီး ဖြစ်ကြလေသည်။

ဟံသာဝတီဘုရင် နတ်ရွာစံသော်လည်း အိမ်ရှေ့ ဥပရာဇာမင်းသားလေးမှာ ထီးလျှာနန်းလောင်းအဖြစ် အားလုံး သတ်မှတ်ထားပြီးဖြစ်သည့်အတွက် ပွပင်စရာ မလိုပေ။ အိမ်ရှေ့မင်းသားကိုပင် ဟံသာဝတီဘုရင်အဖြစ် တင်မြှောက်လိုက်ကြ၏။

အင်းဝဘုရင်၌မူ ထီးမွေနန်းမွေ ဆက်ခံမည့် သားတော်တစ်ပါးမျှ မရှိချေ။ သမီးတော် သုန္ဒရာဒေဝီမှာ

www.burmeseclassic.com

www.burmeseclassic.com



မထင်မရှား မင်းသားငယ်တစ်ပါးနှင့် ရည်ငံနေသူဖြစ်ရာ သူ၏မယ်တော် မိဖုရားခေါင်ကြီးနှင့် မှူးကြီးမတ်ရာမှား ပူးပေါင်း၍ ထိုမင်းသားငယ်ကို သမီးတော်နှင့် လက်ဆက်ပေးပြီး ထီးနန်းကို လွှဲအပ်ကြတော့သည်။

မင်းသားငယ်သည် အဋ္ဌာရသတစ်ဆယ့်ရှစ်ရပ်ကို လေ့ထုံးစံအရသာ သင်ယူခဲ့ရသော်လည်း ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်သူမဟုတ်ချေ။ ထို့ထက် အခြေအနေဆိုးသွားသည်မှာ နှစ်နိုင်ငံ စစ်ရေးဖြစ်ပွားနေချိန်တွင် အင်းဝဘုရင်သစ်၏ အရည်အချင်းမရှိပုံကို သိသော မြို့စားနယ်စားတို့က ဟိုတစ်စု သည်တစ်စု ပုန်ကန် ခြားနားကြခြင်းပင် ဖြစ်သည်။

စစ်မှုရေးရာ မတတ်စွမ်းသည့်အပြင် တိုင်းပြည်အုပ်ချုပ်ရေးကိုလည်း နားမလည်သော အင်းဝဘုရင်လေးမှာ ဝဏ္ဏကိုပင် သေနာပတိချုပ်ခန့်အပ်ကာ စစ်ရေးစစ်ရာ အရပ်ရပ်ကို မျက်နှာလွှဲတော့၏။

စစ်သေနာပတိချုပ်ဖြစ်လာသော ဝဏ္ဏမှာ နန်းတွင်းရေးရာ၊ တိုင်းပြည်ရေးရာ ပြဿနာများကိုတစ်ခုပြီး



တစ်ခု လိုက်လံဖြေရှင်းနေရသောကြောင့် အားလပ်သည် မရှိချေ။

ထိုစဉ် ...

မြေပုံရာကင်းမှောက် ဖြစ်ခဲ့ရပြန်သည်က...

ဝဏ္ဏ၏ဇနီးဖြစ်သည့် မသူဇာတစ်ယောက်၊

မီးဖွားရင်း မီးတွင်းထဲတွင် သေဆုံးသွားရခြင်းပင် ဖြစ်သည်။

တိုင်းပြည်၏ ရှုပ်ထွေးလှသော အခြေအနေများကြောင့် ဇနီးသည်ကို ဂရုမစိုက်နိုင်ခဲ့သော သူ့အဖြစ်ကို ပြန်တွေးရင်း ယူကျုံးမရ နောင်တရမိကော့သည်။ သူ့အသက်ကို ကယ်တင်ခဲ့သောကျေးဇူးရှင်မလေးအား သူ ပြန်မကယ်တင်နိုင်ခဲ့လေပြီ။

ဝဏ္ဏအဖို့ ရင်ထုမနာဖြစ်ရုံမှလွဲ၍လည်း ဘာမှ မတတ်နိုင်ခဲ့သည် ဖြစ်ချေ၏။

သူ့မှာ အချစ်ရေးထက် စစ်ရေးက ခက်ခဲ့ရသည်။ ဇနီးသည်အနားတွင် မစောင့်ရှောက်နိုင်ခဲ့သည့်အပြင် အလောင်းပိုက်ဆွေးရန်ပင် အခွင့်မသာနိုင်ခဲ့ပါချေ။

www.burmeseclassic.com

www.burmeseclassic.com



စစ်သေနာပတိချုပ်ဖြစ်လာပြီမို့ အင်းဝ၏အရေးသည် ဝဏ္ဏအပေါ် ကြီးလေးစွာကျရောက်ခဲ့ပြီဖြစ်၏။ သူက နောက်ဆုတ် လက်လျှော့တတ်သူတော့ မဟုတ်ခဲ့ပါ။ ကြုံလာသည့်အရေးကို ရင်ဆိုင်ဖြေရှင်းရန်သာ သူစဉ်းစားရတော့သည်။ အင်းဝ၏ အနာဂတ်မှာ ဖရိုဖရဲ ယိုင်နဲ့နေပြီဖြစ်ရာ ပြန်လည်တည့်မတ်ဖို့ မနည်းပင် ကြိုးစားရပေတော့မည်။

ထိုစဉ်မှာပင် …

ဝဏ္ဏထံသို့ မထင်မှတ်သောသတင်းတစ်ခု ဆိုက်ရောက်လာခဲ့ပြန်သည်က …

သူရထံမှ စာချွန်တစ်ခုပင် ဖြစ်ပါချေ၏။

မသူဇာ သေဆုံးခြင်းကို သူရ သတင်းကြားသွားပြီထင့်။ စာချွန်ထဲတွင် …

"အလောင်းကို ပြန်ပေးမည်လော …

စစ်ထိုးပြီး ယူရမည်လော"

ဟု ရေးထားသည်။ စာပို့လာသောသူကို ဝဏ္ဏတစ်ခွန်းသာ တုံ့ပြန်လိုက်သည်။



သူ၏စကားမှာ တိုတောင်း ပြတ်သားလှ၏။

"ငါ့မယားအလောင်းကို သင်္ဂြိုဟ်ပြီးပြီ"

ဟူ၍သာ။ ထိုအခါ နောက်တစ်ကြိမ် သူရထံမှ အမှာ ထပ်ရောက်လာပြန်သည်။ မသူဇာ၏ အရိုးပြာကို လိုချင်ပြန်သည်ဟူ၏။ ထိုအခါတွင် ဝဏ္ဏသည် မသူဇာ၏ အရိုးပြာအိုးကို နှစ်နိုင်ငံနယ်စပ်တွင် ကျဲချပေးပါမည့်အကြောင်း ပြန်ကြားလိုက်ရတော့သည်။

✸

www.burmeseclassic.com

www.burmeseclassic.com



ဝဏ္ဏမှာ ကတိအတိုင်း နောက်တစ်နေ့တွင်အရိုးပြာအိုးကိုယူကာ နှစ်နိုင်ငံနယ်စပ်သို့ ထွက်ခဲ့ရသော်လည်း မခံချိမခံသာတော့ အတော်ဖြစ်မိလေ၏။

တို့ပြည့်မှာ အခြေအနေ ရှုပ်ထွေးနေစဉ်ကာလမို့သာပေါ့။ နို့မို့ဆို မင်းနဲ့ တစ်ပွဲတစ်လမ်း အကဲစမ်းချင်လိုက်ပါဘိတော့သူရရယ်ဟု ရင်ထဲမှကြုံးဝါးခဲ့မိလေသည်။

သူရကတော့ အသာစီးရနေသူမို့ထင့် ချိန်းဆိုရာသို့ တံခွန်တလွှားလွှား ကြွားကြွားဝင့်ဝင့်ဖြင့် ရောက်ရှိလာခဲ့လေ၏။

အင်းဝနှင့် ဟံသာဝတီကြားရှိ တောင်ကြား



လွင်ပြင်တစ်ဖက်စီသို့ သူတို့နှစ်ဦး မြင်းကိုယ်စီဖြင့် စုံညီရောက်ချိန်ကြမှာတော့ နေမွန်းပင်တည့်နေပြီဖြစ်သည်။

ဝဏ္ဏသည် စိတ်အသက်မသာပင် လက်ထဲမှ အရိုးပြာအိုးကို ရဲမက်တစ်ယောက်ထံသို့ ကမ်းပေးလိုက်၏။ ရဲမက်သည် တောင်ကုန်းပြေပြေလေးမှ ဆင်းသွားကာ မြေပြန့်နေရာလေးအရောက် တွင် အိုးငယ်အတွင်းမှ ပြာများကို နှိုက်ယူကာ ကျဲချလိုက်ပြီးလျှင် ဝဏ္ဏရှိရာသို့ ပြန်လာခဲ့တော့၏။ ထိုအချိန်တွင် သူရထံမှ ‥

"ဟေ့ကောင် ဝဏ္ဏ၊ ဒီနေ့ကစပြီး မင်းနဲ့ငါ ရန်သူတွေ ဖြစ်သွားပြီနော်"

ဟူသော အော်ပြောသံကို ကြားလိုက်ရသည်။ ဝဏ္ဏသည် ခဏတွေဝေတုန့်ဆိုင်းနေပြီးမှ …

"မင်းနဲ့ငါ အခုမှ ရန်သူဖြစ်တာ မဟုတ်ဘူး၊ ဟိုတုန်းကတည်းက ရန်သူလို့ သတ်မှတ်ပြီးသား"

ဟု ပြန်အော်ပြောလိုက်၏။

"အေး … ဒါပေမဲ့ ငါယူထားတာ မင်းနှမ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ မင်း သိပါတယ်နော်"

သူရစကားကြောင့် သူ ထောင်းခနဲ ဒေါသထွက်သွားကာ ...

"ဟော့ကောင် ... မင်းနဲ့ ယှူလိုက်ပြီးကတည်းက ငါသူ့ကို နှမအဖြစ်က စွန့်လွှတ်ပြီးသား၊ မင်း ဘာမှ အမျိုးစပ်နေစရာ မလိုဘူး"

ဟု ပြောလိုက်ရာ သူရသည် တဟားဟားအော်ဟစ်ရယ်မောလျက် ...

"ဒါဆိုလည်း ပိုကောင်းတာပေါ့ကွာ၊ မင်းနဲ့ငါ ပြတ်ပြတ်သားသား ရန်သူတွေဖြစ်သွားတာပေါ့"

ဟုဆိုကာ သူ့ထံသို့ အဝေးမှ လှမ်း၍ ကြည့်နေလေ၏။ သူတို့နှစ်ယောက်စလုံး တစ်ယောက်နှင့်တစ်ယောက် သဲသဲကွဲကွဲ မမြင်ရသော်လည်း အဝေးမှ မျက်နှာချင်းဆိုင်ကာ ခဏလှမ်းကြည့်နေကြပြီးသည်နှင့် မြင်းများကို နောက်သို့လှည့်ပြီး မောင်းနှင်ကာ အသီးသီး ဒုန်းစိုင်းထွက်ခွာသွားကြတော့သည်။

◆ ◆ ◆



ဟံသာဝတီရွှေနန်းတော်၏ နန်းရင်ပြင် ဗိုလ်ရှုသဘင်ခံယူရာနေရာတွင်ဖြစ်သည်။

မှူးကြီးမတ်ရာများ၊ မင်းညီ မင်းသားများနှင့် ရဲမက်၊ တပ်မှူးများအားလုံး နေရာယူပြီးချိန်တွင် ဟံသာဝတီဘုရင်လေးနှင့် မိဖုရားတို့သည် ဗိုလ်ရှုစင်မြင့်ထက်သို့ ကြွချီလာလေသည်။

အရှင်နှစ်ပါး၏ နောက်တော်တွင် အသက်အရွယ် နုနယ်၍ ရုပ်ဆင်းအင်္ဂါ ပြုံမျစ်လှပသော ရံရွေတော် ကလေးများ လိုက်ပါလာကြသည်။ အားလုံးသော မင်းပရိသတ်တို့သည် ဟံသာဝတီဘုရင်လေးနှင့် မိဖုရား

www.burmeseclassic.com

www.burmeseclassic.com



တို့ အသက်ရာကျော်ရှည်ပါစေကြောင်း ဆုတောင်းကြပြီးလျှင် ဦးတိုက်ရှိခိုးကာ အရိုအသေပေးလိုက်ကြ၏။

ခဏအကြာတွင် ဘုရင်ကလေးသည် တပ်မှူးသူရအား စစ်သေနာပတိချုပ်အဖြစ် ခန့်အပ်ကြောင်း မိန့်ကြားပြီး သူရအား နဝရတ်ကိုးပါးဖြင့် စီခြယ်ထားသော ဓားကို အပ်နှင်းမည့်အကြောင်း မြွက်ကြားလိုက်လေ၏။ မင်းပရိသတ်အားလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားကာ သူတို့၏ အကြည့်များက သူရထံသို့ စုပြုံကျရောက်သွားကြတော့သည်။ သူရသည် ခစားနေရာမှထကာ အနီရောင်ကတ္တီပါကော်ဇောခင်းလမ်းအတိုင်း ဘုရင်မင်းမြတ်ထံသို့ လျှောက်သွားလိုက်သည်။ဘုရင်မင်းမြတ်ရှေ့သို့ ရောက်သောအခါ ဦးညွတ်အရိုအသေပေးပြီး ဒူးထောက်ခစားလိုက်၏။

ဟံသာဝတီဘုရင်ကလေးသည် သူ့အနီးတွင် ရပ်နေသော မင်းချင်းတစ်ယောက် ကိုင်ထားသည့် ကျောက်စီသေတ္တာရှည်ထဲမှ ဓားကို ယူလိုက်ပြီးလျှင် သူရထံသို့ ကမ်းပေးလိုက်၏။



ဓားအိမ်သည် အဖိုးတန် ကျောက်မျက်ရတနာများဖြင့် စီခြယ်ထားသောကြောင့် တပြောင်ပြောင် တလက်လက် တောက်ပနေလေတော့၏။ လူအားလုံးတို့၏ မျက်လုံးများတွင်တော့ သူရအား အထင်ကြီး အားကျနေဟန်ကအထင်းသား။ ထို့နောက် စစ်သေနာပတိချုပ်၏ အဆောင်အယောင် အဆင်တန်ဆာများ ဆက်လက်ချီးမြှင့်ကာ ဗိုလ်ရှုသဘင်ကို ရုတ်သိမ်းလိုက်လေတော့၏။

✱

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ရှုသဘင်အပြီးမှာပင် ဘုရင်ကလေးက သူရအား လွှတ်တော်အတွင်း လာရောက်ရန် အမှာတော်ထားခဲ့လေ၏။

သူရ လွှတ်တော်အတွင်း ရောက်ရှိသွားချိန်တွင် ဘုရင်ကလေးသည် သူ့အနီးမှ အစေအပါးများကို အပြင်သို့ထွက်ကြရန် အရိပ်အကဲပြလိုက်သောကြောင့် အားလုံး အလျှိုလျှို ထွက်သွားကြတော့သည်။

ဘုရင်ကလေးသည် သူရအား တရင်းတနှီးပင် သူ့အနီးရှိ ထိုင်ခုံတွင် ထိုင်စေပြီး

"ကိုယ်တော်တိုင်ပင်စရာရှိလို့ ခေါ်လိုက်တာပဲ၊ တခြားကိစ္စတော့ မဟုတ်ပေဘူး"

ဟု အစချီပြောလေသည်။ သူရသည် သူ့ထက်ပင် အသက်ငယ်သော ဘုရင်ကလေး၏ဖော်ရွေပွင့်လင်းပုံကို စိတ်တွင်းမှ ကြိတ်၍ ချီးကျူးလိုက်သည်။ ဘုရင်ကလေးသည် ငယ်ရွယ်ထက်မြက်သူပီပီ ဟံသာဝတီ၏ တိုင်းရေးပြည်ရေးကို ဆောင်ရွက်ရန် အလွန် စိတ်အားထက်သန်နေလေ၏။



တိုင်းပြည်၏ ဘဏ္ဍာရေး၊ အခွန်အတုပ်များကိစ္စ၊ မြို့စားနယ်စားများ၏အရေး စသည်တို့ကို တိုင်ပင်ဆွေးနွေးပြီးသည်နှင့် ဘုရင်ကလေးသည် ...

"အင်းဝနဲ့ပတ်သက်ပြီး ငါကိုယ်တော် အကြံအစည်တစ်ခု စိတ်ကူးမိတယ် စစ်ကဲကြီးရဲ့၊ငါ့အကြံက ဒီလို ..."

ဟု သူ၏စိတ်ကူးကို သူရအား ဖွင့်ဟတိုင်ပင်လေ၏။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



ဝဏ္ဏတစ်ယောက် သူ၏စံအိမ်တော်ဝယ် တစ်ကိုယ်တည်း အနားယူနေချိန်တွင် ရဲမက်တစ်ယောက် မြင်းကို ဒုန်းစိုင်းကာ ခြံထဲသို့ အပြေးအလွှား ဝင်ရောက်လာလေ၏။

"သေနာပတိကြီးခင်ဗျား၊ မြို့တော်ရဲ့လက်ယာဘက်ခြမ်းမှာ ဟံသာဝတီတပ်တွေ ဝိုင်းထားကြပါပြီ"

ရဲမက်၏လျှောက်တင်မှုကြောင့် ဝဏ္ဏမှာ ထိုင်ရာမှ ငါက်ကနဲထထိုင်လိုက်မိ၏။

"ရန်သူ့တပ်တွေ လာဝိုင်းတယ်ဆိုတော့ အင်အား အတော်များသလား"



ဟုလည်း အမောတကော မေးလိုက်မိသည်။

ထိုအခါ ရဲမက်သည် အားရတက်ကြွသော လေသံဖြင့်

"တပ်ကတော့ မဆိုစလောက်လေးပါ တပ်မင်း"

ဟု ပြန်လျှောက်တင်လိုက်ရာ ဝဏ္ဏသည် မျက်ခုံးနှစ်ဖက်ကို တွန့်ပြီး အတန်ကြာ စဉ်းစားနေလေသည်။ ရဲမက်သည် ဝဏ္ဏ၏မျက်နှာကို မဝံ့မရဲကြည့်ကာ

"ဒါ ... ဒါပေမဲ့ တပ်ကို စစ်သေနာပတိချုပ်ကြီးကိုယ်တိုင် ဦးဆောင်လာတာပါ စစ်ကဲ"

"ဘာ ... သေနာပတိချုပ်ကိုယ်တိုင် ဦးဆောင်လာတယ် ဟုတ်စ၊ သင်းတို့ သေနာပတိချုပ်က သူရ မဟုတ်လား"

"ဟုတ် ... ဟုတ်ပါတယ်ခင်ဗျာ"

သူရပါလာသည့်သတင်းကို ကြားလိုက်ကတည်းက သူ့အကြောအခြင်တွေအားလုံး တောင့်တင်းသွားပြီး ဒေါသစိတ်က အရှိန်အဟုန်ဖြင့် ဆောင့်တက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ၊ မင်း သွားနိုင်ပြီ၊ မြင်းဇောင်းထဲက ငါ့မြင်းကို ချပ်ဝတ်တွေအားလုံး ဆင်ထားလိုက်၊ အကြပ်တပ်မှူးကို ငါနဲ့အတူဟံသာဝတီတပ်တွေကို တိုက်ရာမှာ လိုက်ပါရမယ်လို့ ဝင်ပြောလိုက်ချေ၊ ကျန်တဲ့ တပ်စုတွေအားလုံး လည်း အသင့်ပြင်ထားခိုင်း"

ဟုဆိုကာ သူကိုယ်တိုင်ပင် ခါးမှ အဝတ်များကို ချက်ချင်း လဲလှယ်ကာ စစ်မြေပြင်သို့ ထွက်ရန် ပြင်ဆင်လိုက်သည်။

မကြာမီအချိန်တွင် ဝဏ္ဏ ဦးဆောင်သော တပ်များသည် စစ်တလင်းသို့ ချီတက်ကြရတော့၏။ ဝဏ္ဏတို့ ရောက်သွားပြီး မကြာမီတွင် တိုက်ပွဲသည် ပြင်းထန်စွာ ဖြစ်ပွားတော့သည်။

သူ့ရှေ့ ပါလာသည်ဟူသော အသိကြောင့် ဝဏ္ဏသည် ဓားလွတ်ကို ဝင့်ကာ ရှေ့ဆုံးမှ မြင်းကို ဒုန်းစိုင်းနှင်ပြီး ဟံသာဝတီတပ်သို့ ထိုးဖောက်သည်။ သူ့ရှေ့သို့ တိုးဝင်လာသော မြင်းစီးစစ်သည်များထံသို့ သူ့ဓားက



အဆက်မပြတ် ဝှေ့ယမ်းထိုးခုတ်သွားသည်။

"ဟိတ် … ယား"

"ရွှင်"

"ထန်"

"အား"

ဟံသာဝတီရဲမက်၏ ခေါင်းသည် မြင်းပေါ်မှ ခန္ဓာကိုယ်နှင့် အတော်လှမ်းသောနေရာသို့ ရောက်သွားသည်။ သွေးများသည် သူ့ရင်ဘတ်သို့ ဖျန်းခနဲ လာစင်သည်။ နောက်တစ်ယောက် …

"ရွှပ်"

"အား …"

"ဒုတ်"

ဘယ်ဘက်ရင်အုံသို့ သူ့ဓားကို ထိုးသွင်းလိုက်သည်။ ဓားကို အရှိန်နှင့်ပြန်ဆွဲထုတ်ချိန်တွင် ဟံသာဝတီရဲမက်၏ ကိုယ်သည် မြင်းပေါ်မှ လွင့်စင်ကျသွား၏။ နှစ်ဖက်စလုံး သံကြီးမဲကြီး ထိုးခုတ်တိုက်ခိုက်နေကြခဲ ဝင် တိုက်ပွဲသည် တစ်ဖက်စောင်းနှင်း ဖြစ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



လူအင်အားချင်း မမျှသောကြောင့် ဟံသာဝတီတပ်များ တဖြည်းဖြည်း ဆုတ်တိုက် တိုက်လာကြ၏။ အင်းဝနှင့် အတော်လှမ်းလှမ်းနေရာသို့ ရောက်သည်အထိ သူတို့ သဲသဲမဲမဲ လိုက်လံတိုက်နေကြသည်။

ဝဏ္ဏ သူ့တပ်များကို လှမ်း၍ အမိန့်ပေးလိုက်သည်။

"တစ်ကောင်မှ မလွတ်စေနဲ့၊ အားလုံး လက်ရ ဖမ်း"

သူ၏အမိန့်သံအဆုံးတွင် အင်းဝတပ်များသည် တစ်ဖက်မှ ကွေ့ပိုက်ကျော်တက်ကာဟံသာဝတီတပ်များ ဆုတ်ခွာရာလမ်းကြောင်းကို ပိတ်ဆို့ထားလိုက်ကြတော့၏။

ဆယ်ယောက်ကျော်ခန့်သာ ကျန်သော ဟံသာဝတီ တပ်ဖွဲ့သည် အားမတန်၍ မာန်လျှော့လိုက်ရချေပြီ။

◆ ◆ ◆



ဝဏ္ဏသည် အချိန်လင့်နေပြီဖြစ်သောကြောင့် မြို့သို့မပြန်သာတော့ဘဲ ထိုနေရာ၌ပင် ယာယီတပ်စခန်း ချလိုက်ပြီး ဟံသာဝတီတပ်များအား စစ်ဆေးရန် ကြိုး ပမ်းရတော့သည်။ သူရကိုပါ လက်ရ ဖမ်းဆီးနိုင်ခဲ့ခြင်း ကြောင့် သူ ကျေနပ်အားရနေမိ၏။

ဖမ်းဆီးရမိသော ဟံသာဝတီတပ်မှ စစ်သို့ပန်း များကို တိုင်တစ်တိုင်စီတွင် လက်ပြန်ကြိုးတုတ်ထား လိုက်သည်။ သူရအပါအဝင် အားလုံး တစ်ဆယ့် လေးယောက် ဖြစ်၏။ အင်းဝတစ်မြို့လုံးကိုလာဝိုင်းသော တပ်မှာ အတော်ပင် အင်အားနည်းနေသည်ဖြစ်ရာ သူ

www.burmeseclassic.com

www.burmeseclassic.com



အံ့သြနေမိ၏။ ထိုအတူ သံသယဝင်လာသောကြောင့် သုံ့ပန်းများအားလုံးကို ချက်ချင်းမသတ်ဘဲ စစ်မေးရန်အတွက် ယခုလို ထားရခြင်းဖြစ်သည်။

အင်းဝတပ်မှ လက်ရွေးစင်ရဲမက်များကို ဝဏ္ဏကိုယ်တိုင် ရွေးချယ်ကာ သုံ့ပန်းများကို စစ်ဆေးရန် တာဝန်ပေးအပ်ထားသည်။ သူသိချင်သော အကြောင်းအရာမှာ ဘာကြောင့် အခုလို တိုက်ရသလဲဆိုတာပဲဖြစ်၏။ သူကိုယ်တိုင်ကလည်း သုံ့ပန်းစစ်သေနာပတိ သူရရှေ့တွင်ရပ်ကာ စစ်ဆေးရန် အသင့်ဖြစ်နေပြီ။ ဓားအိမ်ထဲမှ ဓားကိုဆွဲအထုတ်တွင် ဓားသွားသည် နေရောင်တွင် လက်ခနဲ ဖြာသွားသည်။ ဟံသာဝတီသားများစွာ၏သွေးကို သောက်သုံးခဲ့သည့်ဓါး။ မြင်ရရုံနှင့်ပင် ကျောချမ်းစရာ ဝံ့ဝံ့ကြွားကြွားရှိလွန်းလှ၏။

သို့သော် သုံ့ပန်းတစ်ဆယ့်လေးယောက်လုံး၏ မျက်နှာတွင် ကြောက်လန့်သော အရိပ်အယောင်ကို စိုးစဉ်းမျှ မတွေ့ရချေ။

"သူရ ··· မင်းတို့ ဘာကြောင့် အခုလို လာ



တိုက်တာလဲ ငါသိချင်တယ်"

သူရရှေ့တွင် ရပ်ရင်း ဝဏ္ဏ မေးလိုက်သည်။ သူရထံမှ လုံးဝ အသံထွက်မလာပါချေ။

ဝဏ္ဏ အင်းဝရဲမက်များကို မျက်ရိပ်ပြလိုက်သည်နှင့် ···

"ဟေ့ကောင် ··· ဖြေစမ်း၊ မင်းတို့ ဘာအတွက် လာတိုက်တာလဲ"

ဟူသော မေးသံက လက်ဝဲဘက်အစွန်ဆုံး ရဲမက်ထံမှ ထွက်ပေါ်လာ၏။ သို့သော် ဟံသာဝတီတပ်မှ သုံ့ပန်းသည် တစ်ခွန်းမှ ပြန်မပြောဘဲ သူ့မျက်လုံးအစုံက အဝေးတစ်နေရာသို့သာ ငေးမောနေရာ ရဲမက်သည် ဝဏ္ဏဘက်သို့ လှမ်းကြည့်လာ၏။ ဝဏ္ဏ ထိုရဲမက်အား မေးဆတ်ပြလိုက်သည်။

"ဒုတ်"

"အား ···"

ရဲမက်သည် လက်ထဲမှ ဓားဖြင့်လွှဲခုတ်ချလိုက်သည်။ တစ်ယောက်တော့ ခေါင်းမာစွာ အသေခံသွားပြီ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ နောက်တစ်ယောက်အလှည့် ရောက်လာပြန်သည်။

"အသက်မသေချင်ရင် ဖြေ ... မင်းတို့ ဘာရည်ရွယ်ချက်နဲ့ လာတိုက်တာလဲ"

"အဟက် ... ဟား ဟား ဟား"

ဒုတိယလူထံမှ ခြောက်ကပ်အက်ကွဲသော ရယ်သံ ထွက်ပေါ်လာပြီး မေးမြန်းသော ရဲမက်ကို မခိုးမခန့် ကြည့်နေလေသည်။ ရဲမက်သည် ဝဏ္ဏထံသို့လှမ်းကြည့်လိုက်ရာ ဝဏ္ဏ ထိုနေရာကို လျှောက်သွားပြီး ရဲမက်ကို တွန်းဖယ်ကာ ...

"ဟေ့ကောင် မေးနေတာ ဖြေစမ်း"

ဟု ပြောလိုက်သည်။ တစ်ဆက်တည်းမှာပင် သူ့လက်ထဲမှ ဓားက သုံ့ပန်း၏ ရင်ဝတွင် ထောက်ထားလိုက်၏။

"ကျုပ်ကို သတ်ပစ်ပြီးမှ ဖြေမယ်"

"တောက်"

ဟံသာဝတီရဲမက်များ ရူးသွားပြီလားဟု သူ



တွေးလိုက်မိသည်။ ထို့နောက် သူ့လက်ထဲမှ ဓားက သုံ့ပန်း၏ ရင်ဝကို တိုးဝင်သွားတော့၏။

"ဇွပ်"

"အား ..."

"ရဲမက်တွေ ရအောင်မေး၊ မဖြေရင် သတ်"

ဝဏ္ဏ ဒေါသတကြီး အော်ပစ်လိုက်သည်။ ထို့နောက် ငြိမ်သက်နေသော ရဲမက်များထံမှ အော်ငေါက်မေးမြန်းသံများ ထွက်ပေါ်လာသည်။

"ဖြေစမ်း ... မင်းတို့စစ်မြားက ဘယ်ကို ဦးတည်လာတာလဲ"

"နင့်မေကလွှားမို့ ဖြေရမှာလားအင်းဝသားရဲ့"

ဟု တန်ပြန်ဆဲရေးသံအဆုံးတွင် ...

"ဒုတ်"

"အား ..."

ဟူသော ဓားခုတ်သံ၊ အော်သံများ ထွက်ပေါ်လာသည်။

"ဟေ့ကောင်၊ မေးတာဖြေရင် အသက်ချမ်း

www.burmeseclassic.com

www.burmeseclassic.com



သာပေးမယ်"

"အပိုတွေ မေးမနေနဲ့၊ ငါ မသိဘူး၊ သိလည်း မပြောဘူး"

"ဒုတ်"

"အား"

တစ်ယောက်ပြီး တစ်ယောက် သတ်လာလိုက်သည်မှာ သုံးယောက်သာ ကျန်တော့သည်။

"မင်းတို့ မယားတွေ မုဆိုးမ မဖြစ်စေချင်ရင် မေးတာ ဖြေစမ်း"

အင်းဝတပ်မှ ရဲမက်၏ မေးသံအဆုံးတွင် ဟံသာဝတီရဲမက်သည် ဆတ်ခနဲ ခေါင်းထောင်ကြည့်ပြီး

"ထွီ"

အင်းဝရဲမက်၏ မျက်နှာသို့ တံတွေးဖြင့် ထွေးပစ်လိုက်လေ၏။

"ခွပ်"

"အား ..."

အင်းဝရဲမက်၏ ဓားသည် သူ့ရှေ့မှ သုံ့ပန်း၏



ဘယ်ဘက်ရင်အုံသို့ အရှိန်ပြင်းစွာ စိုက်ဝင်သွားပြီး သွေးများသည် သူရထံသို့ပင် လာရောက်စင်လေ၏။ သို့သော် သုံ့ရသည် သူ့ဘေးမှ အသက်ပျောက်နေပြီဖြစ်သော ရဲမက်ကို တစ်ချက်မျှ ငဲ့စောင်းမကြည့်ဘဲ သူ့ရှေ့တူရူမှ ဝဏ္ဏကိုသာ တည်ငြိမ်အေးဆေးစွာ စိုက်ကြည့်နေလိုက်၏။

"သူရ ... မင်းကို ငါ အခွင့်အရေးတစ်ခု ပေးမယ်၊ မင်းတို့ ဘာအကြံအစည်နဲ့ အခုလို လာတိုက်တာလဲ၊ တမင်လာပြီး အသေခံသလို ဖြစ်နေပြီ၊ အဲဒါ အဓိပ္ပာယ်မရှိဘူး၊ ဘာတွေ လျှို့ဝှက်ကြံစည်ထားလဲ၊ မင်းဖြေရင် မင်းကို ငါမသတ်ဘူး၊ ဟံသာဝတီကို မင်းပြန်လို့ရအောင် ငါလုပ်ပေးမယ်၊ ဘယ်လိုလဲ"

ဝဏ္ဏ၏ စကားအဆုံးတွင် သူရသည် မည်သို့မျှ မတုံ့ပြန်ဘဲ ဘာမှမသိသလိုပင် နေသောကြောင့် ဝဏ္ဏ အလွန်ဒေါသထွက်သွားသည်။ သို့သော် သူ စိတ်ကို ထိန်းထားသည်။ သူ၏လက်ထဲမှာ တင်းကျပ်စွာ ဆုပ်

www.burmeseclassic.com

www.burmeseclassic.com



ကိုင်ထားသော ဓားက သူရ၏ လည်မျိုတွင် ထောက်ထားဆဲ။ ဓားသွားအဖျားသည်ပင် လည်ပင်းသို့ နစ်ဝင်ကာ သွေးစို့နေပြီဖြစ်၏။ သူရမျက်နှာကတော့ ထူးခြားပြောင်းလဲလာသည့် အရိပ်အယောင် မရှိချေ။

ဝဏ္ဏသည် မျက်လုံးများ တည့်မတ်စွာ စိုက်ကြည့်သည်။ မေးတာမဖြေမှတော့ သတ်ရတော့မည်ပေါ့။ ထိုစဉ်မှာပင် သူအံ့ဩသလို ဖြစ်သွားခဲ့ရလေ၏။

ယခုအချိန်သည် သေလမ်းနှင့် အရမ်းနီးကပ်နေသော အချိန်မျိုးဖြစ်၏။ ပုံမှန်အားဖြင့် သူရကြောက်နေသင့်သည်။

ဒါမှမဟုတ် သေနာပတိကြီးမို့ မကြောက်ဘူးဆိုလည်း ထားပါတော့၊ အနည်းဆုံးတော့ သူ့ကိုသတ်တော့မည့်သူ ဝဏ္ဏအပေါ် တူးတူးခါးခါးမုန်းတီးနေဟန်တော့ ပြသင့်သည် ထင်၏။

သူတို့ချင်းက ကာလကြာရှည်စွာ ရန်ဘက်များဖြစ်လာကြသူတွေ မဟုတ်လား။ ကြိတ်မနိုင်ခဲမရဖြစ်စရာ အတိတ်တွေ သူတို့ကြားမှာ အများကြီးရှိ၏။



ခုနက အသုတ်သင်သွားခဲ့ကြသော ဟံသာဝတီ ရဲမက်များသည်ပင် အော်ဟစ်ဆဲဆိုခြင်းများ၊ ရှိုင်းရှိုင်းစိုင်းစိုင်း ပြုမူခြင်းများ ရှိကြသေးသည်ပဲ။

သူရသည်လည်း ထိုနည်းသို့ အပြုအမူမျိုးလုပ်သင့်သည်ဟု ထင်သည်။ ဒါမှ သူ့ကိုသတ်ရတာ ပိုအရသာရှိပြီး သတ်ရသူအဖို့လည်း လိပ်ပြာလုံပေလိမ့်မည်။

ယခုလိုကျတော့ ဝဏ္ဏအဖြစ်မှာ လက်နက်မဲ့အပြစ်မဲ့သူအပေါ် အကြောင်းမဲ့ ရက်စက်ရသလို ဖြစ်နေပေသည်။

ဝဏ္ဏရင်ထဲတွင် အခါခါ မြည်ကြွေးမိ၏။

*မင်းကို ငါသတ်တော့မယ်လေ၊ ကြောက်စမ်းပါ၊ နည်းနည်းလေးဖြစ်ဖြစ် ကြောက်ပြစမ်းပါသူရရယ်၊ ဒါမှ မဟုတ်ရင်လည်း ငါ့ကို တူးတူးခါးခါးမုန်းပြစမ်း။*

*ရန်မူချင်နေတဲ့ ရိုင်းစိုင်းနေတဲ့ သတ္တဝါမျိုးမှ သတ်လို့ကောင်းတာ။ အခုလို အေးဆေးမဲ့နေတဲ့၊ ဖြစ်ရိုးဖြစ်စဉ် နေ့တဒူဝ ကိစ္စတစ်ခုလို တုံ့ပြန်ကြည့်နေတဲ့*

www.burmeseclassic.com

www.burmeseclassic.com



မင်းကို ငါဘယ်လို သတ်ရမလဲ။ ငါဘယ်လို လိပ်ပြာသန့်သန့်နဲ့ သတ်နိုင်မလဲ။ နောက်ထပ်ကာလပေါင်းများစွာမှာ ဒီအဖြစ်ကို ပြန်တွေးမိတိုင်း ငါ့ကိုယ်ငါပြန်ရှက်နေရတော့မှာ။

သူရကတော့ သူ့ဖာသာ ထိန်းချုပ်ထား၏။

ဝဏ္ဏနှင့်ဆန့်ကျင်စွာပင် သူရရင်ထဲတွင်လည်း ခြားနားသော စကားလုံးများ ရှိ၍နေသည်။

မမုန်းနဲ့ သူ့ကိုနည်းနည်းမှ မမုန်းမိလိုက်ပါစေနဲ့။ ဝဏ္ဏကို ငါမုန်းလိုက်မိတာနဲ့ ငါရှုံးသွားပြီ။ သူ့လက်ချက်နဲ့ ငါသေရတာတောင်မှ သူ ငါ့ကိုတော့ ဒီတစ်သက် အနိုင်မယူနိုင်စေရဘူး။ မုန်းတယ်ဆိုတာ ရှုံးနိမ့်သူတွေရဲ့ လုပ်ရပ်၊ ဒါကြောင့် ငါသူ့ကို မမုန်းဘူး။

ဝဏ္ဏဟာ သူ့အလုပ် သူလုပ်နေတာဖြစ်တယ်။ သူ့အလုပ်က ငါ့ကိုရန်မူဖို့ ငါ့ကိုရှင်းလင်းဖို့။ ဒီတော့ သူ ငါ့ကို သတ်ရမှာ၊ ချေမှုန်းရမှာပဲ။ ဒီအတွက်ငါသူ့ကို မုန်းစရာမလိုဘူး။ သေရမှာ ကြောက်တဲ့သူတွေသာ



ကိုယ့်ကိုသတ်သူအပေါ် တူးတူးခါးခါး မုန်းတတ်တာ၊ ငါကသတ္တိရှိတယ်၊ ဒီနေ့ ဒီနေရာမှာ သူ ငါ့ကို သတ်နိုင်ခဲ့ပေမယ့် ငါ့ရဲ့ သတ္တိ၊ ဟံသာဝတီသားရဲ့သတ္တိဟာ ဥဒါန်းတင်ကျန်ရစ်စေရမယ်။ သူရဆိုတဲ့ သေမှာမကြောက်တဲ့လူတစ်ယောက်ဟာ သေခြင်းတရားကို အတည်ငြိမ်ဆုံး ရင်ဆိုင်နိုင်ခဲ့တဲ့အကြောင်း မတုန်မလှုပ် မဖောက်မပြန်ရပ်တည်နိုင်ခဲ့တဲ့အကြောင်း အားလုံးသိအောင်ပြရမယ်၊ ကဲ လာစမ်းပါ ဘယ်အရာကိုမဆို ငါ ပိုကဲပြီးလည်း မတုံ့ပြန် လိုပြီးလည်း မတုံ့ပြန်ပဲ ရင်ဆိုင်ပါ့မယ်။

အတွေးနှစ်ခု အားပြိုင်၍နေကြလေသည်။

ပြီးတော့ မျက်လုံးနှစ်ခု။ စူးရှ ခိုင်ကြည်မှုနှစ်ခု။

အချိန်အတန်ကြာသွားသည်အထိ ....

ချစ်ခြင်း၊ မုန်းခြင်း ကင်းသော သူရ၏ အသွင်မှာ ပကတိ တည်ငြိမ်စူးရဲစွာပင်။ ထိုမျက်လုံးများထဲတွင် သံမဏိလို မာကျောသော စိတ်ဓာတ်နှင့် တင်းမာပြတ်သားသော အရိပ်အငွေ့များ ယှက်သန်းနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝဏ္ဏ၏ စိတ်ထဲတွင် …

ကိုယ့်ကိုယ်ကို အနိုင်ရသူနေရာမှာ ရှိနေရဲ့လား ဟုပင် သံသယ ဝင်ချင်လာမိလေ၏။

ဖြစ်ရပ်တော်တော်များများ ယှက်နွယ်ပတ်သက်ဖူးကြသော်လည်း သူရနှင့်သူ ယခုလို တစ်ကြိမ်မှ မျက်နှာချင်း နီးနီးကပ်ကပ် မဆိုင်ဖြစ်ခဲ့စဖူး။

ယခုမှပင် သူရနာမည်ကျော်သသည်မှာ အလကား မဟုတ်ပေဘူးပဲဟု သဘောပေါက်လိုက်မိ၏။

လည်းပင်းပေါ် ဓါးသွားတင်ထားသော်မှ သူ့ကို အနိုင်ရဖို့ မလွယ်ကူပါတကား။

ဝဏ္ဏစိတ်ထဲ၌ ဒီလောက် သတ္တိကောင်းလှသူ တစ်ဦးသည် အလဟဿ မသေသင့်ဘူးဟုတွေးလိုက်မိ၏။

ဒီလို လူမျိုးကိုသာ စည်းရုံးသိမ်းသွင်းနိုင်လျှင် သူတို့နိုင်ငံအတွက် အတော်အကျိုးရှိပေမည်။

ထို့ကြောင့် …

အတန်ကြာအောင် သူတို့နှစ်ဦး ဆိုင်ကြည့်နေပြီးမှ ဝဏ္ဏသည် …



"ကောင်းပြီ၊ မင်း အခု မဖြေနိုင်သေးရင် ရတယ်၊ နောက်ဆုံးအခွင့်အရေးတစ်ခု ပေးဦးမယ်၊ ဒီည မင်း စဉ်းစားထားပါ၊ မနက်ဖြန် မဖြေလို့ကတော့ ငါ မညှာတော့ဘူးနော်၊ အခု တော့ ခေါင်းမာလှတဲ့ မင်းကို နည်းနည်းတော့ ဂုဏ်ပြုခဲ့ပါရစေ"

ဟု ဆိုပြီးလျှင် သူ့လက်ထဲမှ ဓားရိုးဖြင့် သူရ၏ ခြေလက်များကို ရိုက်ချိုးပစ်လိုက်တော့၏။

"ဂုန်း"

"ဖြောင်း"

"ဒုတ်"

"ဂျွပ်"

ထို့နောက် ဝဏ္ဏသည် သူ့ရှေ့တွင် သူရ ဒူးထောက်လာစေရန် တိုင်မှ ကြိုးစကို လျှော့၍ ဒူးထောက်စေလိုက်သည်။ သို့သော် သူရသည် မြေပြင်ပေါ်သို့ ခွေခနဲ လဲကျသွားပြီး နာကျင်နေသော ဝေဒနာကို အသံတစ်ချက်မှ မထွက်ဘဲ ကြိတ်မှိတ်ကာ နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သေလုမျောပါး ဒဏ်ရာများရထားသော သေခါနီး လူတစ်ယောက်၏ ထိတ်လန့်ကြောက်ရွံ့မှု၊ တုန်လှုပ်ချောက်ချားမှုကိုတော့ သူရမျက်နှာတွင် တစ်စွန်းတစ်စမှ မမြင်ရပါချေ။

တင်းတင်းစေ့ထားသော နှုတ်ခမ်းပါးတို့သည် စီးကျနေသော နှုတ်ခမ်းထောင့်စွန်းမှ သွေးများနှင့် ဆန့်ကျင်စွာ ခပ်လွန့်လွန့်ပြုံးလျက် ရှိ၏။ သူရ၏ မျက်လုံးများတွင်လည်း သူ့အား မုန်းတီးနာကြည်းနေသည့် အရိပ်အယောင်ကို မတွေ့ရသောကြောင့် သူ ထပ်မံအံ့သြသွားရသည်။

နောက်ဆုံး ...

သူရကို ဒီအတိုင်း ထားပစ်ခဲ့လိုက်ပြီး သူ ထိုနေရာမှ ထွက်လာခဲ့၏။

သူရ လဲကျနေသော မြေပြင်သည် ဝဏ္ဏ နင်းလျှောက်သွားသော အရှိန်ကြောင့် သိမ့်သိမ့်တုန်သွားသည်။ သူ့မျက်နှာရှေ့သို့ ဖုန်မှုန့်၊ သဲမှုန့်များ လွင့်ခဲ့ရောက်လာရာ သူ မျက်ဝန်းတွေကိုပိတ်ပစ်လိုက်ရသည်။



လဲကျနေရာမှ ပြန်ထဖို့ ကြိုးစားပေမယ့် သူ့ခြေထောက်တွေရော၊ လက်တွေပါ ရိုက်ချိုးခံလိုက်ရပြီဖြစ်သောကြောင့် မထနိုင်တော့ချေ။ သူ့တစ်ကိုယ်လုံး ဒဏ်ရာဗရပွနှင့် မခံမရပ်နိုင်အောင် နာကျင်နေသော်လည်းနှုတ်မှ ညည်းညူသံတစ်ချက်မှ မထွက်အောင် ကြိုးစားပြီး နေရ၏။ သူ့ခန္ဓာကိုယ်သာမက သူ့စိတ်ကိုပါ ခံနိုင်ရည်ရှိအောင် လေ့ကျင့်ပြီးသား ဖြစ်သည်။ သူ့စိတ်ထဲတွင် အင်းဝတပ်၏ စစ်သေနာပတိချုပ်ဟူ၍သာ နှလုံးသွင်းထား၍ သူ၏ ရန်ဘက်ဝဏ္ဏဟူသည် မရှိတော့ချေ။ ထို့ကြောင့် ဝဏ္ဏ၏ ညှဉ်းပန်းနှိပ်စက်မှုအပေါ်တွင် ဒေါသမရှိ၊ ချစ်ခြင်း မုန်းခြင်းလည်း လုံးဝ ကင်းမဲ့နေပြီဖြစ်၏။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



သူရတစ်ယောက် ...

သတိလစ်နေရာမှ ပြန်လည် သတိရလာချိန်တွင်တော့ လက်သုံးတော်ဓားကို ဝင့်ကာဝင့်ကာဖြင့် သူ့အား ခြိမ်းခြောက်စစ်မေးမည့် ဝဏ္ဏကို တွေ့ရမည့်အစား ဟံသာဝတီတပ်မှ တပ်မှူးကလေးကို တွေ့လိုက်ရသောကြောင့် သူရ အံ့အားသင့်သွားမိရလေ၏။

"တပ်မှူး ... အင်းဝတပ်တွေရော"

ဟု သူမေးလိုက်ရာ တပ်မှူးသည် ဝမ်းသာအားရဖြင့်

"ဆုတ်သွားပြီ တပ်မင်း၊ အခု အင်းဝကို



ကျွန်တော်တို့ ရွှေနန်းရှင်ကိုယ်တိုင် ဝင်တိုက်နေပြီ၊ ဒါကြောင့် သူတို့ စစ်ကဲကို ထားပစ်ခဲ့ပြီး အင်းဝကို ဒရောသောပါး ပြန်ပြေးကြတာ"

"ဒါဆို အင်းဝနဲ့ ဟံသာဝတီတပ်တွေတော့ ပွဲကြီးပွဲကောင်းတွေနေပြီပေါ့"

"ဟုတ်ကဲ့တပ်မင်း ကျွန်တော်တောင် တပ်မင်း သက်သာလား လာကြည့်ပြီးတာနဲ့ အဲဒီကိုလိုက်သွားမလို့"

"တောက်"

သူရ၏ ပြင်းထန်သော တက်ခေါက်သံအဆုံးတွင် တပ်မှူးသည် သူ့စိတ်ခံစားမှုကို နားလည်သည့်အလား ဘာမျှ မကွန့်ရဲဘဲ ခေါင်းကို တွင်တွင်ငုံ့နေသည်။ ဝဏ္ဏကောင်းမှုဖြင့် သူ့မှာ မနေချင်သော အိပ်ရာထက်တွင် သမားတော်တွေ ပြုသမျှနုရမည့်ဘဝ ရောက်နေရပြီ ဖြစ်၏။

အင်းဝသို့ စစ်ချီရာတွင် ဟံသာဝတီရွှေနန်းရှင်ကိုယ်တိုင် ဦးဆောင်သွားသည်ဆိုသောကြောင့် စိတ်အား

www.burmeseclassic.com

www.burmeseclassic.com



တက်ကြွသယောင် ဖြစ်မိသော်လည်း တကယ့် ပွဲကြီးပွဲကောင်းတွင် သူဝင်မတိုက်နိုင်ခဲ့သည့်အတွက် အတော်လေး ယူကျုံးမရ ဖြစ်ရသည်။

စံအိမ်တော်တွင် အနားယူရင်းသာ စစ်ပွဲသတင်းကို စောင့်စားနားထောင်နေရ၏။ အထောက်တော်များ၊ ခြေမြန်တပ်သားများထံမှ စစ်ပွဲသတင်းသည် အားရလောက်စရာ မရှိသေး။

သို့သော် သူ့တပ်မှ တပ်မှူးကလေးက စာချွန်တော့ မှန်မှန်ပို့ပေးရှာသည်။ စာချွန်တိုင်းတွင် ...

"ဘုရင့်တပ်များ အင်းဝကို လုပ်ကြံဆဲ"

ဟူသည့် သတင်းများသာ ဖြစ်လေ၏။ စစ်သေနာပတိချုပ် မပါသော တိုက်ပွဲတွင် ရွှေနန်းရှင်မှာ ပင်ပန်းဆင်းရဲရှာရော့မည်။ သူကရော ဘာများထူးသနည်း။ မလှုပ်မယှက် အိပ်ရာထက်တွင် လဲလျောင်းနေရသည့်ဘဝမှာ စစ်တလင်းတွင် ဓားကိုင်နေရသည်ထက် ပို၍ ဆင်းရဲသည်ဟု ထင်မိသည်။

အင်းဝမြို့ကို လုပ်ကြံဆဲဟူသော သတင်းသည်



အားရလောက်စရာ မရှိပေမယ့် သူ့အတွက် မျှော်လင့်ချက် ရောင်ခြည်တစ်ခုဟု သတ်မှတ်၍ ရကောင်းရနိုင်ပေ၏။ အဘယ်ကြောင့်ဆိုသော် သူရ၏ စိတ်ထဲတွင် အင်းဝတိုက်ပွဲသည် သူ၏သေနင်္ဂဗျူဟာအောက်တွင်သာ ရှိရမည်။ အင်းဝသွေးသည် သူ့ဓားသေးရန်အတွက်ဟု ခံယူထားသောကြောင့် ဖြစ်၏။

သူကိုယ်တိုင် စစ်မြေပြင်ရောက်မှ အင်းဝကို အလုံးအရင်းနှင့် ဖြိုကာ လက်ရသိမ်းချင်လှသည်။ ထို့ပြင် ဝဏ္ဏနှင့် ပြန်လည်ဆုံဆည်းချင်မိသည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



နေကောင်းလာသည်နှင့် စစ်မျက်နှာပြင်သို့ သူ အပြင်းနှင်လာခဲ့တော့သည်။ ဒဏ်ရာများ ရှင်းရှင်းမ ပျောက်သေးသည့်အတွက် အိပ်ရာထက်တွင် အနားယူ နေခဲ့ရသော အချိန်များသည် သူ့အတွက် အရှည်ကြာဆုံး ဟုထင်ရ၏။ သူရောက်သွားသောအချိန်တွင် ဟံသာဝတီ ဘုရင်ကလေးသည် သူ့အား အားရဝမ်းသာ ကြိုဆိုပြီး...

"ဒဏ်ရာများ ပျောက်ကင်းသက်သာသွားပြီ လား သေနာပတိကြီး"

ဟု မေးလေသည်။ သူသည် အမှန်တကယ် တွင် လုံလောက်သော အနားယူမှု မရှိသေးချေ။ စိတ်က ဆောင်နေသောကြောင့်သာ ဒဏ်ရာများ ပျောက်ကင်း



သက်သာသွားပြီး စစ်တိုက်ရန်အလျင် စလို ထွက်လာခဲ့ ခြင်း ဖြစ်၏။ ထို့ကြောင့်ပင်...

"သက်သာသွားပါပြီ အရှင်မင်းမြတ်၊ ကျွန် တော်မျိုး ဒဏ်ရာက မပြောပလောက်ပါဘူး"

ဟု လျှောက်တင်လိုက်သောအခါဘုရင်ကလေး သည် ပြုံး၍ ...

"ကိုယ်တော် ကြားပြီးပါပြီ၊ မပြောပလောက် တဲ့ ဒဏ်ရာဆိုရင် သေနာပတိကြီး အိပ်ရာထဲ ဘယ်လဲနေမှာလဲ"

ဟု မိန့်ကြားလိုက်ရာ သူ ရှက်ရွံ့စွာ ပြုံးရင်း...

"မှန်လှပါဘုရား ... ကျွန်တော်မျိုးဟာ စစ် တိုက်ဖို့ လူဖြစ်လာရသူပါ၊ ကျွန်တော်မျိုးရဲ့ လက်ဟာ ဓားမကိုင်ရရင် တခြား ဘာလုပ်ဖို့မှ အသုံးမဝင်ပါဘူး ဘုရား"

ဟု ပြန်လည်လျှောက်တင်လိုက်ရာ ဘုရင်မင်း မြတ်သည် လွန်စွာနှစ်ခြိုက်အားရတော်မူသောကြောင့်...

"သေနာပတိကြီးရဲ့စကား ကြားရတာ ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



တော် အလွန်ပဲ နှစ်ထောင်းအားရဖြစ်မိပါတယ်”

ဟု ဆိုလေ၏။ ထိုအခါ သူရက …

“စစ်ပွဲအခြေအနေများသိခွင့်ရနိုင်မလားဘုရား”

“သိရပါတယ် သေနာပတိကြီးရယ်၊ အခုထိ တော့ အင်းဝတပ်တွေဟာ မြို့တံခါးတွေ အလုံ ပိတ်ပြီး မြို့ထဲက တောင့်ခံနေတုန်းပဲ”

ဘုရင်ကလေး၏ စကားကို ကြားလိုက်ရသော အခါ သူရမျက်နှာတွင် တစ်စုံတစ်ခုကို အလေးအနက် စဉ်းစားဟန်များ ပေါ်လွင်လာကာ …

“ကျွန်တော်မျိုး အကြံတစ်ခုရမိပါတယ် အရှင် မင်းမြတ်၊ အင်းဝမြို့ကို လနဲ့ချီပြီး ဝိုင်းဝန်း လုပ်ကြံနေရတဲ့အတွက်တပ်တွေလည်း ပမ်းလှ ပါပြီဘုရား၊ ဒါကြောင့် ကျွန်တော်မျိုး ဒီလို လုပ်ချင်ပါတယ်”

ဟု အစပြုကာ သူ့ရဲ့ အကြံအစည်ကို ဘုရင် အား တင်လျှောက်လိုက်လေသည်။

◆ ◆ ◆



နောက်တစ်နေ့ ညနေပိုင်းအချိန်တွင်တော့ အင်းဝသားများသည် ထူးဆန်းသော အချင်းအရာတစ်ခု ကို တွေ့မြင်ကြရလေ၏။

ဟံသာဝတီတပ်များအားလုံး အင်းဝအား ဝန်းရံ ထားခြင်းကို ရပ်တန့်ကာ ပြန်လည်ဆုတ်ခွာသွားကြခြင်း ပင်ဖြစ်သည်။ အင်းဝမြို့ရိုးပေါ်တွင် ကင်းစောင့်နေသော ရဲမက်အချို့သည် ဟံသာဝတီတပ်များ ဆုတ်ခွာသွားသည် ကို မြင်လိုက်ရသောအခါ ပထမတော့ အံ့သြနေကြ၏။ အတန်ကြာမှ သတိဝင်ကာ စစ်သေနာပတိချုပ်ထံသို့ သွားရောက် အကြောင်းကြားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"စစ်သေနာပတိချုပ်ကြီးခင်ဗျာ၊ ဟံသာဝတီတပ်တွေ ဆုတ်သွားကြပါပြီ"

ဟူသော ရဲမက်၏ လျှောက်တင်သံအဆုံးတွင် ဝဏ္ဏသည် မြို့ရိုးပေါ်သို့ ပြေးတက်ကာ ကြည့်လိုက်ရာ အမှန်တကယ်ပင် ဟံသာဝတီတပ်များ ပြန်လည်ဆုတ်ခွာသွားသည်ကို တွေ့လိုက်ရ၏။ မြို့ပြင်သို့ မထွက်ရတာ ကြာပြီဖြစ်သော အင်းဝမြို့သားများနှင့် ရဲမက်များသည် မြို့ရိုးတစ်လျှောက်လုံး ညွတ်နေအောင် ထွက်ကြည့်နေကြ၏။

ဟံသာဝတီတပ်များသည် အင်းဝနှင့် တဖြည်းဖြည်းဝေးကာ သူတို့အားလုံး၏ မြင်ကွင်းမှ တစ်စထက်တစ်စ မှုန်ဝါးပျောက်ကွယ်သွားတော့သည်။ ထိုအချိန်တွင် မြို့ရိုးတံခါးကိုစောင့်ကြပ်နေသော တံခါးမှူး ရဲမက်များမှာ မြို့တံခါးကိုဖွင့်ကာ မြို့ပြင်သို့ အလျှင်စလိုပြေးထွက်သွားကြရာ နောက်မှ အင်းဝသားတို့သည် အလုံးအရင်းနှင့် ထွက်လိုက်သွားကြတော့သည်။ သူတို့၏ နှုတ်မှလည်း ...



"ဟေး ... ဟံသာဝတီတပ်တွေ ပြေးပြီဟေ့"

"အောင်ပြီကွ၊ လွတ်ပြီ ကျွတ်ပြီ"

"လွတ်လပ်သွားပြီဟေ့"

ဟု တစ်ခဲနက် အော်ဟစ်ကာ ခုန်ပေါက်မြူးတူး နေကြလေသည်။ ဝဏ္ဏသည် အင်းဝပြည်သူ ပြည်သားများကို ငေးကြည့်ကာ အတန်ကြာ မင်သက်အံ့ဩနေပြီးမှ ဟံသာဝတီတပ်များ ဆုတ်ခွာသွားရခြင်း၏ သဘာဝမကျပုံကို တွေးမိကာ သူ့ရင်ထဲ ထိတ်ခနဲ ဖြစ်သွားမိတော့သည်။ ရုတ်တရက်ကြီး ထူးခြားလှစွာ တပ်ပြန်ဆုတ်သွားခြင်းမှာ သမားရိုးကျအဖြစ် မဟုတ်ချေ။ သူ့ရင်ထဲတွင် တစ်စုံ တစ်ရာကို အလွန်စိုးရိမ်သွားမိသည်။ စစ်ပရိယာယ်ကို နားမလည်သော အင်းဝပြည်သူများမှာမူ မြို့ပြင်တွင် အားရဝမ်းသာ အော်ဟစ်မြူးတူးနေကြဆဲ။

ဝဏ္ဏ စစ်တာလင်းသို့ ထွက်ကြည့်လိုက်သည်။ မြေပြင်တွင် လဲကျနေသော အလောင်းများမှာ မြင်မကောင်းအောင် ပုံထပ်နေ၏။ အင်းဝတပ်များမှ ရဲမက်

www.burmeseclassic.com

www.burmeseclassic.com



များ၏ အလောင်းများကို ကောင်းစွာသင်္ဂြိုဟ်ပေးရန် ရဲမက်များကို တာဝန်ပေးရဦးမည်ဟု သူ တွေးရင်း အလောင်းတွေကြားထဲ လှည့်ပတ်ကြည့်ရှုနေမိသည်။

လူထုကြီးမှာ အလောင်းတွေကြားထဲတွင် ခုန်ပေါက်ကျော်လွှားကာ အောင်ပွဲခံနေကြ၏။ ဝဏ္ဏကို မြင်လိုက်သောအခါမှ ကိုယ်ကိုယ်ယို၍ လမ်းရှင်းပေးကြသည်။

ဝဏ္ဏ မျက်မှောင်တွန့်လိုက်သည်။ ဟံသာဝတီ တပ်သားများ၏ အလောင်းများသည် အင်းဝတပ်သားများ၏ အလောင်းများထက် ပိုမိုများပြားနေပြန်ရာ အကျအဆုံးများသောကြောင့် ပြန်လည်ဆုတ်ခွာသွားခြင်းပေလောဟု တွေးလိုက်မိ၏။ ထိုစဉ် အင်းဝတပ်မှ တပ်မှူးကလေးသည် သူ့အနီးသို့ ရောက်လာရာ …

"တပ်မှူး … အင်းဝတပ်က ရဲမက်တော်တွေရဲ့ အလောင်းကို သင်္ဂြိုဟ်ဖို့ စီစဉ်ပါ"

ဟု သူပြောလိုက်သည်။ ထိုအခါ တပ်မှူးကလေးသည် …

"ကောင်းပါပြီ"



ဟု ပြော၍ သူ့အနီးမှ ထွက်ခွာမည်အပြု -

"ခြော် … နေဦးတပ်မှူး၊ ဒီအလောင်းတွေကြည့်ရတာ ကျုပ်စိတ်ထဲ တစ်ခုခု ထူးခြားနေသယ်လို့ ထင်တယ်"

ထိုအခါ တပ်မှူးကလေးသည် ပြန့်ကျဲနေသော အလောင်းကောင်များကို လှည့်ပတ်ကြည့်ရှုပြီး ဘာမှမထူးခြားသောဟန်ဖြင့် …

"ကျွန်တော်မျိုး ဘယ်လိုစီစဉ်ပေးရမလဲ တပ်မင်း"

ဟု ပြန်ပြောလေ၏။ ထိုအခါ ဝဏ္ဏသည် တပ်မှူးအား မည်သို့မျှ ပြန်မပြောဘဲ အနီးရှိ လုံ့ရှည်ကိုင်ထားသော ရဲမက်ငယ်တစ်ယောက်ကို လှမ်းခေါ်လိုက်သည်။ ထိုရဲမက်ငယ်သည် အသားညိုညို၊ အရပ်မြင့်မြင့်နှင့် သူ၏မျက်လုံးများမှာ စူးရဲတောက်ပလျက် ရှေ့စစ်ရေးတိုင်ရှိသူတစ်ဦး၏ ပုံသဏ္ဌာန်မျိုးပင် ဖြစ်ရာ …

"မောင် ရဲမက် … ဟံသာဝတီတပ်က အလောင်းတွေကို လုံ့စွပ်နဲ့ လိုက်ထိုးကြည့်စမ်း"

www.burmeseclassic.com



ဟု ဝဏ္ဏခိုင်းလိုက်လျှင် ရဲမက်ငယ်သည်စကား တစ်ခွန်းမျှ ပြန်မဆိုဘဲ သူခြေထောက်နှင့် အနီးဆုံးတွင် လဲကျနေသော ယံသာဝတီမှ ရဲမက်လေးတစ်ဦး အလောင်း ကို လှံစွပ်ဖြင့် ထိုးစိုက်ချလိုက်လေသည်။

ထို့နောက် နောက်တစ်လောင်းကို လှံဖြင့် ထိုးရန် ရွယ်လိုက်စဉ်

"ဘယ်ဘက်ရင်အုံကို ထိုးရစ်တယ်ကွ"

ဟူသောဝဏ္ဏအသံကြောင့် ဝမ်းဗိုက်နေရာသို့ ချိန်ရွယ်နေသော သူ၏လှံတံသည် အလောင်း၏ ရင်ဘတ်ဆီသို့ ထိုးစိုက်ချလိုက်လေတော့၏။

"စွပ်"

လှံသွားသည် ယံသာဝတီရဲမက်၏ ရင်အုံသို့ ထိုးစိုက်မိသွားသည်။ အလောင်းထံမှ ဘာသံမျှ ထွက်မလာချေ။ သူ အသေအချာ စူးစိုက်ကြည့်နေမိ၏။ တတိယမြောက် အလောင်းကို လှံဖြင့် ထိုးပြီးချိန်တွင် ရဲမက်ငယ်သည် သူ့ထံသို့ တစ်ချက်လှည့်ကြည့်သည်။ ဆက်ထိုးရဦးမည်လားဟု မေးသည့်သဘောပင် ဖြစ်၏။



သူ မေးဆတ်ပြလိုက်သည်။ ရဲမက်ငယ်၏ လှံကိုင်လက်သည် မြောက်တက်သွားသည်။

"စွပ်"

ဒီတစ်ကြိမ်မှာလည်း လှံသွား စိုက်ဝင်သွားသည့်အသံမှအပ မည်သည့်အသံမှ ထွက်မလာချေ။ အလောင်း လေးငါး ခြောက်လောင်းအထိ ထိုးပြီးချိန်တွင် ဝဏ္ဏခေါးနားတွင် ရပ်နေသော တပ်မှူးသည်

"တော်လောက်ပြီနဲ့တူတယ် တပ်မင်း၊ အားလုံး သတ်မှဲခန္ဓာတွေချည်းပါပဲ"

ဟု ပြောသောကြောင့် သူ ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။ ထိုအခါကျမှ အလောင်းများကို ကြည့်ကာ မသာတီသရုပ်ဖြစ်နေသော တပ်မှူး၏ မျက်နှာမှာ အတန်ငယ် ရွှင်ပျလာပြီး ...

"ဟေ့ ရဲမက် တော်ပြီဟေ့၊ တို့တပ်က အလောင်းတွေ သယ်ဖို့လုပ်ရအောင်"

ဟု ဆိုလိုက်လေတော့သည်။ ညနေရီ၏ ဝင်လုဆဲ နေခြည်အောက်တွင် မှုန်အုံအုံ၊ ညိုစိုစို ရှုခင်း၌

www.burmeseclassic.com



များကြောင့် သူ နှာခေါင်းတစ်ချက် ရှုံ့လိုက်ပြီး ဆေးပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်ရာ တစ်မြို့လုံးနီးပါး မြို့ပြင်သို့ ထွက်နေကြသည်ကို မြင်လိုက်ရလေသည်။ မြို့ထဲပြန်ဝင်ရန် သူပြောလျှင်လည်း အားလုံးကြားနိုင်မည် မထင်တော့။

အလောင်းများကြားထဲတွင် ပျော်ရွှင်စွာအောင်ပွဲခံနေသော မြည်သူမြည်သားများကိုတစ်လှည့်၊ မြေပေါ်စုပုံထားသော အင်းဝတပ်သားများ၏ အလောင်းများကိုတစ်လှည့် ကြည့်ရင်း ဇဏ္ဍာ ကြေကြေကွဲကွဲ ပြုံးလိုက်မိသည်။ အင်းဝပြည်သူတို့၏ အသက်အိုးအိမ် စည်းစိမ်နှင့်ကိုယ့်အရှင်ကိုယ့်သခင်၏ ထီးနန်းအတွက် အသက်စွန့်သွားသော စစ်သည်များအတွက် သူ့ရင်ထဲမှ ချီးကျူးလေးစားမိ၏။

လူများသည် သွေးသံရဲရဲအလောင်းများကြားထဲတွင် အပျော်ကြီးပျော်နေကြသည်မှာ မှောင်ရီပျိုးစ ပြုချိန်အထိပင်ဖြစ်၏။ အမှောင်မှာသည် လောကကြီး၌မကောင်းမှုပြုရန်အကောင်းဆုံးဖြစ်သောကြောင့် တိုင်းသူပြည်သား



များအတွက် အန္တရာယ်အငွေ့အသက်ကို သူ ခံစားလိုက်မိပြီး အားလုံး မြို့ထဲပြန်ဝင်ကြရန် ဆော်ဩရတော့၏။ လူများမှာ အလွန်များပြားပြီး အမှောင်ထုကလည်း ကြီးစိုးထားသောကြောင့် သူ့ငါ မကွဲပြားတော့ချေ။ အင်းဝသားများသည် တိုက်ပွဲပြီးဆုံးသွားပြီဖြစ်သည့်အတွက် ယခင်လို လွတ်လပ်ပျော်ရွှင်စွာ နေရတော့မည်ကို ကြိုတင်အောင်ပွဲခံနေရင်း ဟံသာဝတီတပ်များ၏ အကြံအစည်အား လုံးဝ သတိမမူမိကြချေ။

ထို့ကြောင့်ပင် ...

သူတို့အားလုံးက သေပြီဟု တစ်ထစ်ချ ယုံကြည်ထားခဲ့သော ဟံသာဝတီတပ်များ၏ အလောင်းများမှာ လဲကျရာမှ တိုးတိတ်ညင်သာစွာထပြီး လူအုပ်များကြားရောနှောလျက် မြို့ထဲ ဝင်ရောက်လိုက်ပါလာခြင်းအား တစ်ယောက်မှပင် မသိလိုက်ကြပါချေ။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



လင်းလက်တောက်ပနေသော ငွေကြယ်များနှင့် အပြိုင်သာနေသော ငွေလမင်းသည် သူ၏တာဝန်ချိန်ကုန်ဆုံးခါနီးဖြစ်သည့်အတွက် အလင်းရောင်မှာ ပို၍အားကောင်းနေသယောင်။ တစ်ညလုံး ပွဲသဘင်များခင်းကျင်းကာ ပျော်ရွှင်မြူးတူးခဲ့ကြသော အင်းဝသားများသည် အိပ်မောကျနေပြီဖြစ်၏။ ဘုရင့်နန်းတော်မှ ရဲမက်များသည်လည်း စိတ်ချလက်ချ အိပ်နေကြပြီး အင်းဝ၏ ညဥ့်သည် ပကတိ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။

သို့သော် မြို့တွင်းမြို့ပြင် နေရာအနှံ့အပြားတွင် လှုပ်ရှားပြေးလွှားနေသော အရိပ်မည်းများကိုမူ လရောင်



တွင် ကောင်းစွာ မြင်နိုင်သော်လည်း စောင့်ကြည့်နေသူတစ်စုံတစ်ယောက်မျှ မရှိချေ။

ထိုအရိပ်များသည်ကား . . .

အင်းဝသားများအား အယောင်ပြ ဆုတ်ခွာသွားသော ဟံသာဝတီမှ တပ်များပင် ဖြစ်သည်။

စနစ်တကျ ကြိုတင်ရေးဆွဲထားသော စစ်ကြောင်းအတိုင်း မိမိတို့တာဝန်ကျရာ နန်းဆောင်အသီးသီးသို့ လုပ်ကြံရန် တပ်စုများ ခွဲဖြာကာသွားကြသည်။

တစ်ချို့ကလည်း မြို့တံခါးသို့ တိတ်တဆိတ်သွားကာ ဖွင့်လှစ်ကြလေ၏။

ဟံသာဝတီစစ်သေနာပတိချုပ် သူရမှာ မြို့ပြင်တွင် ခုံင်တပ်၊ မြင်းတပ်များအား ကွပ်ကဲကာ အသင့်စောင့်ဆိုင်းနေ၏။

တပ်များ၏ ဦးတည်ရာသည် မှူးကြီးမတ်ရာများ၏ အိမ်တော်ဆောင်၊ တချို့တပ်များသည် ရဲမက်များ၏အဆောင် စသည့် အရေးပါ အရာရောက်သောနေရာများသို့ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ညဦးပိုင်းက မှူးယစ်သောက်စား ပျော်ပါးခဲ့သော ရဲမက်များသည် ကြမ်းပြင်ပေါ်တွင် ရှမ်ပျက်ဆင်းပျက် အိပ်မောကျနေသည်မှာ လူသေများကဲ့သို့ပင်။ ကြမ်းပြင်ပေါ်ကို နင်းလျှောက်လာသော ခြေသံများကို ကြားလိုက်မိသည့်အကြောင်း တချို့ရဲမက်များသည် အိပ်ပျော်နေရာမှ လန့်နိုးလာခဲ့ရာ…

"ဟာ … ရန် … သူ … အ"

ပီပီသသပင် အော်ဟစ်သံတိုပေးချိန်မရလိုက်ဘဲ အာဃာတရောက်လာမှန်းမသိသော လှံတံတစ်စင်းက သူ့ရင်ဝစိုက်ဝင်ကာ အသက်ပျောက်သွားတော့သည်။

တိတ်ဆိတ်နေသော အဆောင်များထဲတွင် လှံဖြင့်ပစ်သည့် တဝီဝီအသံများနှင့် အော်ဟစ်ညည်းညူသံများ တဖြည်းဖြည်း ကျယ်လောင်လာ၏။

အင်းဝမှ ရဲမက်တစ်ဦးသည် သူ၏ခါးကြားမှ ဓားကို ဆွဲထုတ်လိုက်ပြီး ရန်သူကို ရင်ဆိုင်ရန် ပြင်ဆင်လိုက်စဉ်

"ဝှစ်"



"ဒိုက်"

"အား"

အမှောင်ထဲမှ ပစ်လွှတ်လိုက်သော လှံတစ်စင်းက သူ၏လည်မျိုကို ဖောက်ထွက်သွားသည်။ အတော်အတန် သတိဝီရိယကောင်းသော တစ်သားအချို့သည် မီးတုတ်ကို ထွန်းပြီး စစ်ခရာကို မှုတ်ရန် ပြင်လိုက်ချိန်တွင် သူတို့၏ နောက်ကျောသို့ ဆောင်ဓားရှည်များ စိုက်ဝင်သွားပြီး နေရာ၌ပင် ခွေညွှတ်လဲကျသွားတော့သည်။ နန်းဆောင်တစ်ခုလုံး ငရဲပွက်သလို ဆူညံပွက်လောရိုက်စပြုလာလေတော့သည်။

"ရန်သူ … ဟေ့ ရန်သူ …"

"နန်းဆောင်ထဲမှာ ရန်သူတွေ ဝင် … အား"

အော်ဟစ်သတိပေးလိုက်သော အင်းဝရဲမက်သည်လည်း ဟံသာဝတီတပ်မှ ရဲမက်၏ ဓားအောက်တွင် အသက်ပျောက်သွားပြီဖြစ်သည်။ ခဏအကြာမှာပင် အင်းဝတပ်များအားလုံး နိုးထစုစည်းနိုင်ကာ ရန်သူကို ပြန်လည် ခုခံတိုက်ခိုက်ကြရတော့၏။ သို့သော် ဖုန်းမိရဲ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသော အင်းဝတပ်မှာ ဟံသာဝတီတပ်၏ လက်ဦး မှုရယူကာ အလစ်အငိုက် ဝင်ရောက်လုပ်ကြံမှုအောက်တွင် စုစည်းခြင်းငှာ မတတ်နိုင်တော့။

မရှုမလှ ကျဆုံးကုန်ကြ ပြီဖြစ်သည်။

"ချွင် . . . ထန်"

"ခုတ်"

"အား"

ညဦး၏ လုပ်အေးငြိမ်းမှုသည် အင်းဝနန်းတော်အတွင်း ဖြစ်ပွားနေသောတိုက်ပွဲကြောင့် လုံးဝအကျည်းတန်စွာ ပျက်စီးသွားရချေ၏။ ဓားလှံများ ထိခတ်သံ ထိုးခုတ်သံ၊ အော်ဟစ်ညည်းညူ သံတို့ဖြင့် နန်းတော်တစ်ခုလုံး ရုတ်ရုတ်သဲသဲ ဖြစ်နေသည်။

ထိုတိုက်ပွဲတွင် အင်းဝစစ်သေနာပတိချုပ် ဝန္ထာ ကိုယ်တိုင် ပါဝင်နေရပြီး တိုက်ရင်းမှပင် ဘုရင်နှင့် မိဖုရားတို့၏ နန်းဆောင်များအနီးသို့ ကပ်လာခဲ့ရသည်။ သူကြိုတင်တွက်ဆထားသလိုပင် ဟံသာဝတီတပ်များသည် ဘုရင်နှင့်မိဖုရားတို့၏ နန်းဆောင်များဆီ ဦးတည်



ပြေးလွှားနေကြပြီ ဖြစ်၏။

သူ အလွန်စိုးရိမ်သွားသည်။ အနီးတွင်ရှိနေသော တပ်မှူးအား

"တပ်မှူး ရန်သူတွေကို ကာတိုက်ပေး၊ မြို့ရိုးပေါ်က လေးမြားကိုင် တပ်တွေလည်း ဒီဘက်ကို အာရုံစိုက်ခိုင်းလိုက်၊ မင်းကြီးနဲ့ မိဖုရားကို နန်းဆောင်ထဲက ကျုပ် ခေါ်ထုတ်သွားမယ်"

ပြောပြီးချင်းပင်အပြေးအလွှား နန်းဆောင်ထဲသို့ သူ ပြေးဝင်ခဲ့သည်။ ထိုစဉ် မြားတစ်စင်းသည် သူ့လက်မောင်းကို လာရောက်စိုက်ဝင်လေ၏။ ဓားကိုင်လက် မဟုတ်သည့်အပြင် မြားတွင် အဆိပ်လိမ်းသုတ်ထားခြင်း မရှိသည်မှာ သူ့အတွက် ကံကောင်းသွားရသည်။

ပြေးရင်းမှပင် လက်မောင်းမှမြားကို ဆွဲ နုတ်လိုက်ရသည်။ချက်ချင်းပင် လက်မောင်းမှ အသားစများ ဖွာထွက်လာကာ သွေးများ ယိုစီးကျလာတော့သည်။ သို့သော် ဒီဒဏ်ရာက သူ့အတွက် မပြောပလောက်ပါ

www.burmeseclassic.com

www.burmeseclassic.com



ပေ။ ယခုအချိန်ဆိုလျှင် မြို့တွင်းက ခုခံနေတဲ့ သက်ရှိတော်စောင့်တပ်တွေ ကျကုန်လောက်ပြီ။ စိတ်ပူပန်စွာပင် သူ ဘုရင့်အတွင်းဆောင်သို့ တစ်ရှိန်ထိုး ဝင်ပြေးခဲ့သည်။

အတွင်းဆောင်တွင် ဘုရင်နှင့်မိဘုရား နှစ်ပါးစုံညီ ရှိနေကြလေ၏။ သူ့ကိုမြင်လိုက်သောအခါ အင်းဝဘုရင်ကလေးမှာ ထိတ်ထိတ်ပျာပျာနှင့် မေးမြန်း၏။

"သေနာပတိကြီး ... တိုက်ပွဲအခြေအနေ"

"တိုက်ပွဲအခြေအနေမကောင်းပါ ရစေနဲ့ဘုရား၊ အရှင်နဲ့ မိဖုရားသာ ကျွန်တော်မျိုးနောက် လိုက်ခဲ့ပါ"

ပျော့ကျတင်လိုက်သော သူ့အသံသည် အလွန်မောဟိုက်နွမ်းလျနေ၏။

"အလို ... ဒါဆို ကိုယ်တော်တို့ နန်းတော်က ပြေးရမှာပေါ့"

အင်းဝဘုရင်ကလေးသည် သူ့အနီးမှ မိဖုရားသုန္ဒရာဒေဝီ၏လက်ကို ဆုပ်ရင်း မိဖုရားမျက်နှာဆီ အမှတ်တမဲ့ ငုံ့ကြည့်လိုက်မိ၏။



မိဖုရားမှာ မျက်နှာတစ်ပြင်လုံး သွေးဆုတ်ဖြူရော်နေကာ ဝဏ္ဏထံသို့သာ အားကိုးတကြီး မျက်လုံးများ ဖြင့် ကြည့်နေလေသည်။

ဝဏ္ဏ ခေါင်းတိုင့်ကာ သက်ပြင်းတစ်ချက်ကို ရှိုက်လိုက်သည်။

"အချိန်မရှိတော့ပါဘူး ဘုရား၊ ကျွန်တော်မျိုး ခေါ်တဲ့နောက်သာ လိုက်ခဲ့ပါ၊ ဟံသာဝတီတပ် တွေ နန်းဆောင်တံခါးအထိ ရောက်နေပါပြီ"

ထိုအခါ အင်းဝဘုရင်ကလေးသည် မိဖုရား၏ လက်ကိုဆွဲရင်း

"နှမတော် ..."

ဟု တီးတိုးအသံပြုလိုက်ရာ သုန္ဒရာဒေဝီသည် ချက်ရည်လည်ရင်း ဘုရင်အား မော့ကြည့်ကာ တိုးလျသော လေသံဖြင့် တစ်ခွန်းသောစကားကိုသာ ဆိုရှာလေ၏။

* * *

"နန်းတော်က ခွာကြပါစို့ မောင်တော်"

ထို့နောက် ဝဏ္ဏသည် ဘုရင်နှင့် မိဖုရားအား

www.burmeseclassic.com

www.burmeseclassic.com



ခေါင်ဆောင်ကာ နန်းတော်ဆောင်၏ အနောက် လှိုဏ်တံခါးပေါက်မှ ထွက်ခဲ့တော့၏။

လမ်းတလျောက်တွင် ရန်သူ ဟံသာဝတီရဲမက်များနှင့် ရင်ဆိုင်ရသောအခါ ဘုရင်နှင့် မိဖုရားအား ကာကွယ်ရင်း သူတစ်ကိုယ်လုံး ဒဏ်ရာဒဏ်ချက်များ ပြည့်နှက်နေလေတော့သည်။

ရန်သူတစ်ဦးကို သတ်ရသည့်အခါတိုင်း ဘုရင်နှင့် မိဖုရားသည် မမြင်ဝံ့သည့်အလား မျက်နှာကို လွှဲထားလေသည်။ ယခုလို သွေးတရဲရဲနှင့် သတ်ဖြတ်ထိုးခုတ်နေသော စစ်မြေပြင်ကို ယခုမှ နဖူးတွေ့ ဒူးတွေ့ ရင်ဆိုင်ဖူးသော အရှင်နှစ်ပါးမှာ သွေးပျက်စတာတ် ထိတ်လန့်တုန်လှုပ်ရင်း သူခေါင်ဆောင်ရာနောက်သို့ လိုက်ပါလာရတော့သည်။

◆ ◆ ◆



အင်းဝနန်းတော်မြို့ရိုးမှ တပ်များမှာ ဖရိုဖရဲ ဖြစ်ကုန်ကြပြီ။ လဲကျသေဆုံးသူ၊ အသက်လုပြေးလွှားနေသူများအလယ်တွင် သူ တစ်စုံတစ်ယောက်ကို ရှာဖွေလိုက်သည်။ အကွပ်မဲ့ကြမ်း ပရမ်းပတာဆိုသလို ကွပ်ကဲအုပ်ချုပ်မည့် သေနာပတိမရှိသော အင်းဝတပ်များသည် ခံစစ်ကိုပင် အစီစဉ်တကျမတိုက်နိုင်တော့။ ထိုအချိန်တွင် အင်းဝ၏ စစ်သေနာပတိချုပ်ကြီး ဝန်ရှင် ဘယ်သို့ရောက်နေသနည်း။

အင်းဝတပ်များသည်က ပို၍မို၍ အကျအဆုံးများလာခဲ့သည်။ သူရအဖို့ ဆက်တိုက်နေရသည့်မှာ စိတ်

www.burmeseclassic.com

www.burmeseclassic.com



ပင်မပါတော့။ ကြောင်ကတွက်ကို ကစားသလို၊ အဝင်အောက်ထိုင်ကာ သီးကင်းများ တဖြုတ်ဖြုတ်ဖွဲ့ချေ ကစားရသလို ဖြစ်ခဲ့ရလေပြီ။ ထိုအချိန်တွင် နန်းတော်ဆောင်ဘက်မှ ခြေလျင်ပြေးလွှားလာသော ဟံသာဝတီသားသွေးသောက်ကြီးကို သူတွေ့လိုက်ရသည်။

အပြင်းနှင်လာသော မြင်းကို တုံ့ခနဲ ရပ်လိုက်ပြီး …

"အင်းဝဘုရင်နဲ့ မိဖုရားကို လက်ရဖမ်းရမယ် သွေးသောက်ကြီး"

ဟု သူအော်ပြောလိုက်သောအခါ သွေးသောက်ကြီးက...

"ဘုရင်နှင့် မိဖုရားကို အင်းဝသေနာပတိချုပ်ကိုယ်တိုင် နန်းတော်ထဲကခေါ်ထုတ်သွားပါပြီ"

ဟု ပြောလေသည်။ သူရမှာ အလွန် ဒေါသထွက်သွားရ၏။

"တော်တော်… သောက်သုံးမကျတဲ့ကောင်တွေ"



ရေရွတ်ဆဲရေးပြီး မြင်းကို အပြင်းနှင်ကာ မြို့ထဲမှ ပြန်ထွက်ခဲ့သည်။ ထိုစဉ် ဟံသာဝတီတပ်မှူးကလေးသည် သူ့နောက်မှ မြင်းနှင့်လိုက်လာကာ အမောတကောနှင့် သတင်းပို့၏။

"သေနာပတိကြီး … အင်းဝဘုရင်နှင့် မိဖုရားကို တောင်ကြားလျှိုထဲကို ခေါ်သွားတယ်လို့ သိရပါတယ်"

သူရက ခေါင်းတစ်ချက် ညိတ်လိုက်ပြလိုက်သည်။

"ကောင်းပြီ၊ အခု အဲဒီကို လိုက်မယ်၊ တပ်တွေ ပြန်စုထား"

"တပ်တွေ အဲဒီကို သွားနှင့်ပါပြီခင်ဗျာ"

"ဒါဆို ကျုပ် အခုပဲ လိုက်သွားမယ်"

ပြောပြောဆိုဆို မြင်းကို ဒုန်းစိုင်းကာ တောင်ကြားလမ်းဆီ သူ ထွက်ခဲ့တော့၏။ အင်းဝမြို့၏အနောက်မြောက်ထောင့်ရှိ လျှိုထဲတွင် တောနက်သည့်အပြင် ပုန်းခိုရန် လွယ်ကူသောကြောင့် ဘုရင်နှင့် မိဖုရားကို မှူးတ

www.burmeseclassic.com

www.burmeseclassic.com



ခြေပြုတ်သွားနိုင်သည်။ အင်းဝနန်းတော် ကို သိမ်းလိုက်နိုင်ပြီဖြစ်သော်လည်း မင်းနှင့်မိဖုရားကို လက်ရဖမ်းရမည့် ဟံသာဝတီဘုရင်၏ အမိန့်ကြောင့် သူ ထိုနေရာသို့ ရောက်အောင်လိုက်ရပေမည်။ ပြီးတော့ သူ မျှော်လင့်သော တစ်စုံတစ်ယောက်နှင့် ဆုံရမည့်ပွဲ ဖြစ်သည့်အတွက်လည်း စိတ်လှုပ်ရှားမိသည်။

တောင်ကြားလမ်းအား လှမ်းမြင်ရသော အကွာအဝေးသို့ အရောက်မှာပင် အပြင်းချီတက်နေသော တပ်များအား မြင်ရလေသည်။ မြင်းကို အသော့နှင်လိုက်ကာ သူ့ရှေ့မှ တပ်များကို ကျော်ဖြတ်လိုက်၏။ သို့သော် ရှေ့နားဆီတွင် နောက်ထပ်တပ်များရှိနေပါသေးသည်။ နားထဲတွင် ဓားချင်းထိသံ၊ မာန်သွင်းကြိမ်းဝါးသံများကို သဲ့သဲ့ကြားနေရသည်။

တောင်ကြားလမ်းဝသို့ ရောက်သွားသောအချိန်တွင် အုံ့ဩဖွယ်မြင်ကွင်းက ဆီးကြိုနေတော့၏။ အတုံးအရုံး ကျဆုံးနေသော နှစ်ဖက်တပ်မှ ရဲမက်များနှင့်မလှမ်းမကမ်း တောင်ကြားအဝင်ဝတွင် မားမားမတ်မတ် ရပ်



နေသော ဝဏ္ဏာကို သူ တွေ့လိုက်ရသည်။ သူ မြင်းကို တစ်လှမ်းချင်း မောင်းနှင်ပြီး ဝဏ္ဏာနှင့် မြင်သာသော နေရာမှာ ရပ်တန့်လိုက်၏။ သူ မျှော်လင့်ထားသလို ဝဏ္ဏာသည် သူနှင့် ဓားချင်းယှဉ်နိုင်မည့် အနေအထား မရှိတော့ချေ။ ဝဏ္ဏာသည် တကယ်တော့ ရိုးရိုးရပ်နေခြင်း မဟုတ်ပါချေ။ သူ့ဘေး တစ်ဘက်တစ်ချက်တွင် လှံရှည် တစ်ချောင်းစီ စိုက်ထားပြီး သူ့ခြေထောက်များလဲ ကျမသွားစေရန် လှံနှင့် မြဲမြဲစွာချည်နှောင်ထားခြင်း ဖြစ်သည်။ တစ်ကိုယ်လုံးရှိ ဓားဒဏ်ရာများမှ သွေးများ ဒလဟော စီးကျနေပြီး မျက်နှာပေါ်တွင်လည်း ဆံပင်များ ရှုပ်ထွေးစွာ ဖုံးအုပ်ကျနေသည်။ အင်းဝ၏ စစ်သေနာပတိချုပ်ကြီး ဝဏ္ဏာမှာတစ်ကိုယ်လုံး ဒဏ်ရာဗရပွနှင့် သေလုမျောပါး ဖြစ်နေချေပြီ။ သို့သော် မာန်ကတော့ မချသေး။

သူ့အနီးသို့ တစ်စုံတစ်ယောက်မှ မကပ်နိုင်ပါချေ။ သူ့ရဲ့ ဓားကိုင်ညာလက်မှာ အခုချိန်ထိ အဆက်မပြတ် ဝှေ့ယမ်း တိုက်ခိုက်နေဆဲပင်။

www.burmeseclassic.com

www.burmeseclassic.com



သူရ အံ့သြစွာ ငြိမ်သက်ပြီး ကြည့်နေမိ၏ ထိုစဉ် သူ့နံဘေးမှ လေးသည်တော်က ကျောတွင် လွယ် ထားသော ဝါးဆစ်ဘူးရှိ မြားတံတစ်ခု ဆွဲထုတ်ပြီး ညို့တွင် တင်လိုက်လေ၏။ သူချိန်ရွယ်လိုက်သည်က ဝဏ္ဏ၏ ရင်ဝတည့်တည့်သို့။ ထိုလေးသည်တော်အား သူရ အချိန်မီတားမြစ်လိုက်ရသည်။ တဆက်တည်းပင် သူ မြင်းပေါ်မှ လွှားခနဲခုန်ဆင်းကာ ဝဏ္ဏထံသို့ တည် မတ်စွာ လျှောက်သွားလိုက်၏။ ဝဏ္ဏနှင့် လက်တစ်ကမ်း အကွာသို့ ရောက်သောအခါ သူ ရပ်တန့်ရလေသည်။ အဘယ်ကြောင့်ဆိုသော် ဝဏ္ဏလက်သည် ဓားကိုကျ ကျစ်ပါဆုပ်ကိုင်ရင်း ဖွေ့ယမ်းတိုက်ခိုက်နေဆဲ ဖြစ်သော ကြောင့်ပင်။

"ဝဏ္ဏ"

သူ လှမ်းခေါ်သံအဆုံးတွင် ဝဏ္ဏသည် ငိုက်ကျ နေသော ခေါင်းကို အားယူမော့ကာ ရီဝေသော မျက်ဝန်း အစုံဖြင့် ကြည့်လာလေသည်။ သူ့ကိုမြင်လိုက်ရသော အခါ ဝဏ္ဏ၏မျက်လုံးများမှာ အရောင်တဖျတ်ဖျတ်



လက်ကာ စူးရဲတောက်ပလာ၏။ သူ ဝဏ္ဏ၏မျက်နှာ မျက်နှာချင်း ဆိုင်ကြည့်လိုက်သည်။

"ဟော့ကောင် ငါ့ကိုကြည့်စမ်း"

သူရ၏အသံအဆုံးတွင် ဝဏ္ဏသည် တည်ငြိမ် အေးစက်သော လေသံဖြင့် ...

"ခြော် ... မင်းကိုး"

ဟု ပြောပြီး သူ့အား ပြန်ကြည့်လေ၏။ သူတို့ နှစ်ယောက်လုံး တစ်ယောက်မျက်နှာတစ်ယောက်စူးစိုက် စွာ ကြည့်နေကြသည်။

ဒီတစ်ခါမှာတော့ ...

ဝဏ္ဏ၏ မျက်လုံးများထဲမှ ကြောက်ရွံ့တုန်လှုပ် ခြင်း၊ သို့မဟုတ် သူ့အပေါ် မုန်းတီးခြင်းများကို သူရ တစ်ယောက် တပြန်တလှည့် ရှာဖွေခဲ့မိသည်။ သို့သော် ဝဏ္ဏ၏ မျက်လုံးထဲတွင် ထိုအရိပ်အယောင်များကို စိုးစဉ်းမျှ မတွေ့ရချေ။ အင်းဝထီးနန်းကို နောက်ဆုံး ထွက်သက်အထိ ကာကွယ်သွားလိုသည့် စစ်သေနာပတိ ချုပ် တစ်ယောက်၏ တာဝန်ကျေလိုသော အရိပ်အရောင်ကို

www.burmeseclassic.com



သာ သူ့မျက်လုံးထဲ၌ ပြတ်ပြတ်ထင်ထင် ပေါ်ပေါက်နေလေ၏။

"ဝဏ္ဏ မင်းကိုငါ မသတ်ချင်ဘူး၊ သေလုနီးပါး ဒဏ်ရာတွေနဲ့ လူတစ်ယောက်ကို ဓားချင်း မယှဉ်ချင်ဘူး၊ မင်း ဒီနေရာကဖယ်ပါ၊ မင်း အသက်ကို ချမ်းသာပေးမယ်"

သူရ စကားအဆုံးတွင် ဝဏ္ဏမျက်နှာပြင်ဝယ် မပီမသအပြုံးတစ်ခု ခပ်ရေးရေးပေါ်လာလေ၏။ သို့သော် ဘာမှတော့ ပြန်မပြော။

တာဒင်္ဂမျှကြာအောင် ...

နှစ်ယောက်လုံးတုံ့ဆိုင်းနေပြီးမှပင် ဝဏ္ဏနှုတ်ခမ်းတို့မှာ တရွရွလှုပ်ရှားလာ လေသည်။ ထို့နောက် သူ့ ပါးစပ်တွင်းမှ သွေးများ ပွက်ခနဲ အန်ကျလာပြီး

"မင်း ... ငါ ... ကို ... သတ် ... ပစ် ... လိုက်"

ဟု တစ်ခွန်းချင်း ဆိုလေ၏။ စကားဆုံးသွားသောအခါထပ်၍ သွေးများ အန်ပြန်သည်။ သို့သော်



သွေးအလိမ်းလိမ်းကပ်နေသော သူ့ဓားကိုင်လက်သည် ဓားရိုးကို တင်းကျပ်စွာ ဆုပ်ထားဆဲ။ သူရ စကားတစ်ခွန်းမှ မဆိုဘဲ ဝဏ္ဏမျက်နှာကိုသာ စူးစိုက် ကြည့်နေလိုက်၏။ ဝဏ္ဏလည်း သူရ၏ မျက်နှာကို ပြန်လည်စိုက်ကြည့်နေလေသည်။ သူ့မျက်လုံးထဲတွင် ဒူးထောက်အရှုံးပေးမည့်၊ အားလျှော့အညံ့ခံမည့် အငွေ့အသက်လုံးဝမမြင်ရချေ။

သူရ သက်ပြင်းတစ်ချက် ရှိုက်လိုက်ပြီး နောက်သို့ ခြေသုံးလှမ်းခန့် ဆုတ်၍ ဝဏ္ဏကို ဦးညွှတ်လိုက်သည်။ ထို့နောက် သူ့ခါးမှ ဓားကို ဆွဲထုတ်လိုက်ကာ ဝဏ္ဏ၏ ရင်ဝသို့ တစ်ချက်တည်း ထိုးစိုက်ချလိုက်လေတော့၏။

ဝဏ္ဏ၏ ခေါင်းသည် အောက်သို့ စိုက်ကျသွားသည်။ သို့သော် သူ့လက်ထဲမှ ဓားကို တင်းကျပ်စွာဆုပ်ကိုင်ထားဆဲဖြစ်သလို သူ့ခြေထောက်များမှာလည်း ခွေညွှတ်ကျသွားခြင်း မရှိဘဲ မားမားမတ်မတ်ရပ်ကာ တောင်ကြားလမ်းဝအား ဆက်လက်ကာကွယ်နေမြဲပင်။

www.burmeseclassic.com

www.burmeseclassic.com



ဝတ္ထု၏ ထိုအဖြစ်အား စေ့စေ့ကြည့်ကာ …

သူရှုနှုတ်မှ လိုက်လှဲစွာ စကားတစ်ခွန်း တိုးတိုး ရေရွတ်လိုက်မိလေ၏။

တိုးတိတ်သော်လည်း အားလုံးကြားလိုက်ရသော ထိုစကားသည်ကား …

'သူ့ရဲကောင်း'

'အင်းဝသူ့ရဲကောင်း' ဟူ၍ပင်။

♦ ♦ ♦

www.burmeseclassic.com